မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၇၃)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်၊ ကြာသပတေးနေ့။

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

အားကစားသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာမြင့်မားမှုကို ဖော်ပြသည့် နည်းလမ်းကောင်းတစ်ခုဖြစ်

နေပြည်တော် ဒီဇင်ဘာ ၁၁

မြန်မာနိုင်ငံက သုံးကြိမ်မြောက်ကျင်းပခွင့်ရရှိသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းတွင် ယနေ့ညနေပိုင်းက စည်ကားသိုက်မြိုက်စွာ ဆင်နွှဲကျင်းပခဲ့သည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✳

မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံနိုင်ငံများအကြား အားကစားဖြင့် ချစ်ကြည်ရေးကို တိုးမြှင့်ခိုင်မာစေရန် ဆိုသည့် ရည်ရွယ်ချက်ဖြင့် စိမ်းလန်းသန့်ရှင်းချစ်ကြည်ခြင်း "Green Clean & Friendship" ဟူသည့်ဆောင်ပုဒ်ကိုချမှတ်ပြီး ပြိုင်ပွဲကြီးကို လက်ခံကျင်းပခဲ့ခြင်းဖြစ် ။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အားကျစရာ ဂုဏ်ယူပါ

လောက၌ ကောင်းသောအလုပ်တို့တွင် စံပြုထိုက်သူများသည် ဂုဏ်ယူအားကျစရာပင်ဖြစ်၏။ စံပြလုပ်သားကောင်းသည် အလုပ်သမားထုအတွက် ဂုဏ်ယူစရာပင်ဖြစ်၏။ ပညာရှိအကျော်အမော်တို့သည် ပညာရှာလောကသားများအတွက် ဂုဏ်ယူစရာဖြစ်၏။ အားကျစရာဖြစ်၏။ သိပ္ပံပညာရှင်တို့သည် တီထွင်ဖန်တီးသူများအတွက် ဂုဏ်ယူအားကျစရာပင်ဖြစ်၏။

ပြိုင်ပွဲတွင်ဆုတံဆိပ်များစွာ ဆွတ်ခူးနိုင်သော အားကစားသမားသည် အားကစားသမားတို့အတွက် ဂုဏ်ယူဖွယ်ရာပင်ဖြစ်၏။ စံပြုထိုက်သူအားကစားသမားများသည် အတုယူ အားကျဖွယ်ရာပင်ဖြစ်၏။ စံနမူနာပြ အောင်မြင်သူများကို အားကျအတုယူခြင်းသည် အရှုံးအနိမ့်မဖြစ်ပေ။ ထိုတိုးတက်အောင်မြင်သူကဲ့သို့ တိုးတက်ရန် သာရှိ၏။ ယနေ့တိုးတက်နေသောအရာများသည် ရှေးရှေးက ပညာရှိတို့၏ တီထွင်ကြိုးစားမှုအပေါ် တုပလုပ်ကိုင်လာကြ၍လည်းကောင်း၊ တီထွင်ကြံဆလုပ်ကိုင်ကြ၍ လည်းကောင်း တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်သောခေတ်ကြီးသို့ ရောက်ရှိလာခြင်းဖြစ်သည်။

တက္ကသိုလ်ဝင်တန်းတွင် ခြောက်ဘာသာဂုဏ်ထူးထွက်သော ကျောင်းသူတစ်ဦးကိုအားကျပြီး ကြိုးစားအားထုတ်ကြ၍ ထိုကျောင်းသူကဲ့သို့ ဂုဏ်ထူးထွက်သူ အများအပြားရှိလာခဲ့သည်။ ချမ်းသာသောသူဌေးများကို အားကျပြီး အလုပ်ကြိုးစားလုပ်သူတို့ သူဌေးများ ဖြစ်လာကြသည်။ အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် သမ္မတမဖြစ်မီက တောင်အာဖရိကသမ္မတဟောင်း နယ်လ်ဆင်မင်ဒဲလားကို အားကျခဲ့ကြောင်း မကြာမီက ထုတ်ဖော်ပြောကြားခဲ့လေသည်။

သို့ရာတွင် အချို့သောသူများသည် တစ်ပါးသူအပေါ် အထင်မကြီးတတ်၊ လောက၌ ငါသိငါတတ်ဆိုသူများသာများ၏။ သူတစ်ပါးကိုဆရာတင်ရန် အလွန်ဝန်လေးတတ်ကြ၏။ လေးစားအတုယူဖွယ်ကောင်းသူများ၏ အမူအကျင့်တို့ကို အတုယူအားကျခြင်းမရှိလျှင် မိမိသည်လည်း မည်သည့်အခါမျှ အထင်ကြီးခံရလိမ့်မည်မဟုတ်ပေ။ တစ်နည်းဆိုလျှင် စံပြုထိုက်သူများကို စံပြုအတုယူနိုင်စွမ်းမရှိချေက မိမိသည်လည်း မည်သည့်အခါမျှ စံပြပုဂ္ဂိုလ်တစ်ဦးဖြစ်လာလိမ့်မည်မဟုတ်ချေ။ ဂုဏ်ယူအားကျထိုက်သူများကို အားကျလုပ်ကိုင်နိုင်မှသာလျှင် မိမိသည်လည်း တစ်နေ့ ဂုဏ်ယူအားကျခံရသူဖြစ်လာနိုင်သည်။ ဆုတံဆိပ်များစွာ ဆွတ်ခူးနိုင်သည့် အားကစားသမားများကို ဂုဏ်ယူအားကျခြင်းဖြင့် အားကစားထူးချွန်သူဖြစ်လာနိုင်သည်။ လောက၌ စံနမူနာပြထူးချွန်သူများအား ဂုဏ်ယူအားကျ၍ လုပ်ကိုင်ကြခြင်းဖြင့် တိုးတက်သောဘဝတစ်ခုကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

အာဆီယံဒေသတွင်း ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရေး လုပ်ငန်းစီမံချက်ပါ လုပ်ငန်းကော်မတီတို့နှင့် (၁၄)ကြိမ်မြောက် လုပ်ငန်းဆိုင်ရာ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၁၁

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်၍ အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC) ၂၀၁၅ ပြည့်မီအောင်မြင်ရေးနှင့် ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန် အောင်မြင်စွာထမ်းဆောင်နိုင်ရေးအတွက် အာဆီယံဒေသတွင်းထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရေးလုပ်ငန်းစီမံချက်ပါ လုပ်ငန်းကော်မတီတို့နှင့် (၁၄)ကြိမ်မြောက် လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှာ စတင်ထမ်းဆောင်ရတော့မည်ဖြစ်၍ ရက်ပေါင်း ၂၀ ရက်သာ ကျန်တော့သည့်အတွက် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်မှုများကို အသေးစိတ် ညှိနှိုင်းကြရန်ဖြစ်ပါကြောင်း၊ ပြင်ဆင်မှုများပြုလုပ်ရာတွင် လုပ်ငန်းကော်မတီအချင်းချင်း ညှိနှိုင်းရန်နှင့် လမ်းညွှန်မှုခံယူရန် လိုအပ်သည့်ကိစ္စရပ်များကို အဓိကတင်ပြဆွေးနွေးကြရန်ဖြစ်ကြောင်း။

၂၀၁၄ ခုနှစ်အတွင်း အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ ဒုတိယဝန်ကြီးအဆင့် အာဆီယံပေါင်းစပ်ဆက်နွယ်ရေး အမျိုးသားညှိနှိုင်းရေးမှူးများ အစည်းအဝေး၊ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများအစည်းအဝေးတို့တွင် အစည်းအဝေး Chair တာဝန်ယူရမည်ဖြစ်၍ အားလုံးအဆင်သင့်ဖြစ်ရန်နှင့် ပုဂ္ဂလိကကဏ္ဍတွင် စနစ်တကျ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း။

အထူးသဖြင့် Chair လုပ်ရသည့် အစည်းအဝေးများတွင် အာဆီယံတစ်ခုလုံးကို ဦးဆောင်ဆွေးနွေးရမည်ဖြစ်၍ ဘာသာရပ် နယ်ပယ်အလိုက် အာဆီယံတစ်ခုလုံး၏ အနေအထား၊ အဖွဲ့ဝင်တစ်နိုင်ငံချင်းစီ၏ အနေအထား၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ၏ အာဆီယံအပေါ် အကျိုးသက်ရောက်မှု အနေအထား၊ မြန်မာနိုင်ငံ၏အနေအထားတို့ကို အာဆီယံစီးပွားရေးဝန်ကြီးအနေဖြင့် သိရှိထားရန်လိုအပ်ပါ၍ အကြောင်းကြား အသိပေးရန်ဖြစ်ကြောင်း၊ လက်မှတ်ရေးထိုးရမည့် စာချုပ်စာတမ်းများရှိပါက အချိန်မီ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် မိမိတာဝန်ကို အကောင်းဆုံးကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

ဆွေးနွေး

ထို့နောက် တက်ရောက်လာသော လုပ်ငန်းကော်မတီအသီးသီးမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် ဘာသာရပ်ဆိုင်ရာဌာနများမှ AEC Buleprint အရ မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို မိမိတို့ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများ၊ တိုးတက်ဖြစ်ပေါ်မှုများနှင့် ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌ တာဝန်ယူရာတွင် မိမိတို့သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် တာဝန်ယူဆောင်ရွက်ရမည့် ပြင်ဆင်ထားရှိမှုများကို ဆွေးနွေးတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ ဝိနယသီသစာမေးပွဲကြီး ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၁

ကြည့်မြင်တိုင်မြို့နယ် သံဃနာယကအဖွဲ့က ဦးဆောင်၍ နဝမအကြိမ်မြောက် ဝိနယသီသစာမေးပွဲ ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းဝေးကို ဒီဇင်ဘာ ၇ ရက် မွန်းလွဲပိုင်းက သာဓုကျောင်းတိုက်အတွင်းရှိ ဆရာတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် သာဓုကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဥဂ္ဂံသက အဖွင့်ဩဝါဒကထာ ချီးမြှင့်ပေးတော်မူသည်။

ဖွဲ့စည်း

ထို့နောက် လုပ်ငန်းကော်မတီအဖြစ် ဥက္ကဋ္ဌ ဦးညွန့်ဌေး (ကြာငါးခိုင်သက်န်းတိုက်)၊ အတွင်းရေးမှူးအဖြစ် ဦးမြင့်ကြည် (အောင်သိန်းသစ်ဆိုင်)တို့ ဦးဆောင်သော အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

စာမေးပွဲကို တပို့တွဲလပြည့်ကျော် ၁ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မူလတန်း၊ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ လေးဆင့်ခွဲခြားဖြေဆိုရမည်ဖြစ်ကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ကလေးမြို့နယ်လုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲ ဆုများရွေးချယ်

ကလေး ဒီဇင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်လုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲကို ကျောက်ဂူ ရေထွက်တောရတွင် အမြိုက်တရားခေါင်းစဉ်ဖြင့် ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်သူဦးရေ ၂၅ ဦး၊ တစ်ဦးလျှင်သုံးပုံနှုန်းဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံ ၇၅ ပုံဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆုများရွေးချယ် သတ်မှတ်နိုင်ရန်အတွက် ကလေးမြို့နယ်အတွင်းရှိ ပန်းချီပညာရှင်ပန်းချီအောင်မှူး၊ မြန်မာ့ခေတ်သတင်းအေဂျင်စီမှ သတင်းထောက်ဦးကျော်သူစိုး၊ ကဗျာဆရာ ကိုဇော်(ကလေး)နှင့်ဓာတ်ပုံပြိုင်ပွဲကို စပွန်ဆာပေးသူ သပြေညိုဆေးခန်းမိသားစုတို့က အကောင်းဆုံးဓာတ်ပုံဆုများကို ရွေးချယ်ပေးခဲ့ကြသည်။

အကောင်းဆုံးဓာတ်ပုံဆု ခြောက်ဆုမှ ပထမဆုကို ငွေကျပ် သုံးသိန်း၊ ဒုတိယဆုကိုငွေကျပ်နှစ်သိန်း၊ တတိယဆုကို ငွေကျပ် တစ်သိန်း၊ နှစ်သိမ့်ဆုများကို ငွေကျပ် ငါးသောင်း စီအဖြစ် ဒီဇင်ဘာ ၁၇ ရက်တွင် ကျောက်ဂူရေထွက်တောရ၌ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သျှင်နေမင်း

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဒုတိယဝန်ကြီးချုပ် မဒမ်လျိုယန်တုန်နှင့်အဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဒေါက်တာဖေသက်ခင်၊ ဦးအေးမြင့်ကြူနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်နိုင်ငံတော် ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့်အတူ ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးတို့ တက်ရောက်ကြသည်။

ခင်မင်ရင်းနှီးစွာဆွေးနွေး

တွေ့ဆုံစဉ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၏ နမူနာကောင်းတစ်ခုဖြစ်မှုနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ဒုတိယဝန်ကြီးချုပ် မဒမ်လျိုယန်တုန်အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်တို့တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၁

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်နှင့်အဖွဲ့တို့သည် ယနေ့ ညနေ ၃နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ တွေ့ဆုံကြသည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်တို့ တွေ့ဆုံဆွေးနွေးစဉ်။

(သတင်းစဉ်)

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်၊ ဦးသိန်းဇော်၊ ဦးသိန်းဆွေ၊ ဦးလှမြင့်ဦး၊ ဦးစိုးနိုင်၊ ဦးသူရိန်ဇော်၊ ကော်မတီအတွင်းရေးမှူး ဦးစောလှထွန်း၊ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအတွေ့အကြုံများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

(သတင်းစဉ်)

မူလတန်းအဆင့် သင်ရိုးညွှန်းတမ်းပြုပြင်ရေးဆွဲရေး စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၁

ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်သည် ဒီဇင်ဘာ ၁၀ ရက် ညနေ ၃ နာရီတွင် ပညာရေးဝန်ကြီးဌာနဝန်ကြီးရုံး ဧည့်ခန်းမ၌ JICA Myanmar Office မှ အခြေခံပညာရေးတိုးတက်မှုအတွက် အကြံပေး ပုဂ္ဂိုလ် Dr. Hiromitsu MUTA နှင့်အဖွဲ့အား လက်ခံတွေ့ဆုံသည်။

ဆွေးနွေးမှုကြား

ထိုသို့ တွေ့ဆုံရာတွင် ပညာရေးစနစ်ပြုပြင်ပြောင်းလဲရာတွင် လိုအပ်မည့် ဆရာများနှင့် ဘတ်ဂျက်တွက်ချက်ရေး၊ အခြေခံပညာမူလတန်းအဆင့် သင်ရိုးညွှန်းတမ်းပြုပြင်ရေးဆွဲရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ရန် လက်မှတ်ရေးထိုးရေး၊ တောင်ငူပညာရေးကောလိပ် အသစ်ဆောက်လုပ်မည့် စီမံကိန်းဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးနှင့် ဆရာအတတ်ပညာဌာနများ အဆင့်မြှင့်တင်ရေးကိစ္စများကို ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်မောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆီးဂိမ်းအမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ မြန်မာက အင်ဒိုကို ပွဲဦးထွက်အနိုင်ရ

နေပြည်တော် ဒီဇင်ဘာ ၁၁

မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်နေသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားပေးမှုအများဆုံးနှင့် လူကြိုက်များသော ပိုက်ကျော်ခြင်း (SEPAK TAKRAW) အားကစားပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ကျင်းပသည်။

ယနေ့ပွဲစဉ်တွင် သုံးယောက်တွဲအသင်း (REGU TEAM) ပွဲစဉ်များဖြစ်ပြီး ပြိုင်ပွဲ၌ အမျိုးသမီးအသင်းတွင် အိမ်ရှင်မြန်မာနှင့်အင်ဒိုနီးရှား၊ ထိုင်းနှင့်မလေးရှား၊ အမျိုးသားအသင်းတွင် အိမ်ရှင်မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲသည် သုံးယောက်တစ်တွဲနှင့်သုံးတွဲကစားရပြီး မလေးရှားနှင့် ထိုင်းအမျိုးသမီးအသင်းတွင် ထိုင်းအသင်းက မလေးရှားအသင်းကို သုံးတွဲစလုံးတွင် အနိုင်ရရှိသွားသည်။

ထို့နောက် အမျိုးသမီးအသင်းတွင် အင်ဒိုနီးရှားအသင်းနှင့် အိမ်ရှင်မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အိမ်ရှင်မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကို သုံးတွဲကစားရာတွင် နှစ်တွဲဖြင့် နောက်ဆုံးအနိုင်ရရှိသွားသည်။

အမျိုးသားအသင်းတွင် အင်ဒိုနီးရှားအသင်းက အိမ်ရှင်မြန်မာအသင်းကို သုံးတွဲကစားရာ နှစ်တွဲဖြင့် နောက်ဆုံးအနိုင်ရရှိသွားသည်။

ယနေ့ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအသင်းနှင့် အင်ဒိုနီးရှားအမျိုးသမီးနှင့် အမျိုးသားနှစ်သင်းစလုံး အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြပြီး ပရိသတ်တို့သည်လည်း တစ်ခဲနက်အားပေးကြသည်ကိုတွေ့ရသည်။

အင်ဒိုနီးရှားနှစ်သင်းစလုံးသည် ပိုက်ကျော်ခြင်းတွင် အဆင့်ရှိသော်လည်း ယနေ့အိမ်ရှင်မြန်မာအသင်းအနေဖြင့် ကြိုးကြိုးစားစားကစားခဲ့ရသည်ကို တွေ့ရသည်။

ဒီဇင်ဘာ ၁၂ ရက် အမျိုးသားပွဲစဉ်များတွင် မလေးရှားနှင့်ထိုင်း၊ မလေးရှားနှင့်အိမ်ရှင်မြန်မာ၊ အင်ဒိုနီးရှားနှင့် ထိုင်းအသင်းတို့ဖြစ်ပြီး အမျိုးသမီးပွဲစဉ်များတွင် မလေးရှားနှင့်မြန်မာ၊ အင်ဒိုနီးရှားနှင့်ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆိုင်ကလုန်းမုန်တိုင်း မဒီ မုန်တိုင်းငယ်အဖြစ်ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၁

ယနေ့မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "မဒီ" (Madi) သည် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ပြီး အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့-အရှေ့မြောက်ဘက် မိုင် ၁၇၀ ခန့်၊ မာချီလီပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၂၂၀ ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် မိုင် ၆၅၀ ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အဆိုပါ မုန်တိုင်းငယ်သည် အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မိုး/ဇလ)

နိုင်ငံတကာသတင်း

ရုရှားက ဆီးရီးယား၏ ဓာတုလက်နက်များဖျက်ဆီးရန် နားလည်မှုရရှိထား

မော်စကို ဒီဇင်ဘာ ၁၁

ဆီးရီးယား၏ ဓာတုလက်နက် အစုအပုံကို အန္တရာယ်ကင်းစွာ ဖျက်ဆီးနိုင်ရန်အတွက် နားလည်မှု ကျယ်ပြန့်စွာရရှိထားသည်ဟု ရုရှား ဒုတိယနိုင်ငံခြားရေးဝန်ကြီး မီခေးလ် ဘော့ဒါနော့ဗ်က ဒီဇင်ဘာ ၉ ရက်တွင် ပြောကြားခဲ့သည်။ အယ်လ်ဘေးနီးယားနှင့် အခြား ဥရောပနိုင်ငံများက ဆီးရီးယား မြေပေါ်တွင် ယင်း၏ဓာတုလက်နက်များကို ဖျက်ဆီးရန် ငြင်းဆိုခဲ့ပြီးနောက် ပင်လယ်တွင်း၌ ဖျက်ဆီးရန် အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဓာတုပစ္စည်းများကို အထူးသင်္ဘောဖြင့် သယ်ယူဆောင်ရွက်ရန်အတွက် ရုရှားက အမေရိကန်၏အကူအညီကို လိုလားလျက်ရှိသည်။ ဆီးရီးယား၏လက်တာကီယာဆိပ်ကမ်းသို့ ဓာတုလက်နက်များ သယ်ယူပို့ဆောင်ခြင်းကို အကြမ်းဖက်သမားများနှင့် အစွန်းရောက်ဝါဒီများက အဟန့်အတား မပြုလုပ်ရန် ဒုတိယဝန်ကြီးက သတိပေးခဲ့သည်။ **(ဆင်ဟွာ)**

တရုတ်လဆင်းယာဉ် လနှင့်နီးကပ်လာ

ပေကျင်း ဒီဇင်ဘာ ၁၁

တရုတ်၏ လဆင်းယာဉ်ချန်ဂီ-၃ သည် ဒီဇင်ဘာ ၁၀ ရက်ညပိုင်းတွင် လနှင့်ပို၍ နီးကပ်သောဂြိုဟ်ပတ်လမ်းအတွင်းသို့ ဝင်ရောက်လာခဲ့သည်။

ပေကျင်းအာကာသထိန်းချုပ်ရေးဌာန၏ ညွှန်ကြားချက်အရ လဆင်းယာဉ်သည် လမျက်နှာပြင်မှ ၁၅ ကီလိုမီတာ အကွာအဝေးရှိသော ဘဲဥပုံ ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းသို့ ၁၀၀ ကီလိုမီတာအမြင့်တွင်ရှိသော ပတ်လမ်းမှဆင်းသက်ခဲ့သည်ဟု အမျိုးသားကာကွယ်ရေးသိပ္ပံနည်းပညာနှင့် စက်မှုလုပ်ငန်းကွပ်ကဲရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

ဂြိုဟ်ပတ်လမ်းကြောင်းပြောင်းလဲမှုကို ဒီဇင်ဘာ ၁၀ ရက် ည ၉ နာရီ မိနစ် ၂၀ က လ၏အမှောင်ဘက်အခြမ်းတွင် ပြုလုပ်ခဲ့ပြီးနောက် ၄ မိနစ်အကြာတွင် လဆင်းယာဉ်သည် ဂြိုဟ်ပတ်လမ်းကြောင်း အတွင်းသို့ ရောက်ရှိသွားကြောင်း အတည်ပြုခဲ့သည်။ **(ဆင်ဟွာ)**

ရုရှားနိုင်ငံပိုင် သတင်းအေဂျင်စီ အာရ်အိုင်အေနိုဗော့စတီနှင့် ရေဒီယိုတို့ကို ပိတ်သိမ်းကြောင်း သမ္မတပူတင် ကြေညာ

မော်စကို ဒီဇင်ဘာ ၁၁

ရုရှားနိုင်ငံပိုင် သတင်းအေဂျင်စီ RIA Novosti ကို ရုရှားသမ္မတ ဗလာဒီမာပူတင်က ဖျက်သိမ်းလိုက်သည်။

၎င်းသတင်းအေဂျင်စီကို ဖျက်သိမ်းလိုက်ကြောင်း ဒီဇင်ဘာ ၉ ရက်က ကရင်မလင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

၎င်းသတင်းအေဂျင်စီကို Russia Today နှင့် အစားထိုးမည်ဟု သမ္မတပူတင်က ကြေညာခဲ့သည်။

၎င်းသတင်း အေဂျင်စီကို သတင်းထောက်နှင့် ကရင်မလင်ထောက်ခံသူ ဒီမစ်ထရီကိစ်လက်က ဦးဆောင်မည်ဟုဆိုသည်။

နိုင်ငံပိုင် ရေဒီယိုသတင်းဌာန Voice of Russia ကိုလည်း ပိတ်လိုက်သည်။ **(ဆင်ဟွာ)**

ယူကရိန်းသမ္မတက နိုင်ငံရေးအကျပ်အတည်းများ ဖြေရှင်းရန် စေ့စပ်ဆွေးနွေး

ကိယက်ဗ် ဒီဇင်ဘာ ၁၁

ဥရောပကိုလိုလားသော ဆန္ဒပြသူများသည် မြို့တော်ကို ဆက်လက်ဖိအားပေးလျက်ရှိရာ နိုင်ငံရေးအကျပ်အတည်းကို ဖြေရှင်းရန် ယူကရိန်းသမ္မတ ဗစ်တာယာနူကိုဗစ်ချ်သည် ဒီဇင်ဘာ ၁၀ရက်က အနောက်တိုင်းသံတမန်များ၊ လူထုခေါင်းဆောင်များနှင့် ဆွေးနွေးပွဲကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးတွင် သမ္မတဟောင်းသုံးဦးဖြစ်သော လီယွန်နစ်ကရာချက်၊ လီယွန်နစ်ကုချ်မာနှင့် ဗစ်တာယက်ဗ်ချင်ကိုတို့နှင့် ဆွေးနွေးစဉ်အတွင်း ယာနူကိုဗစ်ချ်က ယူကရိန်းနိုင်ငံကို ဥရောပနှင့်ပေါင်းစည်းရေးအတွက် ပိုမိုကြိုးပမ်းအားထုတ်သွားရန် ကတိပေးခဲ့သည်။

ယူကရိန်းသည် လက်ရှိကုန်သွယ်ရေးနှင့်စီးပွားရေးအခြေအနေများတွင် ဘဏ္ဍာရေးနှင့်ဆိုင်သော နစ်နာမှုများကိုရှောင်ရှားရန် ဥရောပသမဂ္ဂနှင့်မိတ်ဖက်စာချုပ်များကိုစွက်ကို ရွှေ့ဆိုင်းရမည်ဟု ယာနူကိုဗစ်ချ်က ပြောကြားခဲ့ဖူးသည်။

၂၀၁၄ ခုနှစ် မတ်လတွင် ကျင်းပမည့် အရှေ့တိုင်းမိတ်ဖက်ထိပ်သီးအစည်းအဝေးမတိုင်မီ ယူကရိန်း၏ ဥရောပနှင့်ပေါင်းစည်းရေးတွင် စီးပွားရေးဆိုင်ရာ စွန့်စားရမှုများကို နည်းပါးစေရေးအတွက် လုပ်ဆောင်ရလိမ့်မည်ဟု သမ္မတက သန္နိဋ္ဌာန်ချထားခဲ့သည်။ **(ဆင်ဟွာ)**

အီရန်ကို ဖိနှိပ်ချုပ်ချယ်ထားသော အရေးယူမှုများအားဖယ်ရှားရေး တောင်းဆို

တီဟီရန် ဒီဇင်ဘာ ၁၁

အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် မာဇစ်အက်ခန်းက အီရန်အပေါ် ချမှတ်ထားသော ပိတ်ဆို့မှုများသည် ဖိနှိပ်မှုများရှိသည့်အတွက် ဖယ်ရှားပေးသင့်ကြောင်း ဒီဇင်ဘာ ၁၀ ရက်က ပြောကြားခဲ့သည်။

နိုဝင်ဘာ ၂၄ ရက်က ဂျီနီဗာတွင်ရရှိခဲ့သော ကြားဖြတ်သဘောတူညီချက်အရ ဘက်စုံစာချုပ်သည် အီရန်အပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီကချမှတ်ထားသော ပိတ်ဆို့အရေးယူမှုများနှင့် အခြားအမျိုးမျိုးသော ပိတ်ဆို့မှုများအပါအဝင် အရေးယူမှုအားလုံးကို ဖယ်ရှားသွားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အီရန်ကိုအရေးယူထားသော ပိတ်ဆို့မှုအသစ်များပြဋ္ဌာန်းခြင်းနှင့် ပတ်သက်၍ အမေရိကန်လွှတ်တော်အမတ်များက စိတ်ဓာတ်ရေးရာထိုးနှက်ချက်ဟု မှတ်ချက်ပြုခဲ့ကြကြောင်း အီရန်ပြောရေးဆိုခွင့်ရှိသူက ထောက်ပြခဲ့သည်။

ဂျီနီဗာသဘောတူညီချက်အရ အမေရိကန်နှင့်မဟာမိတ်များသည် ခြောက်လတာကာလ ချုပ်ကိုင်ထားသဘောတူညီချက်အတွက် အမေရိကန် ဒေါ်လာ ခုနစ်ဘီလီယံတန်ဖိုးရှိသော ရေနံ၊ ရွှေ၊ ရေနံထွက်ပစ္စည်း၊ မော်တော်ယာဉ်စက်မှုလုပ်ငန်းများနှင့် အရပ်ဘက်လေကြောင်း ပို့ဆောင်ရေး ကိစ္စရပ်များတွင် အီရန်အတွက် သက်သာခွင့်ရရှိစေရန် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ **(ဆင်ဟွာ)**

ခရိုအေးရှား၊ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနားတို့ လူ့ခန္ဓာကိုယ်အစိတ်အပိုင်း အစားထိုးခြင်းဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုး

ဆာရာယေဗို ဒီဇင်ဘာ ၁၁

ဘော့စနီးယားနှင့်ဟာဇီဂိုဗီးနားနိုင်ငံသည် လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများ အစားထိုးခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် ခရိုအေးရှားနှင့်သဘောတူညီချက်ကို ဒီဇင်ဘာ ၉ ရက်က လက်မှတ်ရေးထိုးခဲ့ကြသည်။

ဘော့စနီးယားနှင့်ဟာဇီဂိုဗီးနားကျန်းမာရေးဝန်ကြီး ရက်စပီယာမိစီဟိုဗစ်က သဘောတူညီချက်သည် အရည်အသွေး ပြည့်ဝသော ကုသမှုဖြင့် ပြည်သူများကို အကျိုးရှိစေမှာဖြစ်ကြောင်းနှင့်လူ့အသက်တစ်ချောင်းကို ကယ်တင်လိုက်နိုင်လျှင် အကျိုးရှိလှပြီဖြစ်ကြောင်းပြောကြားခဲ့သည်။

ယခုသဘောတူညီချက်သည် လွန်ခဲ့သော နှစ်နှစ်က နှစ်နိုင်ငံလက်မှတ်ရေးထိုးရန် သဘောတူညီခဲ့သော စာချုပ်ဖြစ်ပြီး နောက်နှစ်နှစ်သက်တမ်းအတွက်ဖြစ်သည်။

ခရိုအေးရှားမှ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများ အစားထိုးခြင်းဆိုင်ရာ ခွဲစိတ်မှုနည်းပညာရပ်များကို သင်ယူရန် ဘော့စနီးယားနှင့်ဟာဇီဂိုဗီးနားနိုင်ငံက မျှော်လင့်နေကြောင်း သိရသည်။

ခရိုအေးရှားသည် ကမ္ဘာပေါ်တွင် ကျောက်ကပ်နှင့်အသည်းအစားထိုးကုသရာ၌ ထိပ်တန်းနိုင်ငံဖြစ်သည်။ **(ဆင်ဟွာ)**

တောင်ငူမြို့နယ်၌ အဆင့်မြင့်လယ်စိုက်ကွင်းများနှင့် ခေတ်မီသိုလှောင်ရုံနှင့် အခြောက်ခံစက်များ တည်ဆောက်

ရန်ကုန် ဒီဇင်ဘာ ၁၁

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယမန်နေ့မွန်းလွဲ ၂ နာရီက တောင်ငူမြို့နယ်ရှိ ခပေါင်းဆည်ရေသောက် တောင်သူပညာပေးကြဲစိုက်ကွင်း၊ နေပြည်တော်-ရန်ကုန် အမြန်လမ်းမကြီး မိုင်တိုင်(၁၄၃)အနီး အုတ်တွင်းမြို့နယ်ရှိ ဧက ၄၀၀ လယ်မြေများ၌ စက်မှုလယ်ယာဧကကွက်များ ဖော်ထုတ်နေမှုများ၊ ကုန်ထုတ်လမ်း၊ ပင်မမြောင်းနှင့် ရေသွင်း ရေထုတ်မြောင်းများတူးဖော်နေမှုကို ကြည့်ရှု၍ လယ်သမားများအတွက် အမှန်တကယ်ဖွံ့ဖြိုးတိုးတက်စေမည့် စက်မှုလယ်ယာမြေစနစ်ပြုပြင်ပြောင်းလဲခြင်းလုပ်ငန်းများကို ပညာရှင်များ၊ ဝန်ထမ်းများအနေဖြင့် ကြိုးပမ်းလုပ်ဆောင်ကြရန်မှာကြားသည်။

ထို့နောက် ဖြူးချောင်းဆည်ရေသောက် ဘက်စုံသီးနှံဧက ၂၀၀၀ စိုက်ကွင်းအတွင်းရှိ ခေတ်မီအဆင့်မြင့်သိုလှောင်ရုံ ငါးလုံးတည်ဆောက်ပြီးစီးနေမှုနှင့်ဝန်ချီစက်များ၊ ကွန်ဗေယာများ တပ်ဆင်ရန်ဆောင်ရွက်နေမှု၊ တည်ဆောက်ပြီးစီးနေသော အခြောက်ခံစက်အဆောက်အအုံနှင့် ခေတ်မီ Dryer စက်ပစ္စည်းအစိတ်အပိုင်းများ၊ ကွန်ဗေယာများ၊ မိုးစပါးသီးနှံရိတ်သိမ်းပြီးစပါးပုံကြီးများ၊ စိုက်ကွင်းအတွင်းတပ်ဆင်လျက်ရှိသော အခြေခံစက်ပစ္စည်းဆိုင်ရာအဆောက်အအုံများနှင့်စက်ကိရိယာအပိုပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး **(အောက်ဝဲပုံ)** ပဲခူးတိုင်းဒေသကြီးသည် လူဦးရေအများဆုံးနေထိုင်သော တိုင်းဒေသကြီးတစ်ခု အနေဖြင့်သော်လည်းကောင်း၊ နေပြည်တော်နှင့်ရန်ကုန်ကြားရှိ အချက်အချာကျသော တိုင်းဒေသကြီးအနေဖြင့်သော်လည်းကောင်း၊ အခြေခံ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ယခုကဲ့သို့ စံပြအနေဖြင့် လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး အစိုးရတို့ နီးကပ်စွာပူးပေါင်းပြီး အားပေးကူညီခြင်းဖြင့် အကောင်အထည်ဖော်နေမှုမှာ အလွန်အားရဖွယ်ဖြစ်ကြောင်း။

လယ်ယာကဏ္ဍသည် တစ်ရာသီပြီးတိုင်း တစ်ရာသီ အခြေခံစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအတွက် ဝင်ငွေတိုးတက်ရရှိမည့် အပြင် အဆင့်မြင့်စက်ကိရိယာများအသုံးချနိုင်ခြင်းအားဖြင့် သီးနှံထုတ်လုပ်မှုကို ပိုမိုတိုးတက်စေမည်သာမက အရည်အသွေးအားဖြင့် နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ပြီး ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းရှင်များ ထိုက်ထိုက်တန်တန် အကျိုးအမြတ်ရရှိမည်ဖြစ်ကြောင်း၊ ယခုလို အောင်မြင်မှုကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံကအာရှဆင်ဒုတိယအများဆုံးနိုင်ငံဖြစ် ဆီးဂိမ်းလာ ပြည်တွင်း၊ ပြည်ပဧည့်သည်များ လေ့လာနိုင်

နေပြည်တော် ဒီဇင်ဘာ ၁၁

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပနေချိန်တွင် မြန်မာနိုင်ငံသို့ ပြည်ပမှ ဧည့်သည်များလာရောက်ချိန်တွင် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးဖြည့်ဆည်းသည့်အနေဖြင့် ကမ္ဘာပေါ်တွင် အာရှဆင်များ မြန်မာနိုင်ငံတွင် ဒုတိယအများဆုံးဖြစ်ကြောင်း သိရှိစေရန် ထူးဖောင်ဒေးရှင်းနှင့် ပြင်သစ်နိုင်ငံအခြေစိုက် Composs Flim တို့ ပူးပေါင်းပြီး မြန်မာ The Elephant Power, Life Size Memory ရုပ်ရှင်မှတ်တမ်းများကို ဓာတ်ပုံဘုတ်များဖြင့် တိရစ္ဆာန်ဥယျာဉ်နှင့် ဆာဖာရီ (နေပြည်တော်)တို့တွင် ဒီဇင်ဘာ ၉ ရက်မှစတင် ခင်းကျင်းပြသထားကြောင်း သိရသည်။ **(ယာပုံ)**

"ယခုကဲ့သို့ ဓာတ်ပုံကြီးများကို ခင်းကျင်းပြသခြင်းကြောင့် ပြည်တွင်း၊ ပြည်ပဧည့်သည်များအနေဖြင့် ဆင်များ၏ သဘာဝကို လေ့လာထိတွေ့နိုင်စေရန်၊ ဆင်များနှင့် လူသားတို့ ဆက်နွယ်မှုများသိရှိစေရန်၊ မြန်မာနိုင်ငံသည် အာရှတွင်သာမက ကမ္ဘာပေါ်တွင် ဒုတိယအများဆုံး အာရှဆင်များ ပိုင်ဆိုင်သည့်နိုင်ငံဖြစ်ကြောင်း သိရှိစေရန်၊ တစ်ဖက်ကလည်း ပိုင်ဆိုင်ထားသည့် အာရှမျိုးဆင်များကို ယခုထက်ပိုမိုမျိုးပွား တိုးတက်လာစေရန်၊ ရေရှည်တည်တံ့ နိုင်ရေးအတွက် ပြည်သူများ ပိုမိုသိရှိပြီး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများကို ပါဝင်ဆောင်ရွက်လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆီးဂိမ်းကာလအတွင်း ထူးဖောင်ဒေးရှင်းနဲ့ ပြင်သစ်အခြေစိုက် Composs Film တို့ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း" တိရစ္ဆာန်ဥယျာဉ် အုပ်ချုပ်ရေးမှူးက ရှင်းပြသည်။ မြန်မာနိုင်ငံအပါအဝင် အိန္ဒိယနှင့်ထိုင်းနိုင်ငံတို့သည် ဆင်များကို ရတနာတစ်ပါးလို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် အာရှဆင်ပေါင်း ၅၀၀၀ကျော်ခန့်ရှိပြီး ကမ္ဘာပေါ်တွင်အာရှဆင် ဒုတိယအများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။

ပြည်တွင်းသတင်း

ယူရိုပါလိဂ်အုပ်စု ပွဲစဉ်-၆ ဒီဇင်ဘာ ၁၂

ဗလင်စီယာ	-	ကူဘန်	နံနက် ၀၀း၃၀
စိန့်ဂယ်လန်	-	ဆွမ်ဆီး	နံနက် ၀၀း၃၀
ဒိုင်နမိုဇာဂရက်	-	လူဒိုဂိုရက်စ်	နံနက် ၀၀း၃၀
PSV	-	ချာနိုမိုရက်စ်	နံနက် ၀၀း၃၀
ဆဲလ်ဘတ်	-	အက်စ်ဘတ်ချ်	နံနက် ၀၀း၃၀
စတန်းဒတ်လီဂီ	-	အက်စ်ဘော့	နံနက် ၀၀း၃၀
ဇူလ်ဝါရီဂမ်	-	ရူဘင်ကာဇန်	နံနက် ၀၀း၃၀
မာရီဘော	-	ဝီဂန်	နံနက် ၀၀း၃၀
ဖီအိုရင်တီးနား	-	ဒီနီပရို	နံနက် ၀၀း၃၀
ပန်ဒူရီ	-	ပါကို့စ်ဖာရဲရား	နံနက် ၀၀း၃၀
ဖရန့်ဖတ်	-	အေပိုးလ်	နံနက် ၀၀း၃၀
မက္ကာဘီတဲလ်အဗစ်	-	ဘော်ဒိုး	နံနက် ၀၀း၃၀
ဒိုင်နမိုကိဗ်	-	ရက်ပစ်ဝီအန်	နံနက် ၂း၃၅
FC သွန်း	-	ဂျန့်	နံနက် ၂း၃၅
ဖရိုင်းဘတ်	-	ဆီဗီလာ	နံနက် ၂း၃၅
အက်စ်တိုရယ်	-	လီဘာရက်	နံနက် ၂း၃၅
ဘက်တစ်	-	ရီဂျက်ကာ	နံနက် ၂း၃၅
ဂူမာရေးစ်	-	လိုင်ယွန်	နံနက် ၂း၃၅
အေပိုးလ်	-	လီဂီယာဝါဆော	နံနက် ၂း၃၅
လာဇီယို	-	ထရက်ဗွန်စပေါ	နံနက် ၂း၃၅
ရှရစ်မ်	-	ထရွမ်ဆာ	နံနက် ၂း၃၅
စပါး	-	အန်ဇီ	နံနက် ၂း၃၅
PAOK	-	အယ်လ်ခမာ	နံနက် ၂း၃၅
မက္ကာဘီဟိုင်ဖာ	-	ကာရာဂန်ဒီ	နံနက် ၂း၃၅

သီဟ

ဥတ္တရခရိုင် သန်းခေါင်စာရင်း ကော်မတီလုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၁၁

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် သန်းခေါင်စာရင်းကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီခွဲက ပုဗ္ဗသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်က အမှာစကားပြောကြားပြီး ခရိုင်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးဦးအေးလှိုင်က သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းစဉ်များအကြောင်းကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ကော်မတီဝင်များက သိရှိလိုသည်များကို မေးမြန်းရာ ခရိုင်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ စဉ်းစားစရာ အချက်များ

အမျိုးသားညီလာခံတက်ရောက်ခဲ့သူတစ်ဦး

ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ မဏ္ဍိုင် (Pillar of the State) ဟု ခေါ်ဆိုနိုင်ပါသည်။ ထို့ပြင် ဥပဒေများ၏ ဦးသျှောင်ဥပဒေလည်း ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံတိုင်းလိုလိုတွင် မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေသော ဖွဲ့စည်းပုံအခြေခံဥပဒေများရှိကြပါသည်။

မြန်မာနိုင်ငံတွင် ယနေ့အာဏာတည်နေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသည် နေ့ချင်းညချင်းပေါ်ပေါက်လာသော ဥပဒေမဟုတ်ဘဲ မြန်မာနိုင်ငံ၏ သမိုင်းရေးအခြေအနေကို အကြောင်းပြု၍ အချိန်ယူရေးဆွဲ ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်ပါသည်။ အမျိုးသားညီလာခံကျင်းပ၍ လူထုလူတန်းစားအလွှာအသီးသီးမှ အစုအဖွဲ့ ရှစ်ဖွဲ့၏ ကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်း၍ ရေးဆွဲခဲ့သော ဥပဒေဖြစ်သဖြင့် လေးနက်၍တန်ဖိုးထားထိုက်သော သမိုင်းကြောင်းရှိပါသည်။ အမျိုးသားညီလာခံတွင် ဆွေးနွေးညှိနှိုင်း၍ ချမှတ်ခဲ့သောမူများကိုအခြေခံပြီး အဖွဲ့ဝင် ၅၄ဦးပါဝင်သော အခြေခံဥပဒေရေးဆွဲရေးကော်မရှင်က ဤဖွဲ့စည်းပုံ အခြေခံဥပဒေကိုရေးဆွဲ၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုခဲ့သော ဥပဒေတစ်ရပ်ဖြစ်ပါသည်။ ယင်းသို့ သမိုင်းအစဉ်အလာကြီးမားသော ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ပြင်ဆင်ရန်စဉ်းစားသည့်အခါ မိမိတစ်ဦးတည်း၏အမြင်၊ မိမိ၏လိုလားချက်ကို ဦးစားမပေးဘဲ နက်နက်နဲနဲ စဉ်းစားလေ့လာပြီးမှပြင်ဆင်သင့်ပါသည်။ ယနေ့ကမ္ဘာတွင် ကြုံတွေ့နေရသည့် ပြဿနာတစ်ရပ်ကိုဖြေရှင်းရာတွင် ယင်းပြဿနာကို ကွက်၍ ကျဉ်းမြောင်းစွာမကြည့်ဘဲ ယင်းပြဿနာပေါက်ပွားလာရာ အရင်းအမြစ်ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသင့်ပါသည်။ ယင်းသို့ကျယ်ကျယ်ပြန့်ပြန့် လေ့လာခြင်းသည်သာ အခက်အခဲကို ကျော်လွှားနိုင်ရေးအတွက် အကောင်းဆုံးနည်းလမ်းဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ စတင်ခဲ့သောဇာစ်မြစ်သည် လေးနက်စွာဖွဲ့တည်ခဲ့ပါသည်။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် လူထုလူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်များ၊ ပါတီအသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်သော ညီလာခံတစ်ရပ်ကို ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြပါသည်။ ယင်းဆွေးနွေးပွဲတွင် လူထုလူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်များက ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးညှိနှိုင်းခဲ့ကြရာ ဤအဆင့်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ သန္ဓေတည်ရာဇာစ်မြစ် ဖြစ်သည်ဟု ခေါ်ဆိုနိုင်ပါသည်။

ယင်းသို့ဖြစ်တည်ခဲ့သည့် သန္ဓေမျိုးစေ့အရ လူထုလူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်များပါဝင်သောအမျိုးသားညီလာခံကြီးတစ်ရပ်ကို ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ ဆက်လက်ကျင်းပနိုင်ခဲ့ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုသည် တိုင်းပြည်၏အနာဂတ်အတွက် အလွန်အရေးကြီးသည့်အလျောက် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးတွင် လူထု လူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်များကို အစုအဖွဲ့ ရှစ်ဖွဲ့ ဖွဲ့စည်းပြီး တစ်ဖွဲ့စီက အခြေခံဥပဒေတွင်ပါဝင်ရမည့်၊ ပါဝင်သင့်သည့် အချက်များကို အသေးစိတ် ဆွေးနွေးခဲ့ကြပါသည်။ ယင်းအစုအဖွဲ့ ရှစ်ဖွဲ့မှာ-

- နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၊
- ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၊
- တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၊
- တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊
- အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၊
- အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့၊
- နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၊
- အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တို့ ဖြစ်ကြပါသည်။

ယင်းအစုအဖွဲ့အသီးသီး၏ ဆွေးနွေးချက်ရလဒ်များကို တင်သွင်းပြီး ညီလာခံကြီးသို့ အသေးစိတ်အခြေခံမူများ ချမှတ်နိုင်ရန် တင်သွင်းခဲ့ကြပါသည်။ အစုအဖွဲ့များအနေဖြင့် စည်းစနစ်ရှိရှိ ဆွေးနွေးဆောင်ရွက်ပြီး ထွက်ပေါ်လာသည့် ရလဒ်များကို အစုအဖွဲ့ ကိုယ်စားလှယ်များက အမျိုးသားညီလာခံ(စုံညီညီလာခံ)ကြီးတွင် စာတမ်းဖတ်ကြားတင်သွင်းခဲ့ကြပါသည်။ အစုအဖွဲ့ရှစ်ဖွဲ့က တင်ပြချက်များကို ခေါင်းစဉ်အလိုက် ဆွေးနွေးသုံးသပ်ညှိနှိုင်းပြီး အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံကြီးက သဘောတူချမှတ်ခဲ့ကြပါသည်။ အမျိုးသားညီလာခံ (စုံညီညီလာခံ)က ချမှတ်ခဲ့သည့်အတိုင်း ဆုံးဖြတ်ချက်များသည် အများဆန္ဒ (consensus) ဖြစ်သဖြင့် လူထုလူတန်းစားအလွှာအသီးသီးမှ ပေါက်ဖွားလာသော ဆန္ဒများဖြစ်သဖြင့် နိုင်ငံရေးသိပ္ပံပညာ (political science) နယ်ပယ်အရဆိုလျှင် ပြည်သူတို့၏ နိုင်ငံရေးဆန္ဒ (political will) ဟုခေါ်ဆိုလျှင်လည်း မှားမည်မဟုတ်ပါ။ ထိုနိုင်ငံရေးဆန္ဒများသည် ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် ထိုစဉ်က ချမှတ်ခဲ့သည့် အသေးစိတ်အခြေခံရမည့် အချက်များ ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လူထုလူတန်းစား အလွှာအသီးသီးက နိုင်ငံရေးဆန္ဒများအနေဖြင့် ပြသခဲ့သော အများဆန္ဒ (consensus)ကို အခြေခံရေးဆွဲထားသော အခြေခံဥပဒေတစ်ရပ်ဖြစ်ပါသည်။ ထိုသို့ အခြေခံမူများချမှတ်ရာတွင် ပါဝင်ခဲ့သည့် ပုဂ္ဂိုလ်များသည် လူထုလူတန်းစားအလွှာအသီးသီးမှ အတွေ့အကြုံကြွယ်ဝသောပုဂ္ဂိုလ်များဖြစ်သဖြင့် နိုင်ငံ၏ လိုအပ်လျက်ရှိသော အခြေအနေများကို စဉ်းစားချင့်ချိန်၍ မိမိနိုင်ငံနှင့် ဆီလျော်ကိုက်ညီသောမူများကို ချမှတ်နိုင်ခဲ့ပါသည်။

> ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို စဉ်းစားရာတွင် ယင်းဥပဒေပေါ်ပေါက်လာရာသမိုင်းကြောင်းကို လေ့လာသုံးသပ်ပြီးမှ စဉ်းစားဆောင်ရွက်သင့်ပါသည်။ အမျိုးသားညီလာခံတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် လူထုလူတန်းစား အလွှာအသီးသီးမှ ကိုယ်စားလှယ်တော်ကြီးများ၏ နိုင်ငံရေးဆန္ဒနှင့် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် တစ်ခဲနက်ထောက်ခံမဲပေးခဲ့ကြသည့် ပြည်သူများ၏ဆန္ဒကိုလည်း ထောက်ရှုကြရမည်ဖြစ်ပါသည်။ ဤသို့အရေးကြီးသော နိုင်ငံရေးဆန္ဒနှစ်ခုနှင့် သန္ဓေတည်ရာအရင်းအမြစ်ကို သေချာစွာနားလည်အောင်လေ့လာပြီးမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို စဉ်းစဉ်းစားစားဆောင်ရွက်သင့်သည်

နိုင်ငံတစ်နိုင်ငံအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို သက်ဆိုင်ရာနိုင်ငံ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့်ဖြတ်သန်းခဲ့သော သမိုင်းကြောင်းကို အခြေခံ၍ ရေးဆွဲပြဋ္ဌာန်းရသည်ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အခြားတစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ထပ်တူမဖြစ်နိုင်သည်ကို လေ့လာတွေ့ရှိရမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် အခြားနိုင်ငံတစ်နိုင်ငံမှ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဥသံပုံတူကူးယူရေးဆွဲထားခြင်းမဟုတ်ဘဲ မိမိနိုင်ငံ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့်ဖြတ်သန်းခဲ့သော သမိုင်းကြောင်းကို အခြေခံ၍ရေးဆွဲထားခြင်းဖြစ်သည်ကို တွေ့ရှိနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရာတွင် နိုင်ငံတကာမှ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာသုံးသပ်ပြီး မြန်မာနိုင်ငံ၏လိုအပ်နေသော အခြေအနေနှင့်ကိုက်ညီစေရန် အသေးစိတ်အခြေခံမူများ ချမှတ်ရေးဆွဲခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

အမျိုးသားညီလာခံတွင် ပါဝင်တက်ရောက်၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ဆွေးနွေးခဲ့ကြသော ကိုယ်စားလှယ်တော်ကြီးများမှာ ယနေ့အချိန်အထိ သက်ရှိထင်ရှားရှိနေကြသေးပါသည်။ အချို့သောပုဂ္ဂိုလ်များမှာ လွှတ်တော်အဆင့်ဆင့်၌ပင် ရှိနေကြပါသေးသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် စဉ်းစားရာတွင် ထိုကိုယ်စားလှယ်တော်ကြီးများ ချမှတ်ခဲ့သော အများဆန္ဒကို အလေးအနက်ထောက်ထားသင့်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကို ပြည်သူ့ဆန္ဒခံယူနိုင်ရန် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေကိုလည်း ပြဋ္ဌာန်းခဲ့ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ် မေလ ၁၀ ရက်နေ့တွင် မြို့နယ်ပေါင်း ၂၇၈ မြို့နယ်၌လည်းကောင်း၊ ၂၀၀၈ ခုနှစ် မေလ ၂၄ ရက်နေ့တွင် မြို့နယ်ပေါင်း ၄၇ မြို့နယ်၌လည်းကောင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး ပြည်သူအများစု၏ထောက်ခံမဲ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များသည် လူထုလူတန်းစားအလွှာအသီးသီးက ချမှတ်ခဲ့သော အများဆန္ဒမျှသာမဟုတ်ဘဲ မြန်မာပြည်သူတစ်ရပ်လုံးက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ထောက်ခံခဲ့သော ပြဋ္ဌာန်းချက်များဖြစ်ပါသည်။ ဤရလဒ်များကိုကြည့်လျှင် အများဆန္ဒအရ ချမှတ်ရေးသားခဲ့သော အခြေခံမူများကို မဲပေးခွင့်ရှိသူ ပြည်သူလူထု ၉၂ ရာခိုင်နှုန်းကျော်က ထောက်ခံခဲ့ကြသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ပေါ့ပေါ့ဆဆ စဉ်းစား၍ရမည်မဟုတ်ပါ။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံသည့် မဲရလဒ်များသည် ပြည်သူတစ်ရပ်လုံး၏ နိုင်ငံရေးဆန္ဒ(political will)ပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် အမျိုးသားညီလာခံက အများဆန္ဒဖြင့်ချမှတ်သည့် နိုင်ငံရေးဆန္ဒများဖြစ်သည့်ပြင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် ပြည်သူ ၉၂ ရာခိုင်နှုန်းကျော်က ထောက်ခံထားကြသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များသည် ပြည်သူတို့၏ နိုင်ငံရေးဆန္ဒများလည်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နှစ်ထပ်ကွမ်း နိုင်ငံရေးဆန္ဒ(double political will)ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို စဉ်းစားရာတွင် ယင်းဥပဒေပေါ်ပေါက်လာရာသမိုင်းကြောင်းကို လေ့လာသုံးသပ်ပြီးမှ စဉ်းစားဆောင်ရွက်သင့်ပါသည်။ အမျိုးသားညီလာခံတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် လူထုလူတန်းစားအလွှာအသီးသီးမှ ကိုယ်စားလှယ်တော်ကြီးများ၏ နိုင်ငံရေးဆန္ဒနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် တစ်ခဲနက်ထောက်ခံမဲပေးခဲ့ကြသည့် ပြည်သူများ၏ ဆန္ဒကိုလည်း ထောက်ရှုကြရမည်ဖြစ်ပါသည်။ ဤသို့အရေးကြီးသော နိုင်ငံရေးဆန္ဒနှစ်ခုနှင့် သန္ဓေတည်ရာအရင်းအမြစ်ကို သေချာစွာနားလည်အောင် လေ့လာပြီးမှသာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို စဉ်းစဉ်းစားစားဆောင်ရွက်သင့်သည်ဟု ထင်မြင်ယူဆပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အဖိုးတန်နက်နဲသော နိုင်ငံရေးအနှစ်သာရများနှင့် ပြည်သူများ၏ နိုင်ငံရေးဆန္ဒများ ပါဝင်လျက်ရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အရင်းအမြစ်ဖြစ်သော ပင်ရင်းပြဋ္ဌာန်းချက်များကို ပြင်ဆင်ရန်သင့်မည်မဟုတ်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ နောက်ဆက်တွဲဇယားများပါ ဥပဒေပြုခွင့်များကိုသာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့အကြား အတိုးအလျှော့ပြု ပြင်ဆင်ခြင်းသာ ဆောင်ရွက်သင့်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လေးနက်သော သမိုင်းကြောင်းနှင့် ပြည်သူတို့၏ နိုင်ငံရေးဆန္ဒများကို အလေးအနက်ထားရမည်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို အခြားနိုင်ငံတစ်နိုင်ငံမှ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်း ပုံတူကူးယူမွေးစားရန် သင့်မည်မဟုတ်ပါ။ မိမိနိုင်ငံ၏ အခြေအနေနှင့် လိုက်လျောညီထွေသော ပြဋ္ဌာန်းချက်များကိုသာ မိမိနိုင်ငံ၏ အခြေခံဥပဒေတွင် ပြဋ္ဌာန်းကျင့်သုံးရမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

ဟားခါး-မတူပီလမ်း လမ်းသားတိုးချဲ့ပြုပြင်

ဟားခါး ဒီဇင်ဘာ ၁၁

လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုကြောင့် ပြည်နယ်အတွင်း မြို့တစ်မြို့နှင့်တစ်မြို့ သွားလာဆက်သွယ်ရန် ခက်ခဲသည်။ ချင်းပြည်နယ်တွင် မြောက်ပိုင်းနှင့်တောင်ပိုင်းဟုပင် ခေါ်ဝေါ်သုံးစွဲလျက်ရှိသည်။

တိုးချဲ့

ယခုအခါ ပွင့်လင်းရာသီရောက်ရှိလာသဖြင့် ဟားခါးမြို့နှင့် မတူပီမြို့တို့ ဆက်သွယ်ထားသည့်လမ်းကို စက်ယန္တရားကြီးများဖြင့် တောင်များကိုဖြို၍ အဆင့်ဆင့်လမ်းသားများ တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ ချင်းပြည်နယ်သည် ရာသီဥတုအခြေအနေအရ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများကို တစ်နှစ်လျှင် ငါးလတာမျှသာ ဆောင်ရွက်နိုင်သည်။

ဟားခါး-မတူပီလမ်း ပွင့်လင်းရာသီ၌ ဟိုင်းမွန်ဂျစ်ကားများ ပြေးဆွဲလျက်ရှိပြီး မိုးရာသီဆိုပါက မြေသားလမ်းဖြစ်သဖြင့် တောင်ပြိုမှုများကြောင့် ယာဉ်လိုင်းများပြေးဆွဲရန် အခက်အခဲရှိကြောင်း သိရသည်။ မင်းတပ်၊ မတူပီမြို့များအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နှင့်သာ အဓိက ဆက်သွယ်သွားလာကြကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

သွားရ

မိုးရာသီတွင် မင်းတပ်၊ မတူပီမြို့များသို့ သွားလာလိုပါက ဟားခါး-ဂန့်ဂေါ- ထီးလင်း- ကျောက်ထု-မင်းတပ်-မတူပီ ခရီးစဉ်အတိုင်းသွားရကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပဲခူးတွင် HIV/AIDS ဝေဒနာရှင်များအား အာဟာရနှင့်ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်း

ပဲခူး ဒီဇင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးရုံး၌ ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့မှ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနှင့် အထိမ်းအမှတ် အခမ်းအနားကို ကျင်းပသည်။ အခမ်းအနားသို့ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြင့်မြင့်စိုး၊ ဥက္ကဋ္ဌ ဒေါ်မေသူနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး အခမ်းအနားတွင် HIV/AIDS ဝေဒနာရှင် ၃၀ တို့ကို ကြက်ဥ၊ ကွေကာအုပ်နှင့်ထောက်ပံ့ငွေတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စုစုပေါင်း ငွေကျပ် ၄၂၅၀၀၀ ကို လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒေါက်တာ ကျော်နိုင်ဝင်းက စေတနာရှင်များကို နှစ်သိမ့်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သန့်စင်

ပြည်တွင်းသတင်း

■ *ကျောဖုံးမှ*

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးရရှိနိုင်မယ့် မျှော်လင့်ချက်ရောင်ခြည်ကို မြင်တွေ့နေရပြီဖြစ်ပါတယ်။ အမျိုးသားညီညွတ်ရေး ပြိုကွဲခဲ့ရခြင်းအကျိုးဆက်ကြောင့် မြန်မာနိုင်ငံဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစစအရာရာမှာ အိမ်နီးချင်းနိုင်ငံတွေထက် နောက်ကျကျန်ခဲ့ပါတယ်။ အကွဲအပြဲဇာတ်လမ်းများ၊ အချင်းချင်းတိုက်ခိုက်မှုများကြောင့် ခေတ်နောက်ကျကျန်ခဲ့ရတဲ့ ကျွန်တော်တို့နိုင်ငံဟာ ဒီကနေ့မှာဆိုရင် မတူကွဲပြားမှုတွေကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မယ့် နိုင်ငံရေးယဉ်ကျေးမှုအသစ်ကို စတင်ဖော်ဆောင်နေကြပြီဖြစ်ပါတယ်။

ဒီမိုကရေစီခေတ်သစ်ကို တစ်ကျော့ပြန် ပြန်လည်ထူထောင်နေတဲ့ ဒီကနေ့ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များမှာ အားလုံးပါဝင်ခွင့်ရရှိရေးဟာ အထူးပဲအရေးကြီးပါတယ်။ လူများစုရဲ့ သဘောဆန္ဒကို လိုက်နာရမှာဖြစ်သလို လူနည်းစုရဲ့ သဘောဆန္ဒကိုလည်း အလေးထားရမှာဖြစ်တဲ့ ဒီမိုကရေစီသဘောတရားနဲ့အညီ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ အမျိုးသားညီညွတ်ရေးကို ပွင့်လင်းစွာ ဖြင့်လက်တွေ့ဖော်ဆောင်နေပြီဖြစ်ပါတယ်။ ဒီကနေ့ ဒီအချိန်မှာ အလုပ်သမားနဲ့ လယ်သမားတို့ရဲ့ အခွင့်အရေးနဲ့ ရပိုင်ခွင့်တွေ တိုးတက်မြင့်မားလာအောင်လည်း အခြေခံဥပဒေနဲ့အညီ ကြိုးပမ်းဆောင်ရွက်နေပြီဖြစ်ပါတယ်။ အသွင်ကူးပြောင်းစ ဒီမိုကရေစီလမ်းခရီးမှာ နိုင်ငံတော်ဖွံ့ဖြိုးရေးကို ယှဉ်တွဲဖော်ဆောင်နိုင်ဖို့အတွက် အစိုးရနဲ့အတူ အချုပ်အခြာအာဏာရဲ့ မဏ္ဍိုင်ကြီးများ၊ စတုတ္ထမဏ္ဍိုင်မီဒီယာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအားလုံးတို့က ညီညီညွတ်ညွတ်နဲ့ဝိုင်းဝန်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။ ခေတ်အဆက်ဆက်မှာ စည်းရုံးမှုတွေပျက်ပြီး မညီမညွတ်ဖြစ်ခဲ့တဲ့သမိုင်းကို ယနေ့အခါမှာ ပြည်ဖုံးကားချနိုင်ဖို့ အရေးကြီးပါတယ်။ နောင်လာမယ့် မျိုးဆက်သစ်တွေအတွက် ကောင်းမွန်တဲ့ အနာဂတ်ကို ဖန်တီးပေးနိုင်ဖို့ ဒီကနေ့အားလုံးမှာ တာဝန်ရှိပါတယ်။ တူညီသော ရည်မှန်းချက်ဖြစ်တဲ့ နိုင်ငံနဲ့ပြည်သူတို့ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတ္တဗဟိုပြုဆောင်ရွက်မှုဘောင်ထဲက ရဲရဲကြီးလမ်းခွဲထွက်နိုင်ဖို့ အရေးကြီးပါတယ်။

ဒီလိုသာ အမျိုးသားညီညွတ်ရေးကို တည်ဆောက်နိုင်မယ်ဆိုရင် သာယာဝပြောတဲ့ ခေတ်တစ်ခေတ်ကို တည်ဆောက်နိုင်မှာ အသေအချာပဲဖြစ်ပါတယ်။ ဒါကြောင့် သမိုင်းဝင် ၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံကြောင့် နိုးထခဲ့တဲ့ အမျိုးသားရေးစိတ်ဓာတ်တွေကို ပြန်လည်အသက်သွင်းပြီး သန်း ၆၀ သော ပြည်သူများ ကောင်းကျိုးအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်သွားကြဖို့ အလေးထားတိုက်တွန်းလိုက်ရပါတယ်။ ။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတနှင့်ဇနီးတို့ စစ်ကိုင်းမြို့ရှိ ဘုရားများအား ဖူးမြော်ကြည်ညို

နေပြည်တော် ဒီဇင်ဘာ ၁၁

မြန်မာနိုင်ငံ မန္တလေးမြို့၌ ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်နှင့်ဇနီး မစ္စစ် ကေအို ဆိုင်ကျိုင်း ဆိုင်ညဆွန်တို့သည် ယနေ့နံနက် ၈ နာရီခွဲတွင် စစ်ကိုင်းမြို့ ကောင်းမှုတော်ဘုရားသို့ရောက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့်ဇနီး ဒေါ်ဝေဝေခိုင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လာအိုနိုင်ငံသမ္မတနှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် ကောင်းမှုတော်ဘုရားအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်၍ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ မြန်မာလက်မှုအနုပညာ အရောင်းပြခန်းသို့ ရောက်ရှိပြီး "ထွန်းထွန်း"ငွေထည်လုပ်ငန်း၏ ငွေထည်အသုံးအဆောင်နှင့် ငွေထည်အမှတ်တရပစ္စည်းများ ထုတ်လုပ်ပြသထားမှုများနှင့် စစ်ကိုင်းမြို့ ကျောက်စိမ်းလုပ်ငန်းရှင်များအသင်း၏ တန်ဖိုးမြင့် ကျောက်စိမ်းအသုံးအဆောင် ပစ္စည်းများနှင့် ကျောက်စိမ်းလက်ဝတ်ရတနာများ ထုတ်လုပ်ပြသထားမှုများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လာအိုနိုင်ငံသမ္မတနှင့်အဖွဲ့သည် မန္တလေးမြို့မှ မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ နေပြည်တော်သို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိခဲ့ကြသည်။

(သတင်းစဉ်)

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်နှင့်ဇနီး မစ္စစ် ကေအို ဆိုင်ကျိုင်း ဆိုင်ညဆွန် ကောင်းမှုတော်ဘုရားအား အလှူငွေများ ပေးအပ်လှူဒါန်းရာ ဘုရားဂေါပကအဖွဲ့က အမှတ်တရ လက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား အင်ဒိုနီးရှားညွှေ့အဖွဲ့နှင့် အစ္စရေးသံအမတ်ကြီးတို့ သီးခြားစီလာရောက်တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၁၁

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား ယနေ့နံနက်ပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ House of Regional Representatives, Members of the Committee for International Relation H.E. Poppy Susanti Dharsono ဦးဆောင်သောအဖွဲ့နှင့် အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Hagay Moshe Behar တို့သည် အမျိုးသားလွှတ်တော် ကော်မတီဆောင်၌ သီးခြားစီ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

အင်ဒိုနီးရှားနိုင်ငံ House of Regional Representatives, Members of the Committee for International Relation H.E. Poppy Susanti Dharsono နှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်ဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ဆက်လက်၍ အစ္စရေးနိုင်ငံ သံအမတ်ကြီးH.E. Mr. Hagay Moshe Behar နှင့်တွေ့ဆုံစဉ် မြန်မာ-အစ္စရေး သံတမန်ရေးရာနှင့် လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးဦးလှထွန်း လားရှိုးမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၁၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ရန် ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီးဦးလှထွန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက လားရှိုးမြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ တိုင်းရင်းသားလူငယ်များအား သင်ကြားလေ့ကျင့်နေမှု၊ သင်တန်းကျောင်းစားရိပ်သာနှင့် အိပ်ဆောင်များအား ကြည့်ရှုစစ်ဆေးသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(လားရှိုး)ကို ၂၀၀၈ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် တိုင်းရင်းသားလူငယ်ကျောင်းသား ၁၅၀ တက်ရောက် ပညာသင်ကြားလျက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် လားရှိုးမြို့အားရေဖြန့်ဝေပေးလျက်ရှိသည့် ကောက်ကွေ့ရေလှောင်တမံနှင့် ဟူးမွန်ရေလှောင်တမံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ရေပေးဝေလျက်ရှိ

လားရှိုးမြို့နယ် မန်ဆူကျေးရွာအနီးရှိ မြေသားတမံအမျိုးအစား ကောက်ကွေ့ ရေလှောင်တမံသည် ရေအားလျှပ်စစ်တပ်ဆင်အင်အား ၈၀ ကီလိုဝပ်ဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပြီး ဟူးမွန်ကျေးရွာအရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာတွင် တည်ရှိသည့် မြေသားတမံအမျိုးအစား ဟူးမွန်ရေလှောင်တမံသည် ဧရိယာ ၈၂၀ ဧကကို ဆည်ရေပေးဝေလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် လားရှိုးမြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ တိုင်းရင်းသားလူငယ်များအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၃၇/၂၀၁၂)
၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်
(၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်)
ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

အမှတ်(၃၂၇)၊ ဒူကထောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော **ကချင်အမျိုးသားများ ဒီမိုကရေစီ ကွန်ဂရက်ပါတီ**အား ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၆၈)ဖြစ်ပါသည်။

အမိန့်အရ
မြင့်နိုင်
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်တွင်းသတင်း

✳ **ရွှေဖုံးမှ**

ဤအရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အရှေ့တောင်အာရှနိုင်ငံများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်နှင့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ ယဉ်ကျေးမှုကို အခြားနိုင်ငံများက သိရှိစေရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

တစ်နည်းဆိုရလျှင် အရှေ့တောင်အာရှနိုင်ငံများ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူဝါဒကို ဖော်ဆောင်ခြင်းဖြစ်သကဲ့သို့ အားကစားပြိုင်ပွဲများဖြစ်သည်နှင့်အညီ အရှေ့တောင်အာရှ နိုင်ငံများ၏ အားကစားစိတ်ဓာတ်၊ အားကစား အရည်အသွေးနှင့် ဂုဏ်သိက္ခာများကို ဖော်ထုတ်ပြသသည့်ပွဲလည်း ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားကို အစီအစဉ် (၁၄)ခုဖြင့်ပြုလုပ်ခဲ့ပြီး ၎င်းအစီအစဉ်များမတိုင်မီ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။ ရှေးဦးစွာ အစီအစဉ်တင်ဆက်သူ မောင်မယ်တို့က လွန်ခဲ့သော (၄၄)နှစ်ကြာ ကာလဖြစ်သည့် ၁၉၆၉ ခုနှစ်တွင် မြန်မာနိုင်ငံက နောက်ဆုံးအကြိမ် အိမ်ရှင်အဖြစ် ကျင်းပခဲ့ပုံ၊ ယခုအကြိမ်တွင် ထည့်သွင်းကျင်းပမည့် အားကစားနည်း၊ ရွှေတံဆိပ်များ အကြောင်း၊ ဆီးဂိမ်းဆောင်ပုဒ်ဖြစ်သည့် Green, Clean & Friendship တို့၏အဓိပ္ပာယ်၊ မှန်ကန်သော အားကစားစိတ်ဓာတ်၊ တရားမျှတမှုနှင့် ကျွမ်းကျင်မှုတို့ဖြင့် ယှဉ်ပြိုင်ခြင်းသည် ရွှေတံဆိပ်ဆုရရှိခြင်း၏ အကြောင်းတရားများဖြစ်ပုံ၊ ရွှေတံဆိပ်ဆုသည် သက်ဆိုင်ရာနိုင်ငံ၏သမိုင်းမှတ်တိုင်နှင့် ဂုဏ်ဒြပ်ပင် ဖြစ်ကြောင်း စသည်တို့ကို တင်ပြကြသည်။

ဖျော်ဖြေရေး အစီအစဉ်တွင် မြန်မာပြည်သိန်းတန် အပါအဝင် တေးသံရှင်ကိုးဦးက "စိမ်းလန်းသန့်စင် တို့ချစ်ခင်"၊ တေးသံရှင် ဖြူဖြူကျော်သိန်းက "မိုးယံလွင့်ပျံ လက်ခုပ်သံ"၊ တေးသံရှင် ဇော်ဝင်းထွဋ်က "ပန်းတိုင်သို့"၊ တေးသံရှင် နေနေက "ပြည်ထောင်စုကြီး တို့ရဲ့မြန်မာ"၊ တေးသံရှင် ထူးအယ်လင်းနှင့် ဆုန်သင်းပါရ်တို့က "ရောင်စုံဥယျာဉ်"၊ တေးသံရှင် ဖြိုးကြီးနှင့် ယုဇနတို့က "နေ့သစ်များရဲ့ မြန်မာပြည်"၊ တေးသံရှင်မေခလာက "ဂိုးသွင်းကောင်းတဲ့ကိုကို"နှင့် တေးသံရှင် စောခူဆဲက "အချိန်နှင့်အမျှ" တေးသီချင်းများကို ဖျော်ဖြေရေး စင်မြင့်၌ သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတမစ္စတာကျူမာလီဆိုင်ညဆွန်နှင့်ဇနီး၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်များ၊ ဘရူနိုင်းနိုင်ငံ အိမ်ရှေ့မင်းသား၊ တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ အစိုးရအဖွဲ့ဝန်ကြီးများ၊ မြန်မာနိုင်ငံမှ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အာရှအိုလံပစ်ကော်မတီ ဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသူများ၊ ဧည့်ပရိသတ်များ၊ အားကစားသမားများ စုစုပေါင်း ၃၀၀၀၀ ခန့် တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းသို့ ရောက်ရှိပြီး ဧည့်ခန်းမ၌ နိုင်ငံတော်သမ္မတက လာအိုနိုင်ငံသမ္မတ၊ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ဒုတိယဝန်ကြီးချုပ်များ၊ ဘရူနိုင်း အိမ်ရှေ့မင်းသား၊ အခမ်းအနားသို့ တက်ရောက်လာသော အာဆီယံ နိုင်ငံများမှ ဝန်ကြီးများ၊ အာရှအိုလံပစ်ကော်မတီဥက္ကဋ္ဌတို့အား အမှတ်တရ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဖွင့်ပွဲအခမ်းအနားကို ပြုလုပ်ရာတွင် ကွင်းအတွင်းစင်မြင့်ထက်မှ LED Board ၌ အမှတ်စဉ်ရေတွက် စတင်ပြီး အမှတ်စဉ်သုညအရောက်တွင် မီးရှူးမီးပန်းများ ဂုဏ်ပြုပစ်ဖောက်ကြသည်။

အမှတ်စဉ်ရေတွက်မှု မပြုမီ အနက်ရောင်ဝတ်စုံပြည့် ဝတ်ဆင်ထားသော ကျောင်းသား ၁၄၉၉ ဦးတို့က ခတ်မီးများအသုံးပြု၍ ကွင်းအတွင်းပြေးဝင်ကာ အဝိုင်း(၂၇)ဝိုင်း ပုံဖော်ခြင်း၊ ရေပွက်ပုံမီးကစားခြင်း၊ LED Board၌ တစ်ဆယ်မှ တစ်အထိ ဂဏန်းရေတွက်မှုအတိုင်း မီးအဖွင့် အပိတ်ဖြင့် ပုံစံပြောင်းခြင်း တို့ကိုသရုပ်ပြကာ ကွင်းအပြင်မှ မီးရှူးမီးပန်း ပစ်လွှတ်သည်နှင့် တစ်ချိန်တည်းတွင် မီးရှူးမီးပန်း ၂၉၉၈ ခုကို ပစ်ဖောက်ပြီးနောက် ကြယ်ပုံစံနှင့် MYANMAR စာတန်း ပုံစံကို ပုံဖော်ပြသသည်။

နိုင်ငံတော်သမ္မတကိုယ်စား (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

အလားတူ မြန်မာတို့၏ ထီးသုံးနန်းသုံး တော်ဝင်တူရိယာများဖြစ်ကြသည့် စောင်း၊ ဆိုင်း၊ ပတ္တလားတို့၏ သာယာနာပျော်ဖွယ် တီးခတ်မှု၊ မြန်မာသံစဉ်တေးသွားအလှတို့ဖြင့် စောင်းတော် သိင်္ဂါဆိုင်းမင်္ဂလာအစီအစဉ်ကို ဆိုင်းဝိုင်းငါးဝိုင်း၊ ပတ္တလား ခုနစ်လက်နှင့် စောင်း ၄၆ လက်တို့ဖြင့် ရေခင်းသံ၊ မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း၊ အာရှ-မြန်မာ အားကစားသီချင်းများကို တူရိယာ အမျိုးအစားအလိုက် တစ်လှည့်စီ တီးခတ်ကြပြီး အောင်ပါစေ တေးသွားကို စုပေါင်းလက်စွမ်းပြ တီးခတ် ထင်ဟပ်ခဲ့သည်။

ထို့နောက် နိုင်ငံတော် ဘင်ခရာ တပ်ဖွဲ့၏ဦးဆောင်မှုဖြင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အလံ၊ SEA Games ဖက်ဒရေးရှင်းအလံနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲ မြန်မာအလံ များနှင့်အတူ အလံကိုင်တပ်ဖွဲ့၊ ဘင်ခရာအဖွဲ့များ ဦးဆောင်၍ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ တီမောလက်စ်တေ၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့မှ အားကစားသမားများက အစဉ်လိုက် ချီတက်ကာ ကွင်းအတွင်း နေရာယူ ကြသည်။

ယခု အားကစားပြိုင်ပွဲသို့ ဘရူနိုင်းနိုင်ငံက အားကစားသမား ၁၀၁ ဦး၊ ကမ္ဘောဒီးယားနိုင်ငံက ၂၄၀၊ အင်ဒိုနီးရှားနိုင်ငံက ၈၄၀၊ လာအိုနိုင်ငံက ၂၀၀၊ မလေးရှားနိုင်ငံ က ၇၉၈ ဦး၊ ဖိလစ်ပိုင်နိုင်ငံက ၃၂၅ ဦး၊ စင်ကာပူနိုင်ငံက ၄၇၆ ဦး၊

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

ထိုင်းနိုင်ငံက ၁၀၂၉ ဦး၊ တီမောလက်စ်တေနိုင်ငံက ၆၂ ဦး၊ ဗီယက်နမ်နိုင်ငံက ၇၄၄ ဦး၊ မြန်မာနိုင်ငံက ၁၂၄၈ ဦး ပါဝင်ကြသည်။

အားကစားသမားများ ကွင်းအတွင်းနေရာယူအပြီးတွင် ကွင်းအတွင်းရှိအလံတိုင်တွင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အလံကို ဦးစွာလွှင့်တင်ပြီးနောက် SEA Games ဖက်ဒရေးရှင်းအလံနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာအလံတို့ကို တစ်ပြိုင်နက်တည်း လွှင့်တင်လိုက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြိုင်ပွဲကျင်းပရေး ဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထိုသို့ရှင်းလင်းပြောကြားရာတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၁၉၅၉ ခုနှစ်က စတင်ကျင်းပခဲ့ပြီး အားကစားပြိုင်ပွဲကျင်းပခြင်း သက်သက်မဟုတ်ဘဲ ဒေသတွင်းနိုင်ငံများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိလာစေရန် ကျင်းပခဲ့ခြင်းဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲကျင်းပခွင့်ရရှိရေး အတွက် ယုံကြည်ထောက်ခံ အားပေးခဲ့ကြသော အာဆီယံအဖွဲ့ဝင်နိုင်ငံများကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် "Green, Clean & Friendship" ဆောင်ပုဒ်ချမှတ်ပြီး ဤပြိုင်ပွဲကြီးကို လက်ခံကျင်းပမည် ဖြစ်ပါကြောင်း၊ ပြိုင်ပွဲတွင် အားကစားနည်း ၃၃ နည်း ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ရွှေတံဆိပ်ဆုပေါင်း ၄၆၀ ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်ကမ်းခြေတို့တွင် နေရာဖြန့်ခွဲကျင်းပသွားမည် ဖြစ်ပါကြောင်း၊ ဆီးဂိမ်းစည်းမျဉ်းနှင့်အညီ တရားမျှတစွာ ကျင်းပနိုင်ရေးအတွက် စီမံဆောင်ရွက်ထားပါကြောင်း၊ အားကစားသမားများ အနေဖြင့်လည်း အားကစားစိတ်ဓာတ် အပြည့်ဖြင့် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ကစားကြရန် လိုအပ်ပါကြောင်းဖြင့် ထည့်သွင်းတင်ပြခဲ့သည်။

ဆီးဂိမ်းပြိုင်ပွဲ လက်ခံကျင်းပနိုင်ရန်အတွက် ပြိုင်ပွဲကျင်းပရေး ဦးစီး ကော်မတီအနေဖြင့် လိုအပ်သည့် အားကစားကွင်း၊ အားကစားရုံများကို တည်ဆောက်မွမ်းမံခြင်း၊ နိုင်ငံတကာ အသိအမှတ်ပြု အားကစားပစ္စည်း များဝယ်ယူတပ်ဆင်ခြင်း၊ အားကစား သမားများ စိတ်ချမ်းမြေ့စွာ တည်းခို စားသောက်နိုင်ရေးနှင့်သက်သောင့် သက်သာဖြင့် ပြိုင်ပွဲသို့ အချိန်မီ ရောက်ရှိအောင် ပို့ဆောင်နိုင်ရေး၊ ပြည့်စုံသည့် ကျန်းမာရေးစောင့် ရှောက်မှု၊ လုံခြုံရေး/ဆက်သွယ် ရေးဆိုင်ရာနှင့် အခြားပြင်ဆင်မှု လုပ်ငန်းများကို အကောင်းဆုံး ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ထား ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ကိုယ်စား (၂၇)ကြိမ်မြောက် အရှေ့ တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်မိန့်ခွန်း ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ၁၉၆၁ ခုနှစ် ဒုတိယအကြိမ် အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစားပြိုင်ပွဲနှင့် ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ် အရှေ့ တောင်အာရှ ကျွန်းဆွယ်အားကစား ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံ ကျင်းပခဲ့ပြီးနောက်ပိုင်း ယခု (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို (၄၄)နှစ်အကြာ တွင် တတိယအကြိမ်အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိသည့်အတွက် များစွာ ဝမ်းမြောက်ဂုဏ်ယူပါ ကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူ တစ်ရပ်လုံး၏ကိုယ်စား ပြောကြား လိုပါကြောင်း။

ယနေ့ ကမ္ဘာတွင် အားကစား သည် ထိရောက်ကောင်းမွန်သော သံတမန်လမ်းကြောင်းတစ်ခု၊ နိုင်ငံ တစ်နိုင်ငံ၏ ဂုဏ်သိက္ခာမြင့်မားမှုကို ပီပြင်စွာ ဖော်ထုတ်ပြသနိုင်သည့် နည်းလမ်းကောင်းတစ်ရပ်ဆိုသည် ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အဖွဲ့ချုပ်အနေဖြင့် **"ဒေသတွင်း ချစ်ကြည်ရင်းနှီးမှု၊ ကျန်းမာကြံ့ခိုင် သန့်စွမ်းမှု၊ အားကစားကို ချစ်မြတ်နိုးမှု၊ အားကစားစိတ်ဓာတ်ရှိမှု"**တို့ကို ဒေသတွင်းနိုင်ငံများကြားမှာ အစဉ် အမြဲကိန်းအောင်းနေစေရန် ရည်ရွယ် ပြီး အရှေ့တောင်အာရှအားကစား ပြိုင်ပွဲများကို ကျင်းပခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံ အနေဖြင့်လည်း အာဆီယံနိုင်ငံများအကြား အား ကစားဖြင့် ချစ်ကြည်ရေးကို တိုးမြှင့် ခိုင်မာစေရန်ဆိုသည့် ရည်ရွယ်ချက် ဖြင့် စိမ်းလန်းသန့်ရှင်းချစ်ကြည်ခြင်း "Green, Clean & Friendship" ဟူသည့် ဆောင်ပုဒ်ကို ချမှတ်ပြီး ပြိုင်ပွဲကြီးကို လက်ခံကျင်းပခဲ့ခြင်း ဖြစ်ပါကြောင်း။

ပြိုင်ပွဲကြီးကို အောင်မြင်စွာ လက်ခံကျင်းပနိုင်ရန်အတွက် ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနှင့်ကျင်းပ ရေးကော်မတီများ၊ တာဝန်ရှိသူများ က အတတ်နိုင်ဆုံးပြည့်စုံအောင် ကြိုးပမ်း ပြင်ဆင်ထားကြသကဲ့သို့ ဆက်ဆံရေး လုပ်အားပေးလူငယ် များကလည်း ကြွရောက်လာကြသော ဧည့်သည်တော်များ၊ အားကစား သမားများကို မြန်မာတို့၏ယဉ်ကျေး ပျူငှာမှု၊ ရင်းနှီးဖော်ရွေမှုများကို ပြသပြီးလိုအပ်သည်များ အနီးကပ် ကူညီပေးသွားကြမည်ဖြစ်ပါကြောင်း။

ပြိုင်ပွဲကို လာရောက်ကြသည့် ဧည့်သည်တော်များအနေဖြင့်လည်း မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ ထုံးစံများအပြင် အေးချမ်းသာယာပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေး ကြိုးပမ်း ဆောင်ရွက်နေမှုများကို မျက်ဝါးထင်ထင်မြင်တွေ့ခွင့် ရရှိကြ မည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် (၂၇)ကြိမ် မြောက် အရှေ့တောင်အာရှ အား ကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်အားပေးကြသည့် နိုင်ငံ အသီးသီးမှ ဧည့်သည်တော်များ၊ ပြိုင်ပွဲကို တရားမျှတစွာကျင်းပပေး ကြမည့် Technical Director များ နှင့် ဒိုင်/ဂျူရီများ၊ အားကစား စိတ်ဓာတ်အပြည့်ဖြင့် ဝင်ရောက် ယှဉ်ပြိုင်ကြမည့် အားကစားသမား များနှင့် အုပ်ချုပ်သူ၊ နည်းပြများ၊ ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် အဘက်ဘက်မှ ကြိုးပမ်း ဆောင်ရွက်နေကြသော တာဝန်ရှိသူ များ၊ အနုပညာရှင်များ၊ အတတ် ပညာရှင်များ၊ ပြိုင်ပွဲသတင်းများကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ် လွှင့်ပေးကြမည့် မီဒီယာများအားလုံး ကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း **"(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကို ယခုအချိန်မှစ၍ ဖွင့်လှစ်ကြောင်း ကြေညာလိုက်သည်"**ဟူ၍ ကြေညာ ရာ မီးရှူးမီးပန်းများဖြင့် ပစ်ဖောက် ဂုဏ်ပြုဆောင်ရွက်သည်။

အားကစားအဓိဋ္ဌာန်ပြုရာတွင် ဝူရှူးအားကစားသမား မစန္ဒီဦးက အားကစားသမားများ ကိုယ်စားနှင့် ဒိုင်လူကြီး ဦးပြည်စိုးမိုးက ဒိုင်လူကြီး များနှင့် ပြိုင်ပွဲကြီးကြပ်သူများ ကိုယ်စား အာဆီယံနိုင်ငံအလံများ ခြံရံလျက် သတ်မှတ်စင်မြင့်၌ အား ကစား သစ္စာအဓိဋ္ဌာန်ပြုခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတကာ ပြေးခုန်ပစ် အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် ခြောက်ခုရရှိခဲ့သည့် ဦးသန့်ဇင်က မီးထွန်းညှိတိုင်ကို ကွင်းအတွင်း သယ်ဆောင်လာပြီး နိုင်ငံတကာ ပြေးခုန်ပစ် အားကစား ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု ၁၅ ခု ရရှိခဲ့သည့် ဒေါ်ဂျနီဖာတင်လေး၊ နိုင်ငံတကာ အားကစားပြိုင်ပွဲများ တွင် ရွှေတံဆိပ်ဆု ၁၇ ခုရရှိခဲ့သည့် ဦးတင်အောင် (ဂိုး)၊ နိုင်ငံတကာ ပြေးခုန်ပစ် အားကစားပြိုင်ပွဲများ တွင် ရွှေတံဆိပ်ဆု ၁၉ ခုရရှိခဲ့သည့် ဒေါ်သန်းသန်း၊ နိုင်ငံတကာ ပြေး ခုန်ပစ် အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု ၂၈ ခု ရရှိခဲ့သည့် ဒေါ်ခင်ခင်ထွေး၊ နိုင်ငံတကာ ကျွမ်းဘား အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုခြောက်ခု ရရှိခဲ့သည့် ဦးမြင့်အောင်၊ နိုင်ငံတကာ ပြေး ခုန်ပစ် အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုသုံးခုရရှိခဲ့သည့် ဦးစော ဆာလောလနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင် ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာနပြည်ထောင်စု ဝန်ကြီး ဦးအေးမြင့်ကြူတို့က လက်ဆင့် ကမ်းသယ်ဆောင်ကြသည်။

ထို့နောက် ရထားပျံပေါ်မှ မြားပစ်အားကစားသမား မောင်ဝေ လင်းထွန်းက ပင်မမီးရှူးတိုင်ကို မြားဖြင့်ပစ်၍ မီးထွန်းညှိရာ မီးရှူး မီးပန်းများ ပစ်ဖောက်ကာ ဂုဏ်ပြု သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲ မီးရှူးတိုင်၏ အလင်းရောင်သည် မည်သည့်အခါမျှ မှေးမှိန်သွားမည် မဟုတ်သကဲ့သို့ အရှေ့တောင်အာရှ နိုင်ငံများ၏ ချစ်ကြည်ရင်းနှီး ပေါင်းစည်းမှုသည် လည်း ထာဝရတည်ရှိနေမည်သာ ဖြစ်သည်။

ယင်းနောက် အာဆီယံနိုင်ငံ များမှ အားကစားသမားများ ကွင်း အတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ဆက်လက်၍ ဖျော်ဖြေရေး အစီ အစဉ်များဖြင့်တင်ဆက်ရာ အမျိုး သားအမွေအနှစ် မဟာပုဂံ၊ ပွဲဦး အလင်္ကာ၊ ရွှေနိုင်ငံက ကြိုနေမယ်၊ အနာဂတ်ကမ္ဘာမြေ၊ မျိုးဆက်သစ် တို့ အားမာန်၊ သွေးချင်းတို့ဌာနေ မြန်မာပြည်အစီအစဉ်များကို တေး သရုပ်ဖော် ကကွက်လှုပ်ရှားမှုများဖြင့် ပုံဖော်တင်ဆက်သည်။

အမျိုးသားအမွေအနှစ် မဟာ ပုဂံအစီအစဉ်တွင် ကပြဖျော်ဖြေသူ ၄၀၀ ကျော်ပါဝင်ပြီး အရုဏ်ဦး ကုလားတက်သံ၊ လင်းကြက်တွန်သံ၊ ဗဟိုရ်စည်တီးသံ၊ ဆည်းလည်းသံ၊ ခေါင်းလောင်းသံ၊ ပုဂံတီးလုံးညင်း သွဲ့သွဲ့၊ လေတိုက်သံ စသည့်နောက်ခံ အသံများနှင့်ပေါင်းစပ်၍ LED Board တွင် ပုဂံဒေသ၏ အလှ တရားများကို ပြသသည်။

ပွဲဦးအလင်္ကာ အစီအစဉ်တွင် ကပြဖျော်ဖြေသူ ၂၀၀ ကျော်ပါဝင်ပြီး မြေဝိုင်းနှစ်ပါးသွားအဆို တီးလုံး၊ ပွဲဦး အလင်္ကာတီးလုံးအသံတို့နှင့် ပေါင်းစပ်၍ LED Board တွင် တောတန်းရှုခင်းများ၊ နန်းဆောင်ပုံ၊ ပုပ္ပားတောင်၊ နှင်းဆီ၊ နေကြာ၊ ဒေလီ ယာပန်း စသည်တို့ကို ပြသသည်။

ရွှေနိုင်ငံက ကြိုနေမယ်အစီ အစဉ်မှာတစ်ခုတည်းသော အာဆီယံ အသိုက်အဝန်း ဖြစ်လာစေရေး အတွက် မြန်မာနိုင်ငံက အာဆီယံ နိုင်ငံများအား ပူးပေါင်းပါဝင်ရန် လက်ကမ်းကြိုဆိုသည့် အဓိပ္ပာယ်ဖြင့် ကပြဖျော်ဖြေခြင်းဖြစ်သည်။ ထိုအစီ အစဉ်တွင် ကပြဖျော်ဖြေသူ ၁၉၀၀ ပါဝင်ပြီး အာဆီယံနိုင်ငံများအလိုက် ကကွက်များကို သရုပ်ဖော် ကပြ ဖျော်ဖြေသည်။ ထိုအချိန်တွင် LED Board တွင် နိုင်ငံအလိုက် အလံနှင့် မြေပုံ၊ Landmark များကို ပြသ သည်။

အနာဂတ်ကမ္ဘာမြေ အစီအစဉ် တွင် သရုပ်ဖော်တင်ဆက်သူ ၄၀၀ ကျော်ပါဝင်ပြီး ကမ္ဘာမြေကြီးစိမ်းလန်း စိုပြည်သာယာနေပုံ၊ မုန်တိုင်းဒဏ် ကြောင့် ပျက်စီးရပုံ၊ တည်ဆောက် ရေးလုပ်ငန်းများ ဖော်ဆောင်ပုံနှင့် ကမ္ဘာမြေကြီး ပြန်လည်စိမ်းလန်း စိုပြည်သာယာလာပုံတို့ကို LED Board နှင့် Sound Effect များ အသုံးပြုကာ ပုံဖော်တင်ဆက်သည်။

မျိုးဆက်သစ်တို့ အားမာန် အစီအစဉ်တွင် ကပြဖျော်ဖြေသူ ၄၅၀ ပါဝင်ပြီး အရောင်စုံဗစ်ဝတ်စုံ ရောင်စုံဖြင့် မြူးကြွသည့် တေးဂီတ နောက်ခံပေါင်းစပ်ကာ စည်းချက်ညီ လှုပ်ရှားကပြကြသည်။

သွေးချင်းတို့ဌာနေ မြန်မာပြည် အစီအစဉ်တွင် ကပြဖျော်ဖြေသူ ၂၀၀၀ ကျော်ပါဝင်ပြီး တိုင်းရင်းသား ဝတ်စုံများဖြင့် စည်းချက်နှင့်အညီ လှုပ်ရှားပြသကြသည်။ LED Board တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်မြေပုံများ၊ ရှုခင်းများကို ဟန်ချက်ညီတင်ဆက်ပြီး ထူးခြားမှု အဖြစ် ပြည်ထောင်စုပြတင်းပေါက် ရှစ်ပေါက်ကို ကောင်းကင်ကြိုးဖြင့် နည်းပညာ ပေါင်းစပ်ပြသသည်ကို တွေ့ရသည်။ ထို့ပြင် မြန်မာပြည်မြေပုံ နှင့် Green, Clean & Friendship စာတန်းပုံတို့ကို မမောစတမ်း ပုံဖော် ပြသခဲ့သည်။

ထို့အတူ တေးသံရှင် စိုင်းစိုင်း ခမ်းလှိုင်နှင့် သီရိဆွေတို့က"Goal"၊ တေးသံရှင်ဇော်ပိုင်နှင့် ရေဗက္ကာဝင်း တို့က "ရွှေရောင်လက်ခုပ်သံ"၊ တေးသံရှင် မေခလာ၊ စစ်သွေး၊ မင်းယံနှင့် ရှိုင်းဝေလျံတို့က "မိုးယံ ထက်က မြန်မာပြည်သား"နှင့် တေး သံရှင် နီနီခင်ဇော်က "Win the Day"တေးသီချင်းများဖြင့် ဖျော်ဖြေ တင်ဆက်ခဲ့ကြပြီး ဖွင့်ပွဲအခမ်းအနား ကို အောင်မြင်စွာဖြင့် ရုပ်သိမ်းခဲ့ သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မီးရှူးတိုင် နေပြည်တော်သို့ သယ်ဆောင်

ရန်ကုန် ဒီဇင်ဘာ ၁၁

(၂၇)ကြိမ်မြောက် အရှေ့တောင် အာရှ အားကစားပြိုင်ပွဲ မီးရှူးတိုင်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ နေပြည်တော်သို့ သယ်ဆောင်သည်။

မီးရှူးတိုင် သယ်ဆောင်ခြင်း အခမ်းအနားကို နံနက် ၅ နာရီခွဲ တွင်ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပရာ (၂၇)ကြိမ်မြောက် အရှေ့ တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီ (ရန်ကုန်ဇုန်) ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးမြင့်ဆွေက ပြိုင်ပွဲရုံလှေကား ထိပ်ရှိ မီးကူးဒယ်မှတစ်ဆင့် မီးရှူး တိုင်အား စတင်ထွန်းညှိပြီး တိုင်း ဒေသကြီးစီမံကိန်းနှင့် စီးပွားရေး ဝန်ကြီး ဦးသန်းမြင့်သို့ ပေးအပ် သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီး ဦးသန်းမြင့်က မီးရှူးတိုင်အား လက်ဆင့်ကမ်း သယ်ဆောင်မည့် ရွှေတံဆိပ် ၁၃ ဆုရှင် မြန်မာ့ လက်ရွေးစင် အလေးမ အားကစား သမားကြီး ဦးစန်းမြင့်အား ပေးအပ် သည်။

ယင်းနောက် မြန်မာ့လက်ရွေး စင်အလေးမ အားကစားသမားကြီး ဦးစန်းမြင့်က မီးရှူးတိုင်အား ဝေဇယန္တာလမ်းမကြီးအတိုင်း ဆက် လက်သယ်ဆောင်သည်။

ဝေဇယန္တာလမ်းမကြီး တစ် လျှောက်တွင် ရွှေတံဆိပ်ဆုရ မြန်မာ့ လက်ရွေးစင်အားကစားသမားကြီး များ ခေါင်းဆောင်သည့် မီးရှူးတိုင် သယ်ယူရေးအဖွဲ့များ Air KBZ၊ MAI၊ Canon၊ 100 Plus နှင့် SAMSUNG ကုမ္ပဏီများမှ မီးရှူး တိုင် သယ်ယူရေးအဖွဲ့များက မီးရှူး တိုင်အား အဆင့်ဆင့် လက်ဆင့်ကမ်း ၍ သယ်ဆောင်ကြသည်။

ယင်းသို့ မီးရှူးတိုင်အား သယ် ဆောင်ရာတွင် ဝေဇယန္တာလမ်းဘေး တစ်လျှောက်မှနေ၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲ ကျင်းပရေးကော်မတီအသီးသီး မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ် ဖွဲ့ဝင်များ၊ ကုမ္ပဏီဝန်ထမ်းများ၊ ပြည်သူများက လမ်းဘေးဝဲယာ တစ်လျှောက်မှနေ၍ နိုင်ငံတော် အလံငယ်များနှင့် SEA Games အလံငယ်များ ဝှေ့ယမ်း၍ သောင်း သောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြ သည်။

ထို့အပြင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲကြီးကို. . . ကြိုဆိုပါ၏၊ SEA Games မီးရှူးတိုင်အား. . . ကြိုဆို ပါ၏ စာသားများကို ကြွေးကြော် ၍လည်း နှုတ်ဆက်ကြသည်။

တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် အသီးသီးမှလည်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်ပါစေ၊ ဂုဏ်ပြုကြိုဆိုပါ ၏ စာတန်းများကို ချိတ်ဆွဲ၍ ကြိုဆို ကြသည့်အပြင် မြန်မာနိုင်ပါစေ၊ SEA Games ပွဲတော်ကြီးအောင်မြင် ပါစေဟူသည့် တေးသီချင်းများကို သီဆို၍လည်းကောင်း၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်း ကောင်း လှိုက်လှိုက်လှဲလှဲ ကြိုဆို နှုတ်ဆက်ကြသည်။

နံနက် ၆ နာရီခွဲတွင် တောင် ဥက္ကလာပမြို့နယ် စာဂလမ်းထိပ်အနီး ၌ SAMSUNG Co.,Ltd. မီးရှူး တိုင်သယ်ယူရေးအဖွဲ့ ခေါင်းဆောင် က နေပြည်တော်သို့ မီးရှူးတိုင် ဆက်လက် သယ်ဆောင်သွားမည့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် မှ နည်းပြဗိုလ်မှူးကြီး ဗိုလ်မှူးကြီး ကျော်ဝင်းတင်အား မီးရှူးတိုင်ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မီးရှူးတိုင်အား ပါရမီလမ်း၊ ကမ္ဘာအေး စေတီလမ်း၊ ပြည်လမ်း၊ ရန်ကုန်- ပဲခူးလမ်း၊ ထိုမှတစ်ဆင့် ရန်ကုန်- မန္တလေး အမြန်လမ်းမကြီးအတိုင်း မီးရှူးတိုင်သယ်ဆောင်ရေး အထူး ယာဉ်ဖြင့် (၂၇)ကြိမ်မြောက် အရှေ့ တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကျင်းပမည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစား ကွင်းသို့ ဆက်လက်သယ်ဆောင် သွားသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

မန္တလေးနှင့် အထက်မြန်မာပြည်သတင်း

ထီးတော်တင်လှူပူဇော်ပွဲနှင့် စတုဒိသာကျွေးမွေးလှူဒါန်းပွဲကျင်းပ

မိတ္ထီလာ ဒီဇင်ဘာ ၁၁

မိတ္ထီလာမြို့ ဈေးအရှေ့ပြင်ရပ်ကွက် ဈေးကုန်းဆုတောင်းပြည့် ခုနစ်ဆူကျောင်းတိုက်တွင် တည်ထားကိုးကွယ်သည့် သမိုင်းဝင်ကွမ်းတောင်စေတီ ထီးတော်တင်လှူပူဇော်ပွဲနှင့် စတုဒိသာကျွေးမွေးလှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီက ကျင်းပသည်။

သမိုင်းဝင် ကွမ်းတောင်စေတီ ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များကို မြို့နယ်သံဃနာယက ဆရာတော်နှင့် သံဃာတော်မြတ်များ၊ အလှူရှင် စေတနာရှင်များက စုပေါင်းတင်လှူပူဇော်ကြပြီး ထီးတော်တင်လှူပွဲသို့ တက်ရောက်လာကြသည့် ခုနစ်ရက်သားသမီးများကို စတုဒိသာကျွေးမွေး လှူဒါန်းသည်။

စုပေါင်းလှူဒါန်း

အဆိုပါစေတီ ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များအား တင်လှူပူဇော်ခြင်း၊ စတုဒိသာကျွေးမွေး လှူဒါန်းခြင်း၊ ထေရ်ကြီး ဝါကြီးသံဃာတော် ၁၅ ပါးအား လှူဒါန်းငွေကျပ်တစ်သိန်းစီ၊ သံဃာတော် ၈၅ ပါးအား လှူဒါန်းငွေကျပ်ငါးသောင်းစီနှင့် လှူဖွယ်ပစ္စည်းဝတ္ထုများ လှူဒါန်းခြင်းများအား မိခင်ကြီးဒေါ်အေးစိန်အား အမှူးထား၍ ထိုင်းနိုင်ငံ ဗန်ကောက်မြို့နေ ဆွန်ဘတ်၊ ဆွန်ဆတ် မောင်နှမတစ်စုနှင့်တကွ ဒေသခံစေတနာရှင်များက စုပေါင်းလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်ထား

စစ်ကိုင်းတံတား(အင်းဝ)

ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတား(အင်းဝ)ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့်(၃)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁)နှင့် (၂)အကြားမှလည်းကောင်း ဖွင့်လှစ်ထားသည်။ ယခုအခါ ရေနည်းကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဒီဇင်ဘာ ၁၁ ရက်မှစ၍ အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁)နှင့်(၂)အကြားမှ ပြောင်းလဲဖွင့်လှစ်ခဲ့သည်။

ပြောင်းလဲမည့်ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၁၀၇ မီတာရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၁ မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။

ရေယာဉ်များအနေဖြင့် ရေလယ်တိုင်နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးချက်ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

အနော်ရထာတံတား(ချောက်)

ဧရာဝတီမြစ်ကူးအနော်ရထာတံတား(ချောက်)ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၅)နှင့်(၆)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့်(၅)အကြားမှလည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားသည်။ ယခုအခါ ရေနည်းကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဒီဇင်ဘာ ၁၀ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၃)နှင့် (၄)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်ခဲ့သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၁၁၀ မီတာရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားမည်။ မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားသည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးချက် ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မဟာဇေယျမုနိရုပ်ပွားတော် ပင့်ဆောင်ပူဇော်ပွဲကျင်းပ

မြစ်ငယ် ဒီဇင်ဘာ ၁၁

ဗုဒ္ဓရုပ်ပွားတော်များကို တည်ထားကိုးကွယ်ရာတွင် ကျောက်အမျိုးမျိုး၊ သစ်သားအမျိုးမျိုးနှင့် ကျောက်စိမ်းများဖြင့် ကြည်ညိုဖွယ်ရာရုပ်ပွားတော်များကို ဗိသုကာပညာရှင်များက ထုဆစ်ကိုးကွယ်ခဲ့ကြရာ ယခုအခါ ဆန်းသစ်စွာဖြင့် ဖိုင်ဘာများကို အသုံးပြု၍ ကြည်ညိုဖွယ်ရာ ရုပ်ပွားဆင်းတုတော်များ ထုဆစ်ပြုလုပ် ကိုးကွယ်နေပြီဖြစ်ကြောင်း သိရသည်။

ကျင်းပ

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၁)မှ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တလင်းကြီးကျေးရွာ ရွာဦးကျောင်းသို့ ဖိုင်ဘာဖြင့် ပြုလုပ်ထားသည့် ညဏ်တော်အမြင့် ၁၂ ပေ ၅ လက်မရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးနှင့် ပုံတူကိုယ်ပွားတော် မဟာဇေယျမုနိဘွဲ့တော်အမည်ဆောင်သော ရုပ်ပွားတော်မြတ်ကြီးကို ဒီဇင်ဘာ ၉ ရက် နံနက် ၈ နာရီက ပင့်ဆောင်ပူဇော်ပွဲကျင်းပသည်။

အဆိုပါ ဖိုင်ဘာဖြင့် ပြုလုပ်ထားသည့် ရုပ်ပွားတော်မြတ်ကြီးကို ဘုရားဒါယကာ ဦးဘိုလေး(ခ)ဦးမြင့်သိန်း(သီရိသုဓမ္မမဏိဇောတရဲ)နှင့် ဇနီး ဒေါ်စုစုတို့က လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ဖိုင်ဘာရုပ်ပွားတော်မြတ်ကြီးကို ဘုရားဒါယကာ ဦးဘိုလေး (ဗိသုကာပညာရှင်) ကိုယ်တိုင် ထုဆစ်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ကုန်ကျငွေမှာ ငွေကျပ် သိန်း ၅၀၀ ကျော်ကြောင်း သိရသည်။

"ပထမအကြိမ် နေပြည်တော်မှာ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးကို ရဟန်းရှင်လူပြည်သူအပေါင်း ဖူးမြော်ကြည်ညိုရန် လှူဒါန်းခဲ့ပြီး ယခုလည်း မိမိကျေးရွာဇာတိမှာ အများပြည်သူ ဖူးမြော်နိုင်ရန် မိမိကိုယ်တိုင် ဖိုက်ဘာများကို အသုံးပြုပြီး ထုလုပ်ပူဇော်ခဲ့ခြင်းဖြစ်ပါတယ်" ဟု ဗိသုကာပညာရှင် ဘုရားဒါယကာ ဦးဘိုလေး(ခ)ဦးမြင့်သိန်း (သီရိသုဓမ္မမဏိဇောတရဲ)က ပြောကြားသည်။

သီတင်းသုံးစံပယ်

ဖိုက်ဘာဖြင့် ပြုလုပ်ထားသည့် မဟာဇေယျမုနိ ရုပ်ပွားဆင်းတုတော်မြတ်ကြီးသည် အမရပူရမြို့နယ် တလင်းကြီးကျေးရွာ ကျောင်းတွင် ရဟန်းရှင်လူပြည်သူအပေါင်း ဖူးမြော်နိုင်ရန် ယာယီစံကျောင်းတော်တွင် သီတင်းသုံးစံပယ်တော်မူနေပြီဖြစ်သည်။

(၁၅၉)

မန္တလာသီရိအဆင့်မြင့်အားကစားကွင်း၌ အထိမ်းအမှတ်ပစ္စည်းများ ဝယ်ယူနိုင်

မန္တလေး ဒီဇင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မန္တလာသီရိအဆင့်မြင့်အားကစားကွင်း၏ တောင်ဘက်ကွင်း Social Zone နေရာ၌အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အထိမ်းအမှတ် အမှတ်တရပစ္စည်းဆိုင်များ၊ စားသောက်ဆိုင်များ စုစုပေါင်း ၇၂ ခန်း ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

အဆိုပါဆိုင်များတွင် ဆီးဂိမ်းအမှတ်တရအလံများ၊ အင်္ကျီ၊ အရုပ်၊ ဦးထုပ်၊ ဘောလုံးနှင့် ဇီးကွက်ရုပ်များ၊ ပန်းချီ၊ ကြိမ်ထည်၊ ကျောက်မျက်ရတနာ၊ ပန်းပုနှင့် အခြားအမှတ်တရပစ္စည်းများကို ရောင်းချလျက်ရှိသည်။

မန္တလာသီရိ အဆင့်မြင့်အားကစားကွင်းသို့ လာရောက်ကြသော အနယ်နယ်အရပ်ရပ်မှ ဘောလုံးပရိသတ်များက ဆီးဂိမ်းအမှတ်တရပစ္စည်းများ ဝယ်ယူအားပေးကြသည်။ အများဆုံးဝယ်ယူချင်သော အမှတ်တရပစ္စည်းမှာ ဆီးဂိမ်းလိုဂို ဇီးကွက်ရုပ်ဖြစ်သည်။ ဇီးကွက်ရုပ်တစ်ကောင်လျှင် ငွေကျပ် ၈၀၀၀၊ နှစ်ရုပ်လျှင် ငွေကျပ် ၁၆၀၀၀ ပေးရမည်ဖြစ်သောကြောင့် ဝယ်ယူမှုအားနည်းလျက်ရှိသည်။ "လာဘ်ကောင် ဇီးကွက်ရုပ်လေးတွေ ဈေးပေါပေါနဲ့ ရောင်းမယ်ဆိုရင် ကောင်းမှာပါ၊ ဆီးဂိမ်းအမှတ်တရဆိုတော့ ဝယ်ကြမှာပါ၊ အနည်းဆုံး ငွေကျပ် ၂၀၀၀ ဆိုရင် မဆိုးဘူးပေါ့၊ အခုကျတော့ တစ်ရုပ်ကို ရှစ်ထောင်ဆိုတော့ တော်ရုံလက်လုပ်လက်စားသမားတွေ မဝယ်နိုင်ပါဘူး" ဟု ပြည်သူတစ်ဦးက ပြောသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ကျေးဇူးရှင်ဆရာ ပြည်ထောင်စုရှေ့နေချုပ် ဝဏ္ဏကျော်ထင်ဒေါက်တာထွန်းရှင်သည် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ ညီလာခံတွင် ၂၀၁၃ခုနှစ် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်ဂုဏ်ထူးဆောင်ဆု(International Jurists Award-2013) ကို ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်လျက်ရှိပါကြောင်း။

ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်နှင့်
တိုင်းဒေသကြီး၊ ခရိုင်မြို့နယ်ဥပဒေအရာရှိများ ဝန်ထမ်းများ

အကြောင်းကြားပေးပါရန်

ကျွန်မ နော်ခူမူဖော ၁၂/မရက(နိုင်)၁၃၇၃၀၂၏မြန်မာနိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၁၂၈၃၉၈

ငှားမည်/တ/ဉ

ဝေဇယန္တာလမ်းမကြီး၊ ပါရမီမီးပွိုင့်အနီး
နှစ်ထပ်ပေ(၁၅×၅၀)၊ ရေ၊ မီး၊ ဖုန်း
အသင့်နေ အကျိုးဆောင်မလို
ဖုန်း-၀၉-၅၁၇၆၅၇၃၊ ၀၉-၅၁၇၆၅၇၅

ဒေါ်သီသီဦးနှင့် သက်ဆိုင်သူများသိရှိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဒေါ်ခင်မာလွင် ၁၂/မဂတ(နိုင်)၁၃၁၃၇၃၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်က အောက်ပါအတိုင်း ကြေညာပါသည်။

ဒေါ်သီသီဦးသည် ကျွန်ုပ်၏မိတ်ဆွေလက်ရှိနေထိုင်သည့် တိုက်၇၊ အခန်း ၂/၂၊ ရွှေရတနာမြင့်အိမ်ရာနေအိမ်သို့ လွန်ခဲ့သည့်နှစ်လကျော်ခန့်က ရောက်ရှိလာခဲ့ပါသည်။ ဒေါ်ခင်မာလွင်က ဦးနိုင်လင်းသို့ရောင်းထားသည့် အမှတ်၁၅၇၀၊ (၆၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေကွက်ကိစ္စနှင့်ပတ်သက်၍ ဦးနိုင်လင်းကခိုင်းသဖြင့် လာရောက်ခြင်းဖြစ်ကြောင်းရှင်းပြပြီး ဒေါ်ခင်မာလွင်၏ လက်မှတ်ကို ရုံးသုံးစာရွက်ပြောင်နှစ်ရွက်တွင် လက်မှတ်ထိုးခိုင်း၍ ရယူသွားခဲ့ပါသည်။

ထို့ပြင် ဦးနိုင်လင်းအား ရောင်းချထားပြီးဖြစ်သည့် အမှတ်၁၅၇၀၊ (၆၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေကွက်၏အထောက်အထား မိတ္တူများကိုလည်း ရယူသွားခဲ့ပါသည်။ ဒေါ်ခင်မာလွင်သည် အသက်(၇၀)ဝန်းကျင်ရှိ လူကြီး တစ်ဦးဖြစ်ပါသည်။ ၄င်းရောင်းထားသည့်မြေကွက်ကို ဝယ်ယူသူကခိုင်း၍ လာယူပါသည်ဟုပြောသည့်ကိစ္စကို ယုံကြည်၍ ဆောင်ရွက်ပေးလိုက်ခြင်းဖြစ်ပါကြောင်း သက်ဆိုင်သူများကို သိစေအပ်ပါသည်။

နောက်မှ ဦးနိုင်လင်းက မည်သူကိုမျှ စေလွှတ်ခြင်းမရှိကြောင်း၊ မခိုင်းကြောင်း ပြောပြ၍ သိရှိရသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ယုံကြည်မှုဖြင့်ပေးအပ်လိုက်သော စာရွက်စာတမ်းများကို ယူဆောင်သွားသည့်ဒေါ်သီသီဦးသည် ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ ယူဆောင်သွားသည့်စာရွက်စာတမ်းများကို ပြန်လည်အပ်နှံပေးပါရန် အသိပေးကြေညာပါသည်။

အကယ်၍ သတ်မှတ်ရက်အတွင်း ပြန်လည်အပ်နှံရန်ပျက်ကွက်ပါက ဖြစ်ပေါ်လာနိုင်သော ကိစ္စအဝဝအတွက် ပြေလည်သည်အထိ ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်သည် စာရွက်စာတမ်းများကိုယူဆောင်သွားသူ၏တာဝန်သာဖြစ်ပါကြောင်း ဒေါ်သီသီဦးနှင့် သက်ဆိုင်သူများသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်ယဉ်ပြုံး(ဥပဒေဘွဲ့)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၅၃)
တိုက်အမှတ်၄/၅၊ ပေါ်ဆန်းမွှေးလမ်း၊ (၂၉)ရပ်ကွက်၊
သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဖုန်း-၀၉-၅၀၁၃၆၉၉

ပျားရည်ကုန်းရပ်ကွက်၊ ၁၄၉လမ်း၊ အမှတ်(၆)ရှိ ခြောက်ထပ်တိုက်၏ (လေးလွှာ/ဘီ) (ဘယ်ဘက်)၊ ကြိုပွဲပိုင့်ဖြင့်ဝယ်ယူထားသူသိရှိစေရန်

အထက်ဖော်ပြပါတိုက်ခန်းကို ကြိုပွဲပိုင့်စနစ်ဖြင့်ဝယ်ယူထားသူက သုံးလွှာလောင်းပြီး ငွေပေးသွင်းရမည်ဖြစ်သော်လည်းတိုက်အမိုး မိုးပြီးသည်အထိ ပေးသွင်းရမည့်ငွေများကို လာရောက်ပေးသွင်းခြင်းမရှိဘဲ ပျက်ကွက်လျက်ရှိနေပါသည်။

ထိုသို့တိုက်ခန်းဖိုးငွေပေးသွင်းရမည့် အရစ်ကျကျန်ငွေများကို အမှတ်(၁၄၁/၁၄၃)၊ သိမ်ဖြူလမ်းရှိ ဇေဒင်နှင်းဆီရုံးခန်းသို့ ဤကြော်ငြာစာပါသည့်ခုနစ်ရက်အတွင်း နောက်ဆုံးထား၍ လာရောက်ပေးသွင်းပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ပေးသွင်းခြင်းမရှိပါက ပေးသွင်းထားသည့် တိုက်ခန်းဖိုးငွေများကို ဆုံးရှုံးခံရမည်ဖြစ်ကြောင်း တစ်ပါတည်းသိရှိစေအပ်ပါသည်။

(ဒါရိုက်တာ) ဇေဒင်နှင်းဆီဆောက်လုပ်ရေး
ဖုန်း-၀၉-၅၀၂၅၃၈၈၊ ၀၁-၃၈၂၀၉၅

မိခင်နှင့်ကလေးကျန်းမာရေးလုပ်ငန်းများတွင် UHC ရရှိအောင် ဦးစားပေးဆောင်ရွက်သွားမည်

နေပြည်တော် ဒီဇင်ဘာ ၁၁

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်သည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဒီဇင်ဘာ ၅ ရက်မှ ၆ ရက်အထိ ကျင်းပခဲ့သည့် Global Conference on Universal Health Coverage For Inclusive and Sustainable Growth ညီလာခံသို့ တက်ရောက်ရန် ဒီဇင်ဘာ ၃ ရက်တွင် ဂျပန်အပြည်ပြည်ဆိုင်ရာလေကြောင်းဖြင့် တိုကျိုမြို့သို့ ထွက်ခွာသွားသည်။

ညီလာခံ ဖွင့်ပွဲအခမ်းအနားကို တိုကျိုမြို့ Prince ဟိုတယ်တွင် ကျင်းပရာ ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး Mr. Taro Aso၊ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ Dr.Jim Yong Kim၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr.Margared Chan၊ အဆိုပါ ညီလာခံကျင်းပရေးကော်မတီ ဒုတိယသဘာပတိများ ဖြစ်ကြသည့် Dr. Timothy Evans နှင့် Prof.Keizo Takemi တို့က အဖွင့်မိန့်ခွန်းများ ပြောကြားကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေသက်ခင်က တင်ပြရာ မြန်မာနိုင်ငံသည် (UHC)ရရှိအောင်စတင်ဆောင်ရွက်သည့်အဆင့်တွင်သာ ရှိသေးကြောင်း၊ (UHC) သည် မြန်မာနိုင်ငံသားတို့၏ ကျန်းမာရေးအဆင့်အတန်းပိုမိုတိုးတက်ကောင်းမွန်စေရန်နှင့် ကျန်းမာရေးအတွက် ပြည်သူလူထု၏ ငွေကြေးကုန်ကျမှုကြောင့် နောက်ဆက်တွဲဝန်ထုပ်ဝန်ပိုးအဖြစ် ပြဿနာလျော့ပါးအောင် ဆောင်ရွက်ပေးနိုင်မည့်နည်းလမ်းဖြစ်သည်ဟု ယုံကြည်ထားကြောင်း၊ တိုင်းပြည်၏ပြုပြင်ပြောင်းလဲမှုအခြေအနေများနှင့်လည်းလိုက်လျောညီထွေဖြစ်သဖြင့် မိမိတို့မျှော်မှန်းထားသည့် မိခင်နှင့်ကလေးသေနှုန်းလျှော့ချရေး၊ ရည်မှန်းချက်များကို ရရှိအောင် ဆောင်

ရွက်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း၊ ၂၀၁၂ ခုနှစ် ဇူလိုင်လမှစ၍ (UHC) ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးလေး ကြိမ်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်ကလည်း ပြည်သူလူထု၏ ကျန်းမာရေးအတွက် ငွေကြေးကုန်ကျမှုကြောင့် နောက်ဆက်တွဲဝန်ထုပ်ဝန်ပိုးဖြစ်မှုကို တတ်နိုင်သမျှလျော့ပါးအောင် ကျန်းမာရေးဆိုင်ရာ အသုံးစရိတ်ကို လွန်ခဲ့သော ငါးနှစ်ခန့်နှင့်နှိုင်းယှဉ်ပါက ရှစ်ဆအထိတိုးမြှင့်ပေးခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါ ဆေးရုံကြီးများတွင် Free Essential Medicine Program စတင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် GDP ၏ တစ်ရာခိုင်နှုန်းသာ သုံးစွဲနိုင်ခဲ့ရာမှ ယခုအခါ ၂ ဒသမ ၄ ရာခိုင်နှုန်းအထိ သုံးစွဲလာခဲ့ပြီဖြစ်ကြောင်း၊ အထူးသဖြင့် မိခင်နှင့်ကလေးကျန်းမာရေးလုပ်ငန်းများတွင် (UHC) ရရှိအောင် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ မြန်မာနိုင်ငံသည် (UHC) ရရှိရေး လမ်းကြောင်းပေါ် စတင်ရောက်ရှိနေပြီး နိုင်ငံတော်အစိုးရကလည်း သဘောတူခွင့်ပြုထားပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီး၏ ပူးပေါင်းပါဝင်မှုမရှိပါက မအောင်မြင်နိုင်သဖြင့် နည်းပညာရပ်ဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုများနှင့် အသိပေးဆွေးနွေးမှုအစီအစဉ်များကိုလည်း ဆောင်ရွက်ရန်စီစဉ်ထားပြီးဖြစ်ကြောင်း တင်ပြဆွေးနွေးခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိနေစဉ်အတွင်း ဒီဇင်ဘာ ၄ ရက် မွန်းတည့် ၁၂ နာရီက ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) ညွှန်ကြားရေးမှူးချုပ် Mr.Nobuko KAYASHIMA နှင့် တာဝန်ရှိသူများအား ဝန်ကြီးတည်းခိုရာ Prince Park Tower ဟိုတယ်၌ လက်ခံတွေ့ဆုံ၍ ကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေးခဲ့သည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် တိုကျိုမြို့ရှိ Saint Luke Hospital သို့ သွားရောက်၍ နှလုံးရောဂါဆိုင်ရာ အထူးကြပ်မတ်ကုသဆောင်သို့လည်းကောင်း၊ ကလေးရောဂါကုသဆောင်သို့ လည်းကောင်း၊ မွေးကင်းစ ကလေးအထူးကြပ်မတ်ကုသဆောင်သို့လည်းကောင်း၊ ကလေးကင်ဆာရောဂါကုသဆောင်သို့လည်းကောင်း သွားရောက်၍ကြည့်ရှုလေ့လာခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ည ၇ နာရီတွင် ကမ္ဘာ့ဘဏ်အဖွဲ့မှ Dr.Timothy Evan, Director for Health, Nutrition and Population, World Bank Group (WBG)နှင့်အဖွဲ့အား တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် UHC ရရှိရေးအတွက် ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် တိုကျိုမြို့ရှိ IMS အုပ်စု၏ Katsushika Heart Centre သို့လည်းကောင်း၊ တိုကျိုမြို့ Itabashi အရပ်ရှိ Itabashi Chuo Medical Center သို့လည်းကောင်း သွားရောက်၍ နှလုံးရောဂါ ခွဲစိတ်ကုသမှုလုပ်ငန်းများ အရေးပေါ်အခန်းတွင် ကျန်းမာရေးစောင့်ရှောက်ပေးမှုလုပ်ငန်းများ၊ ကင်ဆာရောဂါ ဓာတ်ရောင်ခြည်ကုသဆောင်အတွင်း ဓာတ်ရောင်ခြည်ကုစက်များ တပ်ဆင်ထားရှိသုံးစွဲမှုဆိုင်ရာကိစ္စရပ်များ လေ့လာကြည့်ရှုကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

သုတပဒေသာစာစောင် ရောင်းချဖြန့်ချိလျက်ရှိ

ဘာသာပြန်စာပေနှစ်သက်သူ စာဖတ်ပရိသတ်များအတွက် ကမ္ဘာ့ရောင်းအားအကောင်းဆုံး စာအုပ်စာစောင်ကောင်းနိုးရာရာများကို ရွေးချယ်ထုတ်နုတ်ဘာသာပြန်ဆို၍ လစဉ်ထုတ်ဝေလျက်ရှိသောဒီဇင်ဘာလထုတ် သုတပဒေသာစာစောင် အတွဲ(၄၀) အမှတ်(၁၂)ထွက်ရှိနေပြီဖြစ်သည်။

ယခုလထုတ် သုတပဒေသာစာစောင်၌ မြန်မာနိုင်ငံတွင်ကျင်းပတော့မည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့အားကစားမော်ကွန်းသစ်၊ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသမိုင်း၊ ဂျာမနီမြင်းပြိုင်ပွဲ၏ခေတ်သစ်၊ မျက်မှောက်အားကစားသတင်းစသည့် အားကစားဆောင်းပါးများအပြင် အခြားသော ဘာသာပြန် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ သုတရသစုံလင်စွာဖြင့် ဝေဝေဆာဆာ ဖော်ပြတင်ဆက်ထားသည်။

ထို့အပြင် မြန်မာနိုင်ငံက ဥက္ကဋ္ဌတာဝန်ထမ်းဆောင်တော့မည့် အရှေ့တောင်အာရှနိုင်ငံများအသင်း၊ အာဆီယံနှင့် ကုန်သွယ်ဖက်နိုင်ငံများ၏ စီးပွားရေးပေါင်းစည်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ၊ နှစ်ပေါင်း ၈၅၀ သက်တမ်းရှိ နော်ထရီဒမ်ကျောင်းတော်အတွက် ခေါင်းလောင်းသစ်များ၊ အုံ့ဩဖွယ်ကျောက်လှိုင်းတောင်ကုန်းများ၊ ကျောက်မီးသွေးနှင့်အပြိုင်ဖြစ်လာမည့်စွမ်းအင်သစ်၊ အများပြည်သူဝန်ဆောင်မှုမီဒီယာ၊ လူသားတို့ကဲ့သို့ ပြုမူတတ်သည့် ကမ္ဘာတစ်ဝန်းမှ တိရစ္ဆာန်လေးများစသည့်ကျန်းမာရေးနှင့်ဆေးပညာကဏ္ဍ၊ ထူးဆန်းထွေလာ၊ အင်္ဂလိပ်စာ၊ ဘာသာပြန်စာအုပ်အညွှန်းစသည်တို့ဖြင့် ဖြန့်ချိရောင်းချနေပြီဖြစ်သည်။ အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ စာပေဗိမာန်စာအုပ်ဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း-၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ ရှိစာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

ဒီဇင်ဘာလူထုအားကစားလစုပေါင်းလမ်းလျှောက်

မော်လမြိုင် ဒီဇင်ဘာ ၁၁

ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၅ နာရီက မွန်ပြည်နယ် အစိုးရအဖွဲ့ရုံးရှေ့၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမှုထမ်းများနှင့် ပြည်သူ စုစုပေါင်း ၁၀၀၀ ခန့်တို့ စုပေါင်း လမ်းလျှောက်ကြသည်။ **(ယာပုံ)**

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲကို မွန်ပြည်နယ်အစိုးရ အဖွဲ့ရုံးရှေ့မှ စတင်ကာ ကမ်းနားလမ်းတစ်လျှောက် စုပေါင်းလမ်းလျှောက်၍ ရာမည အားကစားကွင်းတွင် သွေးပူလေ့ကျင့်ခန်းအတွဲ (၁)နှင့် (၂)ကို အတူတကွ စုပေါင်း လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်တွင်းသတင်း

ဖျာပုံ-ဘိုကလေး လမ်းမဘေး၌ ငါးမွေးကန်များအောင်မြင်

ဖျာပုံ ဒီဇင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့သည် လယ်ယာစိုက်ပျိုးရေးကို အဓိကအားထားသော်လည်း ပင်လယ်နှင့် အနီးဆုံးမြို့ဖြစ်သဖြင့် ပင်လယ်ပြင် ငါးဖမ်းလုပ်ငန်းများနှင့် ရေချိုငါးမွေးမြူရေးလုပ်ငန်း၊ ရေငန်ပုစွန်မွေးမြူရေး လုပ်ငန်းများကိုလည်း လုပ်ငန်းရှင်များ တိုးချဲ့လုပ်ကိုင်လျက်ရှိသည်။ ထိုကဲ့သို့ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာတွင် ယခင်က မအူပင်-ရန်ကုန် အဝေးပြေးကားလမ်းမဘေးရှိ ရေနက်ကွင်းများတွင် ငါးမွေးကန်များတူးဖော်၍ သွားရောက်မွေးမြူကြသော်လည်း ယခုအခါ ဖျာပုံ-ဘိုကလေး အဝေးပြေးကားလမ်းမဘေးတွင် ငါးမွေးမြူရေးကန်များ တူးဖော်၍ ငါးများမွေးမြူလျက်ရှိရာတွင် အောင်မြင်စွာ မွေးမြူထုတ်လုပ်နိုင်ပြီဖြစ်သည်။

ဖျာပုံမြို့နှင့် ခြောက်မိုင်ကွာကားလမ်းမဘေးတွင်ရှိသည့် မွေးမြူရေးလုပ်ငန်းရှင် တစ်ဦးဖြစ်သည့် ဦးနေဇော်ထွန်းက "ငါးကန်မွေးမြူရာမှာ အနည်းဆုံးဧက ၄၀ လောက် မွေးမြူနိုင်ရင် ပိုကောင်းပါတယ်။ တည်ကန်နှစ်ကန် သီးခြားထားပြီး ပင်မကန်ကြီးထဲကို ငါးတွေသတ်မှတ်အရွယ်အစားရမှ ပြောင်းထည့်မွေးမြူရင်ပိုကောင်းပါတယ်။ တွံတေးမြို့နယ်ကနေ ငါးလက်မအရွယ် ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးတန်၊ ငါးဖယ်အောင်း၊ ငါးရံ့ အစရှိတဲ့ ငါးသားပေါက်တွေကို အကောင်အရေအတွက်နဲ့ ဝယ်ပြီး မွေးရပါတယ်။ ကျွန်တော့်ကန်မှာ မေလမှစတင်မွေးမြူပြီး ယခု ဒီဇင်ဘာလမှာ ကန်ဖော်ပါတယ်။ ကျွန်တော်က ၁၀ ဧက တစ်ကန်၊ ဧက ၄၀ ကို ကန်ကြီးတစ်ကန်၊ မွေးမြူရေးကန်နှစ်ကန်မွေးပါတယ်။ ယခု ၁၀ ဧကကန်ကို ပိုက်နဲ့ စတင်ဖမ်းပြီး ရရှိလာတဲ့ ငါးတွေကို ရန်ကုန်ကို ဖိုင်ဘာပုံးတွေနဲ့ ရေခဲရိုက်ပြီးတင်ပို့ပါတယ်။ ဈေးတွေကတော့ ငါးကြင်း တစ်ပိဿာကို ငွေကျပ် ၅၅၀၀၊ ငါးမြစ်ချင်း တစ်ပိဿာကို ငွေကျပ် ၂၅၀၀၊ ငါးတန် တစ်ပိဿာကို ငွေကျပ် ၂၀၀၀၊ ငါးဖယ်အောင်း တစ်ပိဿာကို ငွေကျပ် ၃၅၀၀၊ ငါးရံ့အကောင်ကြီး တစ်ပိဿာကို ငွေကျပ် ၆၅၀၀၊ အကောင်သေးကို ငွေကျပ် ၃၀၀၀ ဈေးနဲ့ရောင်းပါတယ်။ ကန်ဖော်ချိန်မှာ တစ်ရက် ကုန်ချိန် ၃၀၀၀ ခန့်ရပြီး ၁၀ ဧက ကန်ဖော်ပြီးသွားရင် ကုန်ချိန် ၂၀၀၀၀ အထိရပါတယ်။ ဒီနှစ်မှာငါးတွေ သတ်မှတ်အရွယ် တစ်ပိဿာအထက်၊ နှစ်ပိဿာကနေ သုံးပိဿာအထိရှိတဲ့ ငါးတွေမွေးမြူနိုင်လို့ ယခုလိုဈေးကောင်းတွေရတာပါ" ဟုပြောပြသည်။

ဖျာပုံမြို့ မွေးမြူရေးလုပ်ငန်းရှင်များ ငါးကန်တူးဖော်မွေးမြူရာတွင် သတ်မှတ် အကောင်အရေအတွက်အလိုက်မွေးမြူပြီး ရာသီဥတုအပြောင်းအလဲကြောင့် ငါးများသေဆုံးနိုင်ပြီး မွေးမြူရေးငါးများသည် ချောင်းရေ၊ မြစ်ရေကိုမကြိုက်ဘဲ ရေကြည်၊ ရေစိမ်းကိုသာကြိုက်နှစ်သက်ပြီး သိုလှောင်ထားသော ရေကြည်၊ ရေစိမ်းလျော့သွားပါက ဒီရေတိုးတက်၊ ရေထရက်တွင် ချောင်းထဲမှ ရေစုပ်စက်ကြီးများဖြင့် ရေများထပ်မံဖြည့်သွင်းရပြီး ပုစွန်မွေးမြူရေးလုပ်ငန်းထက် ငါးမွေးမြူရေးလုပ်ငန်းက လုပ်ငန်းအဆင့်နည်းပါးပြီး ငါးစာအဖြစ် ဖွဲနုနှင့် ပဲဖတ်များကို ကန်လယ်တွင် အစာတိုင်များ ချကျွေးခြင်းအပြင် ရေထပ်မံဖြည့်သွင်းချိန် ငါးကြိမ်ခန့်ရှိပြီး သတ်မှတ်ရေကြည်၊ ရေစိမ်းရအောင် မွေးမြူနိုင်ပါက လုပ်ငန်းရှင်များ ကုန်ထုတ်လုပ်မှု အောင်မြင်စွာ ငါးမွေးမြူနိုင်၍ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများသို့ တင်ပို့ရောင်းချခြင်းဖြင့် လုပ်ငန်းရှင်များနှင့် ပြည်သူများ စီးပွားရေးအဆင်ပြေနေပြီဖြစ်ကြောင်း သိရသည်။ **(၀၇၁)**

တီလားပီးယားနှင့် ရေချိုငါးပုစွန် ရောမွေးမြူခြင်း ပြည်ပပညာရှင်များ သင်တန်းပို့ချသွားမည်

ရန်ကုန် ဒီဇင်ဘာ ၁၁

အမေရိကန်အစိုးရ၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံ၏မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများတွင် နည်းပညာအကူအညီများပေးနေသော အဖွဲ့အစည်းတစ်ခုဖြစ်သည့် Win Rock International အဖွဲ့သည် တီလားပီးယားငါးနှင့် အခြားရေချိုငါးပုစွန်များ ရောနှောမွေးမြူခြင်း Poly culture စနစ်ကို ငါးမွေးကန်များသို့အရောက်သွား၍ ငါးမွေးတောင်သူများအား တိုက်ရိုက် သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းကပြောသည်။ "တီလားပီယားငါးနဲ့ ငါးမြစ်ချင်း ရေချိုပုစွန်ရောပြီးမွေးတဲ့ Poly culture စနစ်ကို Win Rock Inter-national မှ ပညာရှင်လေးဦးက ငါးမွေးကန်တွေ အရောက်သွားပြီး သင်တန်းပေးဖို့ရှိပါတယ်" ဟု ၎င်းကဆိုသည်။ အဆိုပါ ပညာရှင်လေးဦးသည် ဒီဇင်ဘာ ၁၄ ရက်မှ ၂၁ ရက်အထိ သင်တန်းပေးသွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း တွံတေးမြို့ နယ်နှင့် ခရမ်းမြို့နယ်များတွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း လက်ပံတန်းမြို့နယ်များသို့လည်းကောင်း ငါးမွေးကန်များအရောက် ငါးပုစွန်မွေးမြူသူများကို တိုက်ရိုက်သင်တန်းပို့ချသွားမည်ဖြစ်သည်။

ယင်းကဲ့သို့ တီလားပီးယားငါးနှင့် အခြားရေချိုငါးပုစွန်များ ရောနှောမွေးမြူသော Poly culture စနစ်ကို ငါးမွေးသူများအား တိုက်ရိုက်သင်တန်းပို့ချခြင်းကြောင့် မြန်မာနိုင်ငံ၏ အနာဂတ်ငါးပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးနှင့် ပြည်တွင်းသားငါး ဖူလုံမှုအတွက် အထောက်အကူကောင်းများ ရမည်ဖြစ်ကြောင်း ငါးပုစွန် မွေးမြူရေးလုပ်ငန်းရှင်များက သုံးသပ် ပြောဆိုကြသည်။ **သိန်းဝင်းစိုး**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၁-၁၂-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၅၉၀၀၀-၆၁၉၅၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၅၄၉၀၀-၆၁၅၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၉-၉၉၀	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၀-၁၃၇၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၉	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၃-၃၂. ၉	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅. ၆-၁၅. ၉	ကျပ်
တရုတ်	တစ်ယွမ်	၁၅၉-၁၆၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၈၅-၂၉၈	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၁၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၇၀၀-၄၃၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၇၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၃၀၀-၇၃၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၂၀၀-၇၂၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၈၀၀-၂၉၅၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၂၀၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၇၅၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နှမ်းဆန်	တစ်အိတ်	၁၈၃၀၀
၂။ ပေါ်ကျွဲ	တစ်အိတ်	၂၂၀၀၀
၃။ ပေါ်ဆန်းယဉ်အသစ်	တစ်အိတ်	၂၂၀၀၀-၂၄၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၅၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၉၂
၆။ ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၆၀၀-၁၁၂၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၂၀၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၆၀
၉။ အာလူး (ဟဲဟိုး)	တစ်ပိဿာ	၄၇၀-၇၀၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၄၅၀
၁၁။ ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၃၅၀၀-၃၈၀၀
၁၂။ သကြား	တစ်ပိဿာ	၁၀၀၀-၁၀၄၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်း ၆၇၀၀၀ိ-၁၀၀၀ိ-၇၂၀၀၀ိ)ရာထူးများအတွက် အောက်ပါပညာအရည်အချင်းများနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊
- (ခ) ဥပဒေဘွဲ့သို့မဟုတ် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်၊
- (ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၂၅)နှစ်ထက်မကျော်လွန်စေရ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၀)ထက် မကျော်လွန်စေရ၊
- (ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်၊
- (င) ကွန်ပျူတာအခြေခံတတ်ကျွမ်းရမည်။

၂။ လျှောက်လွှာတွင်-
- (က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ခ) မွေးနေ့သက္ကရာဇ်နှင့်အသက်
- (ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
- (ဃ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်
- (င) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့်၎င်းတို့ အလုပ်အကိုင်
- (စ) ဝန်ထမ်းဖြစ်လျှင်အလုပ်အကိုင်၊ ဌာန
- (ဆ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်
- (ဇ) ဆက်သွယ်ရန်နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်
- (ဈ) အမြဲတမ်းနေရပ်လိပ်စာတို့ကိုဖော်ပြရမည်။

၃။ လျှောက်လွှာနှင့်အတူ-
- (က) ခြောက်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံ (နောက်ကျောတွင်အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)
- (ခ) ဘွဲ့လက်မှတ်မိတ္တူ
- (ဂ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
- (ဃ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
- (င) ဝန်ထမ်းမဟုတ်သူများအတွက် ခြောက်လအတွင်းရရှိထားသောအကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့်ရဲစခန်း၏ထောက်ခံချက်မူရင်း
- (စ) အငယ်တန်းစာရေးရာထူးတွင် အနည်းဆုံးသုံးနှစ်တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးစာပူးတွဲပါရှိရမည်။

၄။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ရုံးအမှတ် ၅၄၊ နေပြည်တော်သို့ လိပ်စာတပ်၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍သော်လည်းကောင်း ၂၄-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ပေးပို့နိုင်သည်။

၅။ ဝန်ထမ်းများသည် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှတစ်ဆင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ရုံးအမှတ် ၅၄၊ နေပြည်တော် သို့ ၂၄-၁၂-၂၀၁၃ ရက်(အင်္ဂါနေ့) နောက်ဆုံးထား ပေးပို့နိုင်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲတွင် အောက်ပါဘာသာရပ်များကို နေပြည်တော်၌ ဖြေဆိုရမည်-
- (က) မြန်မာစာ
- (ခ) အင်္ဂလိပ်စာ
- (ဂ) အထွေထွေဗဟုသုတ

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးမည်ဖြစ်ပြီး ဆောင်ရွက်မည့်အစီအစဉ်ကို ထပ်မံအကြောင်းကြားပါမည်။

၈။ အသေးစိတ်သိလိုပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ စီမံရေးရာဌာနခွဲ၊ ဖုန်း-၀၆၇-၄၃၀၂၆၅သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပျောက်ဆုံးကြောင်း

ကျွန်တော် ဘုန်းသုဟန်၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ် ၅၁၇၉၀ သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၁၅၈၁၁၁**

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၈-A၊ မြေကွက်အမှတ် ၁၅၈၊ မြေကွက်တည်နေရာအမှတ်-၁၃၈/က၊ မိုးညိုလမ်း၊ စမ်းချောင်းမြို့နယ် ဦးဟန်အေး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးဟန်အေးနှင့်ဇနီးဒေါ်တိုးတို့ ကွယ်လွန်သဖြင့် ဒေါ်သီတာ ၁၂/စခန(နိုင်)၀၃၆၀၄၇ က တစ်ဦးတည်းသောသမီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အများသိစေရန်ပြန်လည်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မာလွင် ၁၂/မဂဒ(နိုင်)၁၃၁၃၇၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်အတွက် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ ၁၄-၉-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၄ တွင် ဒေါ်ခင်မာလွင်၏ လွှဲအပ်ညွှန်ကြားချက်အရဟုဖော်ပြ၍ အများသိစေရန် ကြော်ငြာပါရှိခဲ့သည့်ကိစ္စကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မာလွင်မှ ကိုယ်တိုင်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးကိုသော်လည်းကောင်း ကြေညာထည့်သွင်းပေးပါရန် အပ်နှံခဲ့ခြင်းမရှိပါကြောင်း ပြန်လည်အသိပေး ကြေညာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေသည် ခင်ပွန်းဖြစ်သူ ဦးမြင့်ဆွေကွယ်လွန်သွားပြီးနောက် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ထားသော အမှတ် ၁၅၇၀၊ ၆၀ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ပေ၄၀×ပေ၆၀အကျယ်အဝန်းရှိသည့် မြေကွက်ကို ဦးနိုင်လင်း ၁၂/ဒဂတ(နိုင်)၀၂၃၀၅၈ အား ၂၁-၅-၂၀၀၆ရက်တွင် အပြီးအပိုင် လွှဲပြောင်းရောင်းချခဲ့ပြီးဖြစ်ပါ၍ ၁၄-၉-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာပါကြေညာချက်ကို ကြေညာရန် မလိုအပ်သည်ကို သိရှိသူဖြစ်ပါသည်။

ထို့ကြောင့် ဒေါ်ခင်မာလွင်ကိုယ်တိုင် မသိရှိဘဲ ထည့်သွင်းခဲ့သည့် အများသိစေရန်ကြေညာပါအကြောင်းအရာများသည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မာလွင်နှင့် သက်ဆိုင်မှုမရှိပါကြောင်းနှင့် တစ်စုံတစ်ရာဖြေရှင်းရမည့်ကိစ္စများ ပေါ်ပေါက်လာခဲ့ပါလျှင် ထည့်သွင်းသူတို့၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ပြန်လည်ဖြေရှင်းအသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ယဉ်ယဉ်ပြုံး၊ ဥပဒေဘွဲ့ (စဥ်-၇၁၅၃)
တရားလွှတ်တော်ရှေ့နေ
တိုက်အမှတ် ၄/၅၊ ပေါ်ဆန်းမွှေးလမ်း၊
(၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊
ဖုန်း-၀၉-၅၀၁၃၆၉၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၈၊ မြေကွက်အမှတ်-၁၆၃၊ မြေကွက်တည်နေရာအမှတ်-၁၆၃၊ စိန်ပန်းမြိုင်လမ်း၊ ၁၈ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးမျိုးသွင် M/RGN 006025 အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် (ဖခင်) ဦးမျိုးသွင်၊ (မိခင်) ဒေါ်နုနုရီတို့ ကွယ်လွန်၍ ဒေါ်ခင်မျိုးရီ ၁၂/ဆကန(နိုင်) ၀၀၀၀၁၇၊ ဦးသိန်းစိုး ၁၂/ဆကန(နိုင်) ၀၀၀၀၉၄၊ ဦးနေလင်း ၁၂/ဆကန(နိုင်) ၀၀၂၁၂၅ တို့က သားသမီးဖြစ်ကြောင်း ကျမ်းကျိန်လွှာများတင်ပြ၍ ၎င်းတို့ထံမှ GP No. ၁၁၉၉၉/၅-၇-၁၂ ဖြင့်ရသူ ဦးနေဝင်းမောင်ကပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ လာရောက်ကြည့်ရှုအားပေးကြမည့် မိဘပြည်သူများအား မေတ္တာရပ်ခံပန်ကြားချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၂၂ ရက်နေ့အထိ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ကျင်းပမည်ဖြစ်ပါသည်။

၂။ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ခြင်းသည် ပွင့်လင်းတိုးတက်လာသည့် နိုင်ငံတော်သစ်၏ ပုံရိပ်ကို နိုင်ငံတကာအလယ်တွင် ဝင့်ကြွားထည်ဝါစွာ ထင်ဟပ်စေမည့်အပြင် နိုင်ငံ့ဂုဏ်၊ နိုင်ငံ့သိက္ခာကိုပါ တိုးတက်မြင့်မားစေမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပသည့်ကာလအတွင်း အောက်ပါအချက်များအား ကူညီဆောင်ရွက်ပေးနိုင်ပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်-

(က) မြန်မာလူမျိုးတို့၏ ယဉ်ကျေးပျူငှာနွေးထွေးစွာ ကြိုဆိုဆက်ဆံတတ်သည့် ယဉ်ကျေးမှုဓလေ့ထုံးစံကို မြင်သာအောင် ပြသပေးကြပါရန်။

(ခ) ဧည့်သည်တော်နိုင်ငံနှင့် လူမျိုးတို့၏ ဘာသာနှင့် ယဉ်ကျေးမှု၊ ဓလေ့ထုံးစံကိုလည်း လေးစားလိုက်နာကြပါရန်။

(ဂ) အားကစားပွဲများ ကြည့်ရှုအားပေးရာတွင် အားကစားစိတ်ဓာတ်ဖြင့် နိုင်ငံကြီးသားပီသစွာ၊ မျှတစွာကြည့်ရှုအားပေးကြပါရန်။

(ဃ) မူးယစ်စေတတ်သော ဆေးဝါး၊ အရက်သေစာသောက်စား၍ လာရောက်ကြည့်ရှုအားပေးမှု၊ ဆဲဆိုအော်ဟစ်မှုပြုသူများအား ဝိုင်းဝန်းထိန်းသိမ်းပေးကြပါရန်နှင့် တာဝန်ရှိသူများထံ အကြောင်းကြားပေးပါရန်။

(င) အများပြည်သူ၏ လုံခြုံရေးအတွက် လုံခြုံရေးအဖွဲ့များ၊ တာဝန်ရှိသူများ၏ သတ်မှတ်စည်းမျဉ်းများအတိုင်း စစ်ဆေးရှာဖွေမှုများတွင် လိုက်နာ၍ စိတ်ရှည်ကြည်ဖြူစွာခံယူလျက် ဝိုင်းဝန်းကူညီကြပါရန်။

(စ) အားကစားကွင်း၊ အားကစားရုံများသို့ ဝင်/ထွက်သည့်အခါ စည်းကမ်းတကျတန်းစီပြီး သတ်မှတ်လမ်းကြောင်း နေရာအသီးသီးမှသာ ဝင်/ထွက်၍ သတ်မှတ်ထိုင်ခုံနေရာများမှသာ အားပေးကြပါရန်။

(ဆ) ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ ညွှန်ပြသည့် လမ်းကြောင်းအတိုင်းဝင်ရောက်၍ သတ်မှတ်ယာဉ်ရပ်နားနေရာများတွင်သာ ယာဉ်ရပ်နားကြပါရန်။

(ဇ) နိုင်ငံခြားသားဧည့်သည်တော်၊ အားကစားသမားများက တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ အကူအညီ တောင်းခံလာပါက တတ်နိုင်သမျှကူညီပေးပါရန်နှင့် လိုအပ်ပါက သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဆက်သွယ်ကူညီဆောင်ရွက်ပေးပါရန်။

(ဈ) မိမိပတ်ဝန်းကျင်တွင် မသင်္ကာဖွယ်လူ/ပစ္စည်းနှင့် အကြောင်းခြင်းရာတွေ့ရှိပါက လုံခြုံရေးတာဝန်ရှိသူများထံ ချက်ချင်း(ချက်ချင်း) အသိပေးကူညီကြပါရန်။

၄။ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး၏ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနား၊ အားကစားကွင်းများနှင့် အားကစားရုံများသို့ လာရောက်ကြည့်ရှုအားပေးကြမည့် ပြည်သူလူထုအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်လာခြင်းမပြု(မပြု)ပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်-

(က) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် လက်နက်နှင့် ခဲယမ်းအမျိုးမျိုး။

(ခ) ပြည်သူများကို အနှောင့်အယှက်ဖြစ်စေပြီး ဘေးအန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းအမျိုးမျိုး။

(ဂ) လမ်းလျှောက်စကားပြောစက်များ၊ ကြားဖြတ်အသံလိုင်းဖမ်းယူစက်၊ တယ်လီဖုန်းလိုင်းအား အနှောင့်အယှက်ပေးနိုင်သော ရေဒီယိုလှိုင်းထုတ်နိုင်သည့်ကိရိယာများ။

(ဃ) ခရာ၊ စပီကာကဲ့သို့သော အသံဆူညံစွာ ဖြစ်စေသည့် ကိရိယာများ။

(င) Spray ဘူးများ၊ အရက်ပြန်ပုလင်းများကဲ့သို့ မီးလောင်လွယ်သောပစ္စည်းများ။

(စ) လေဆာညွှန်တံများနှင့် အမြင်အာရုံကို ထိခိုက်စေမည့် မီးအလင်းရောင်ထွက်သည့်ပစ္စည်းများ။

(ဆ) အနံ့အသက်ဆိုးရွားသောပစ္စည်းများ။

(ဇ) ငရုတ်ကောင်းရည်၊ မျက်ရည်ယိုဆေးရည်ကဲ့သို့သော တစ်ကိုယ်ရေကာကွယ်ရေး ဖျန်းဆေးများ။

(ဈ) အိမ်မွေးတိရစ္ဆာန်နှင့်အခြားတိရစ္ဆာန်များ။

(ည) အရွယ်အစားကြီးမားသည့် ဆိုင်းဘုတ်၊ ဦးထုပ်၊ ထီးများနှင့် အသုံးအဆောင်ပစ္စည်းကိရိယာများ။

(ဋ) အရေအတွက် ထုထည်ကြီးမားသော အစားအသောက်များ။

(ဌ) ပြိုင်ပွဲဝင်နိုင်ငံများမှအပ အခြားနိုင်ငံများ၏ အလံများ၊ အားကစားပွဲနှင့် သက်ဆိုင်ခြင်းမရှိသော ဆိုင်းဘုတ်၊ ပိုစတာ၊ စာရွက်စာတမ်းများ။

(ဍ) ကွမ်းယာထုပ်များ၊ ဘေးပတ်ဝန်းကျင်အား ညစ်ပတ်ပေကျံနိုင်သောပစ္စည်းများ။

၅။ ပြိုင်ပွဲကျင်းပမည့်နေရာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်အင်အားများ၊ CCTV နှင့် ခေတ်မီနည်းပညာအထောက်အကူပြုပစ္စည်းများတပ်ဆင်ပြီး လုံခြုံမှုရှိစေရေးအတွက် စောင့်ကြပ်ကြည့်ရှုပေးသွားမည်ဖြစ်ပါကြောင်းနှင့် မိဘပြည်သူလူထုအားလုံးကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံလျက် ပန်ကြားအပ်ပါသည်။

အကူအညီတောင်းခံနိုင်သည့် ဖုန်းနံပါတ်များ

နေပြည်တော်	- ၀၆၇-၈၁၀၄၀၈၀၊ ၀၆၇-၅၅၀၂၀၀၊ ၀၆၇-၅၅၀၂၀၂၊ ၀၆၇-၅၅၀၃၃၃၊ ၁၉၉
ရန်ကုန်	- ၀၆၇-၈၁၀၄၀၇၈၊ ၀၁-၂၃၀၄၄၀၁၊ ၀၁-၂၃၀၄၄၀၂၊ ၀၁-၂၃၀၄၄၀၃၊ ၀၁-၂၃၀၁၉၉၊ ၁၉၉
မန္တလေး	- ၀၆၇-၈၁၀၄၀၇၇၊ ၀၂-၃၆၈၇၁၊ ၀၂-၃၆၈၆၉၊ ၀၂-၃၉၆၃၅၊ ၀၂-၆၁၄၄၄၊ ၁၉၉
ပုသိမ်(ငွေဆောင်)	- ၀၆၇-၈၁၀၄၀၇၇၊ ၀၄၂-၂၅၈၂၂၊ ၀၄၂-၂၁၀၅၁၊ ၀၄၂-၂၃၈၄၄၊ ၀၄၂-၄၀၁၈၀၊ ၁၉၉

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ

ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ မိုးကောင်း၌ကျင်းပ

မိုးကောင်း ဒီဇင်ဘာ ၁၁

၂၀၁၃ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီက မိုးကောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်က တက်ရောက်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ထွေးထွေးဝင်းက အခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(၀၆၂)

လေရှီးမြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲဖွင့်

လေရှီး ဒီဇင်ဘာ ၁၁

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့တွင် မြန်မာ့စီးပွားရေးဘဏ်ခွဲ ဖွင့်လှစ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ ရက်က အဆိုပါ ဘဏ်ခွဲအဆောက်အအုံ၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ဒေသဦးစီးအဖွဲ့ အဖွဲ့ဝင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်း၊ တိုင်းဒေသကြီး မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာ ဦးအေးကျော်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ချို တို့က ဘဏ်ခွဲအဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစ်ကြူးက တိုင်းဒေသကြီးမန်နေဂျာ ဦးအေးကျော်ထံသို့ မြန်မာ့စီးပွားရေး ဘဏ်ခွဲဖွင့်လှစ်ခြင်း အထိမ်းအမှတ် အလံကို ပေးအပ်ပြီး ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့မိမြို့ဖများက ဘဏ်ခွဲ ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

အခမ်းအနားသို့ ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့်အတူ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီများ၊ အထောက်အကူပြုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ တက်ရောက်ကြပြီး ဒီဇင်ဘာ ၉ ရက်မှစ၍ လေရှီးမြို့နယ် မြန်မာ့စီးပွားရေး ဘဏ်ခွဲသို့ ငွေကြေးများ အပ်နှံနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် ၂၀၁၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားသို့

တက်ရောက်ရန်ဖိတ်ကြားခြင်း

၂၀၁၃ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြပါသော ရန်ကုန်တိုင်းဒေသကြီး ပထမဆုရရှိသူတစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး ဒုတိယဆုရရှိသူတစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး တတိယဆုရရှိသူတစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး စတုတ္ထဆုရရှိသူတစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး ပဉ္စမဆုရရှိသူတစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး ဆဋ္ဌမဆုရရှိသူတစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး အဋ္ဌမဆုရရှိသူတစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး နဝမဆုရရှိသူနှစ်ဦး၊ ခြောက်ဘာသာဂုဏ်ထူးရရှိသူ ၃၇ဦး၊ ငါးဘာသာဂုဏ်ထူးရရှိသူ ၆၀ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ ၈၂ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ ၆၀ဦး၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၆၆ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရရှိသူ ၆၀ဦး စုစုပေါင်း ထူးချွန်ကျောင်းသား ကျောင်းသူ ၃၇၄ဦးအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို အောက်ပါအတိုင်းကျင်းပပြုလုပ်မည်ဖြစ်သဖြင့် တက်ရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက်	- ၁၅-၁၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	- နံနက် ၈ နာရီ
ကျင်းပမည့်နေရာ	- ဒဂုံသီရိခန်းမ၊ အထက(၁)ဒဂုံ၊
မှတ်ချက်။	။ကျောင်းသား ကျောင်းသူများ ဆုပေးပွဲအခမ်းအနားသို့ **ကျောင်းဝတ်စုံဖြင့် မပျက်မကွက်တက်ရောက်ကြပါရန်**နှင့် ၁၄-၁၂-၂၀၁၃ရက် (စနေနေ့)တွင် ဆုယူခြင်း၊ အစမ်းလေ့ကျင့်ရန် ဒဂုံသီရိခန်းမသို့ နံနက် ၁၀ နာရီ အရောက်လာကြပါရန်။

မိဘဆရာအသင်း
အထက(၁)ဒဂုံ

ပျောက်ဆုံးခြင်း

ကျွန်တော်တို့၏ YE LIN HTET GEMS COMPANY LIMITED ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မူရင်း ၁၆၁၁/၂၀၀၅-၂၀၀၆(၂၂-၁၁-၂၀၀၅)နှင့် ထသက ကတ်မူရင်း ၁၉၉၃၁ (၂၅-၅-၀၆) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပို့ပေးပါရန်။

ဖုန်း-၀၁-၃၉၂၃၉၅



၂၈-၁၁-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ (စာ-၄)ပါ ဒေါ်တင်လှ၏ရှေ့နေများမှတစ်ဆင့် ထည့်သွင်းကြေညာခဲ့သောကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၃)ရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ် ၂၇(က)နေ ကျွန်ုပ်ဦးအောင်သိန်း ၁၂/မရက(နိုင်)၀၉၅၃၅၅က ဒေါ်တင်လှ ၉/အမရ (နိုင်)၀၄၉ ၁၆၁နှင့်အများသိရှိစေရန် အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်ဦးအောင်သိန်း လက်ရှိနေထိုင်ပိုင်ဆိုင်သော ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၃) ရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ် ၂၇(က)ဟုခေါ်သောနေအိမ်သည် မူလပိုင်ရှင် ဦးဘစီ ၁၂/ပဘတ (နိုင်)၀၀၆၆၁၇က တန်ဖိုးငွေကျပ် ၂၅၀၀၀၀၀ဖြင့် ရောင်းချခဲ့၍ ကျွန်ုပ်ဦးအောင်သိန်းက တန်ဖိုးငွေအပြေအကျေပေးချေလျက် ၂၅-၇-၂၀၀၆ရက်စွဲပါ အိမ်ခန်းအရောင်းအဝယ် သဘောတူစာချုပ်အရ ဝယ်ယူလက်ရောက်ရရှိနေထိုင်ပိုင်ဆိုင်ခဲ့သောနေအိမ် ဖြစ်ပါသည်။ ရောင်းချသူဦးဘစီက နေအိမ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင် လွှဲပြောင်းပေးအပ်ခဲ့၍ ဝယ်သူကျွန်ုပ်ဦးအောင်သိန်းက လက်ရောက်ရရှိပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါလျက် ဒေါ်တင်လှက အထက်ဖော်ပြပါအိမ်နှင့်မြေသည် ၎င်းနှင့်ဦးဘစီတို့ လင်မယားပိုင်ပစ္စည်းဖြစ်ကြောင်း ၂၈-၁၁-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ (စာ-၄)တွင် အများသိစေရန် ထည့်သွင်းကြေညာခဲ့သည်ကို တွေ့မြင်ခဲ့ရပါသည်။ ဤကဲ့သို့ ကျွန်ုပ် ဦးအောင်သိန်း၏ အိမ်မြေဝယ်ယူပိုင်ဆိုင်မှုကိုထိပါးပြီး ကြေညာခဲ့သူ ဒေါ်တင်လှအနေဖြင့် ၂၈-၁၁-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါကြေညာချက်ကို ပြန်လည်ရုပ်သိမ်းပေးပါရန် အသိပေးကြေညာအပ်ပါသည်။ လိုက်နာခြင်းမရှိပျက်ကွက်လာပါက တရားဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တစ်ပါတည်း သိရှိစေအပ်ပါသည်။

ဦးအောင်သိန်း ၁၂/မရက(နိုင်)၀၉၅၃၅၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သိမ်းသိမ်းထွေး LL.B, D.B.L
အထက်တန်းရှေ့နေ(စဉ်-၃၇၂၉၆)
တိုက် ၉/၁၁၊ အခန်း ၁၀၃(E)၊ ၃၆ လမ်းတို၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၀၅၄၆၈၀

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၆-ဒီ၊ မြေကွက်အမှတ် ၈၂/ဂျေ၊ (၆-ဃ)လမ်း၊ မြေကွက်တည်နေရာ ၃၈ ဘီ၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ မြေပိုင်မြေ အမည်ပေါက် ဒေါ်ခင်သန်းမှီ(ခ) မဘေဘီ မြေအား အမည်ပေါက် ဒေါ်ခင် သန်းမှီ(ခ)ဘေဘီ ကိုယ်စား အထွေထွေ ကိုယ်စားလှယ်လွှဲစာအမှတ် ၁၄၄၉၃/၁၄-၁၂-၂၀၁၀ ဖြင့် ရရှိသူ ဦးပြည့်ဖြိုးအောင် ၉/မကန(နိုင်)၀၇၁၀၂၇ က အရောင်းအဝယ် စာချုပ်ရန်အတွက် မြေပုံကူးလျှောက်ထား လာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ


C B BANK
စတိုင်ကျကျ လုံခြုံစိတ်ချရသော
EASi Travel Multi Currency Visa Card အား CB Bank တွင် ရယူနိုင်ပါပြီ !
C B BANK
EASi Travel
4687 MONTH/YEAR MONTH/YEAR
VALID FROM GOOD THRU
VISA
" EASi Travel Around the World"
Help Desk : (95)-1-378 905
Call Center : 1874
E-mail: contact@cbbankmm.com
Website: www.cbbankmm.com
https://www.facebook.com/CBBankmyanmar

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး မုံရွာမြို့ပေါ်ရှိ ကျောင်းများအား လှည့်လည်ကြည့်ရှုစစ်ဆေး

စစ်ကိုင်း ဒီဇင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာအကြီးအကဲများသည် ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ အင်းရွာသစ်ရပ်ကွက် အမှတ်(၈) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှု၊ ဘုရားနီလမ်း အရှည် ပေ ၉၂၀၊ အကျယ် ၁၈ ပေ ကတ္တရာလမ်းခင်းကျင်းနေမှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး ရန်ကင်းရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှု၊ နန္ဒဝန်ရပ်ကွက် အမှတ်(၃၂) အခြေခံပညာမူလတန်းလွန်ကျောင်း၊ ထန်းတောရပ်ကွက် အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်း၊ ထန်းတောရပ်ကွက် အမှတ်(၁၇) အခြေခံပညာ မူလတန်းကျောင်း၊ ထန်းတော အင်းစပ်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများသည် သီဟထွန်း သံရည်ကျိုစက်ရုံ အစည်းအဝေးခန်းမတွင် အိန္ဒိယကောင်စစ်ဝန်ချုပ် ဒေါက်တာ မဒန်မိုဟန်ဆင်သီနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မုံရွာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမနှင့် သုံးထပ်စာသင်ဆောင်များ ကွန်ကရစ်လမ်းများ ခင်းကျင်းနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက မုံရွာမြို့ ခတက္ကန်တောင်ရွာ၊ မဟာဗောဓိတစ်ထောင်ကျောင်းတိုက် ဒေါ်သီသနပ်ခါး ဗိမာန်၌ ကျင်းပပြုလုပ်သည့် ကျေးဇူးတော်ရှင် မဟာဗောဓိတစ်ထောင် ဆရာတော်ဘုရားကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ အရှင်သူမြတ်၏ ဘဝနတ်နန်းစံမြန်းတော်မူခြင်း ခုနစ်နှစ်ပြည့် အထိမ်းအမှတ် ကုသိုလ်တော်အလှူပွဲ အခမ်းအနားသို့ တက်ရောက်ရာ အခမ်းအနားကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက နမောတဿရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်ဩဝါဒါစရိယ မုံရွာမြို့မဟာဇောတိကာရာမ ကျောင်းတိုက်ဦးစီးပဓာန နာယက အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိန္ဒ အရှင်သူမြတ်ထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော ပရိတ်တရားတော် နာယူကြည်ညိုကြသည်။

ယင်းနောက် ဆရာတော်အရှင်သူမြတ်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေးနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းကြပြီး ပြင်ဦးလွင်မြို့ ကံကော်တစ်ထောင်ကျောင်းတိုက် ပဓာန နာယက ဆရာတော်ဘဒ္ဒန္တ အဂ္ဂဝံသအရှင်သူမြတ်ထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် ဧည့်ပရိသတ်များက ရေစက်ချ အနုမောဒနာ တရားနာယူ ကြည်ညိုပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။ ဆက်လက်ပြီး ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ၊ ဆွမ်းဆန်စိမ်းများ အသီးသီးလောင်းလှူခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေးနှင့် တာဝန်ရှိသူများသည် ညောင်ပင်ကျေးရွာ ဗောဓိတစ်ထောင်-ကျောက္ကာဖြတ်လမ်းတွင် ရေနုတ်မြောင်းများ ပြုလုပ်နေမှုနှင့် ဇလုပ်ကျေးရွာအမှတ် (၉၂) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်များကြံ့ခိုင်မှုနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက်၌ စာပေအလင်းရောင် စာကြည့်တိုက်ဖွင့်

နေပြည်တော် ဒီဇင်ဘာ ၁၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော်ကြီးကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိရာ ဆီးဂိမ်း အားကစားပွဲတော်ကြီးကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက်တွင် စာပေအလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့မျက်နှာစာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပုဗ္ဗသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်းကျော်က အမှာစကား ပြောကြားပြီး စာကြည့်တိုက်ကော်မတီဝင်ဦးခင်မောင်ဝင်းက စာကြည့်တိုက် ဖြစ်ပေါ်လာပုံကို ရှင်းလင်းသည်။

ဆက်လက်၍ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သိမ့်သိမ့်မျိုးက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရမည့်အချက်အလက်များကို အသေးစိတ်ရှင်းလင်းပြောကြားကာ စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပေးကြသော စေတနာရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် စာပေအလင်းရောင်စာကြည့်တိုက်အား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်တင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။ **(ဝဲပုံ)**

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေး အခမဲ့လှူဒါန်း

ပင်းတယ ဒီဇင်ဘာ ၁၁

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံသို့ ပုံမှန်သွေးလှူဒါန်းလျက်ရှိသော သွေးလှူရှင်များအား အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေး အခမဲ့လှူဒါန်းခြင်း အခမ်းအနားကို ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီက ပြည်သူ့ဆေးရုံ၌ကျင်းပသည်။

အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးထူးကိုကိုက အမှာစကားပြောကြား၍ ရန်ကုန်မြို့ ဗဟိုသွေးလှူဘဏ်မှ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာသီတာအောင်က အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေး လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စေတနာမွန်သွေးလှူရှင်များအတွက် အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေးများကို အလှူရှင် Myanmar Brewery Ltd. မှ ဒုတိယ မန်နေဂျင်းဒါရိုက်တာ ဦးစိုးကျော်သူက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်း ပြောကြားကာ သွေးလှူရှင် ၂၆၂ ဦးအတွက် အသည်းရောင်အသားဝါဘီပိုး ကာကွယ်ဆေးပုလင်းပေါင်း ၇၈၆ လုံးကို ပေးအပ်လှူဒါန်းရာ စေတနာမွန်သွေးနှင့်လူမှုကူညီရေးအဖွဲ့ နာယက ဒေါက်တာသန်းမင်းထွဋ်က လက်ခံယူ၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီးနောက် စေတနာမွန် သွေးလှူရှင်များကိုယ်စား သွေးလှူရှင်တစ်ဦးကလည်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ အလှူရှင်၊ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ သွေးလှူရှင်များ စုစုပေါင်း ၃၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မိုးမိုးထွေး(ပင်းတယ)

လှူဒါန်းငွေဖြင့် စက်ရေတွင်းတူးဖော်

ပွင့်ဖြူ ဒီဇင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာ၌ ဒီဇင်ဘာ ၉ ရက်က နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၏ လှူဒါန်းငွေဖြင့် သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာရရှိစေရန် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိပြီး မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးမျိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လင်းတို့က ကြီးကြပ်၍ ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှင့် ရေစက်ရုံကို အမြန်ဆုံးပြီးစီးနိုင်ရေး ကြိုးစားဆောင်ရွက်နေကြသည်။

အဆိုပါ ရေစက်ရေကုသိုလ်ကြောင့် ရေပုတ်ကြီး ကျေးရွာသူ ကျေးရွာသားများက ဝမ်းသာပီတိဖြစ်ရကြောင်း ၄င်းကျေးရွာမှ အဘဦးအောင်ညွန့်ထံမှ တစ်ဆင့်ကြားသိရသည်။

(ပွင့်ဖြူ-ခင်မောင်ဌေး)

ဒေသတွင်းဖွံ့ဖြိုးရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ငပုတော ဒီဇင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၉ ရက် နံနက် ၁၀ နာရီက ဒေသတွင်းဖွံ့ဖြိုးရေးအတွက် ဒေသဆိုင်ရာအချက်အလက်များ ပြန်လည်ပြုစုရေး ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါညှိနှိုင်းဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကား ပြောကြားပြီး ဟိုင်းကြီးကျွန်းမြို့နယ်ခွဲနှင့် ငရုတ်ကောင်းမြို့နယ်ခွဲအပါအဝင် ကျေးရွာအုပ်စု ၉၀ မှ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများက ဒေသန္တရအချက်အလက်များ ပြုစုနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မုံရွာတက္ကသိုလ် (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်းကြေညာချက်

၁။ မုံရွာတက္ကသိုလ်က ကျင်းပခဲ့သည့် အောက်ဖော်ပြပါ ပညာသင်နှစ်၏ (ဘွဲ့)စာမေးပွဲအသီးသီးကို ဖြေဆိုအောင်မြင်ကြသူများသည် မုံရွာတက္ကသိုလ် (၁၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ရန်(သို့)အဝေးရောက်ဘွဲ့ယူရန်အတွက် ဘွဲ့နှင်းသဘင်လျှောက်လွှာများကို ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၆ရက်မှစ၍ ဇန်နဝါရီ ၁၅ရက်အထိ မုံရွာတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနတွင် နောက်ဆုံးထား လျှောက်ထားနိုင်ကြပါသည်။

စဉ်	ပညာသင်နှစ်	ဘွဲ့
(၁)	၂၀၁၂-၂၀၁၃	ဝိဇ္ဇာ/သိပ္ပံ(ရိုးရိုးဘွဲ့)
		(၂၀၁၀ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများ)
		ဥပဒေဘွဲ့
		(၂၀၀၉ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများ)
(၂)	၂၀၁၂-၂၀၁၃	ဝိဇ္ဇာ/သိပ္ပံ (ဂုဏ်ထူးဘွဲ့)
		(၂၀၀၉ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများ)
(၃)	၂၀၁၂-၂၀၁၃	ဝိဇ္ဇာ/သိပ္ပံ (မဟာဘွဲ့)
		(၂၀၀၆ခုနှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူများ)
(၄)	၂၀၁၂-၂၀၁၃	မဟာသုတေသနဘွဲ့

၂။ ဘွဲ့နှင်းသဘင်လျှောက်ထားသူ၏ ဘွဲ့နှင်းသဘင်ကြေးမှာ တက်ရောက်ဘွဲ့ ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) ပေးသွင်းရပါမည်။

၃။ ဘွဲ့နှင်းသဘင်ကြေးကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် မုံရွာတက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။

၄။ ရပ်ဝေးမှ ဘွဲ့နှင်းသဘင်ကြေးပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟု ဖော်ပြပြီး ပါမောက္ခချုပ် မုံရွာတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရ၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ်နှင့်လ၊ တက်ရောက်ခဲ့သော တက္ကသိုလ်/ ဒီဂရီကောလိပ်နှင့် နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာဖော်ပြရပါမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည်မဟုတ်ပါ။)

၅။ လျှောက်ထားသူများသည် မုံရွာတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင်-
(၁) သတ်မှတ်ထားသည့်လျှောက်လွှာပုံစံ
(၂) ပြီးခဲ့သည့် (၃)လအတွင်း မြန်မာဝတ်စုံ/ တိုင်းရင်းသားဝတ်စုံ/အနောက်တိုင်းဝတ်စုံတို့ဖြင့် ရိုက်ကူးထားသော (၂"×၁½")အရွယ် ဓာတ်ပုံ(၃)ပုံ
(၃) မှတ်ပုံတင်မိတ္တူတို့နှင့်အတူ ပူးတွဲ၍ လျှောက်ထားရပါမည်။

၆။ ဘွဲ့နှင်းသဘင်ဌာနသို့ တက်ရောက်ရန် လျှောက်ထားကြသူများအတွက် အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ခြင်းတို့အတွက် အစီအစဉ်ကို ဆက်လက်ကြေညာပေးမည်ဖြစ်ပါသည်။

၇။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မတိုင်မီက ဘွဲ့ရစာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်ပါသည်။

၈။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

(ဆန်းဝင်းလှိုင်)
မော်ကွန်းထိန်း
မုံရွာတက္ကသိုလ်၊ မုံရွာမြို့

ဖခင်အမည် တစ်ဦးတည်းဖြစ်ကြောင်း

၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် စာစစ်ဌာနမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲဝင်ရောက်ဖြေဆိုမည့် မစန္ဒီသိမ့် ၉/စကန(နိုင်)၀၉၂၈၇၁၏ ဖခင်အမည်မှာ ဦးသန်းဝင်း(ခ)ဦးသောင်းဝင်း ၉/စကန(နိုင်)၀၂၅၇၅၃ ဖြစ်ပါကြောင်း။

ဦးသန်းဝင်း(ခ)ဦးသောင်းဝင်း

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)

၁။ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေမှ အောက်ဖော်ပြပါအမျိုးအစားမော်တော်ယာဉ်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

NISSAN AD VAN (2008 Model) 5 Nos

၂။ အိတ်ဖွင့်တင်ဒါ နောက်ဆုံးပေးသွင်းရမည့်ရက်မှာ ၂၀-၁၂-၂၀၁၃ရက် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း (အတွင်းရေးမှူး၊ ပစ္စည်းဝယ်ယူမှုစိစစ်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်း စိစစ်မှုကော်မတီ) စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၀၁၁၀၊ ၄၁၀၁၁၄တို့သို့ ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူမှုစိစစ်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းစိစစ်မှုကော်မတီ
စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန

သုံးပန်လှ အောင်သော်တာ သီလရှင် စာသင်တိုက်
ဝတ်စုံလှူဒါန်းပွဲကျင်းပမည်

သာသနာပြု နယ်လှည့်ဓမ္မကထိက သီလရှင်ဆရာကြီး ဒေါ်ယုစန္ဒာ(မဟာဂန္ထဝါစကပဏ္ဍိတ ဝိနယဝိဒူ) တည်ထောင်ဖွင့်လှစ်ခဲ့သော ရွှေပြည်သာမြို့နယ် မဲခေါင်လမ်း အမှတ်(၆/၁၀)ရှိ သုံးပန်လှ အောင်သော်တာ သီလရှင်စာသင်တိုက်ရှိ သီလရှင်ဆရာလေး အပါး ၁၂၀ အား ဝတ်စုံလှူဒါန်းခြင်း၊ စာအောင်သီလရှင်ဆရာလေးများအား ဆုချီးမြှင့်ဆက်ကပ်ခြင်း၊ အသံစမဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ အလှူတော်မင်္ဂလာအခမ်းအနားကို ၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၁၃ရက် (၁၅-၁၂-၂၀၁၃ရက်၊ တနင်္ဂနွေနေ့) နံနက် ၁၀နာရီမှ မွန်းလွဲ ၂နာရီအထိကျင်းပမည်ဖြစ်ရာ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများ သီလရှင်ဝတ်စုံ တစ်စုံလျှင် ကျပ်၄၀၀၀နှုန်းဖြင့် ပဓာနနာယကဆရာကြီး ဒေါ်နန္ဒသိင်္ဂီ(ဓမ္မာစရိယ၊ ဂန္ထဝါစကပဏ္ဍိတ) ဖုန်း-၆၁၀၅၀၀ သို့ ဆက်သွယ်လှူဒါန်းကြပါရန်နှင့် ကြွရောက်ကြည်ညိုနိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

လမ်းညွှန် - ဆူးလေမှ ၄၅၊ ၁၇၇(ပါရမီ)၊ အင်းစိန်မှ ၉၉၊ ၅၇ (အကြီး၊အသေး)
ကြည့်မြင်တိုင်မှ ၁၀၀(အပြာ)၊ ၁၉၉စီး၍ ဆေးခန်းမှတ်တိုင်၊ ရွှေပြည်သာ ဆင်းပါ။

ပြည်တွင်းသတင်းနှင့်ဖော်ပြချက်

တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၁

နိုဝင်ဘာ ၃၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ တရားမဝင်တမလန်းခွဲသား ၃ ဒသမ ၆၇၅၈ တန်၊ ဒီဇင်ဘာ ၁ ရက်တွင် ရှမ်းပြည်နယ် မဘိမ်းမြို့နယ် ဥယျာဉ်ပုရွာတောင်ဘက် တစ်မိုင်ခန့်အကွာ၌ တရားမဝင်အင်သစ် ၄ ဒသမ ၀၉၇၂ တန်၊ ဒီဇင်ဘာ ၁ ရက်နှင့် ၂ ရက်များတွင် မဘိမ်းမြို့နယ် ငါးအိုးဘိနယ်၊ နမ့်မဲဘိနယ်၊ ကွန်းချောင်း ဘိနယ်တို့မှ တရားမဝင်ကျွန်း၊ တမလန်း၊ ပိတောက်၊ အင်ကြင်း ၄၄ ဒသမ ၀၃၅၆ တန်နှင့်အတူ ဂျင်းမား (HP) ၁၂/၁၃ အင်ဂျင်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းနှစ်မျိုး၊ ဒီဇင်ဘာ ၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ တရားမဝင်တမလန်း ၆ ဒသမ ၃၆၀၈ တန်၊ ဒီဇင်ဘာ ၂ ရက်တွင် ကန့်ဘလူမြို့နယ်၌ တရားမဝင် အင်ခွဲသား ၀ ဒသမ ၄၄၁၆ တန်၊ ဒီဇင်ဘာ ၅ ရက်တွင် ရွှေဘိုမြို့နယ် မြောင်ကြီးကျေးရွာ တန်ပိုဂိတ်အနီးမှ တရားမဝင်တမလန်း ၈ ဒသမ ၉၀၄၆ တန်၊ ဒီဇင်ဘာ ၄ ရက်တွင် စစ်ကိုင်းမြို့နယ် ဆွမ်းချက်ကျေးရွာထိပ်မှ တရားမဝင်ပိတောက် ၀ ဒသမ ၂၈၂၂ တန်၊ ဒီဇင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ကောလင်း၊ ပင်လည်ဘူး၊ ယင်းမာပင်နှင့် ကနီမြို့နယ်များမှ သစ်မာ၊ အင် ၂၄ ဒသမ ၈၆၄၄ တန်၊ ဒီဇင်ဘာ ၂ ရက်နှင့် ၃ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် နတ်တောင်ကျေးရွာ၊ လက်ပံလှကျေးရွာ၊ ရွာတော်လေးတို့မှ တရားမဝင်ကျွန်း၊ သစ်မာနှင့်အခြား ၃၀ ဒသမ ၇၇၅၂ တန်၊ ဒီဇင်ဘာ ၂ ရက်နှင့် ၃ ရက်များတွင် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ပုသိမ်မြောက် သစ်ထုတ်ရေးကားလမ်းမိုင်တိုင် ၁၇၊ ၁၈ ခွဲ၊ ၁၉ နေရာများတွင် တရားမဝင်ကညင်နှင့် အခြားသား ၂၃ ဒသမ ၀၄၉၂ တန်၊ ဒီဇင်ဘာ ၅ ရက်တွင် ရွှေကူမြို့နယ် ဇင်းဘုံကျေးရွာအနီး၌ တမလန်း ၈ ဒသမ ၁၉၄ တန်တို့ကို ဖမ်းဆီးရမိသည်။ **(သတင်းစဉ်)**

ဖားကန့်မြို့နယ် ဝေ့ခါကျေးရွာတွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

ဖားကန့် ဒီဇင်ဘာ ၁၁

ဖားကန့်မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်စိုးမင်းဦးနှင့် တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၈ ရက် နံနက် ၈ နာရီခွဲက မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ဝေ့ခါကျေးရွာ အမှတ်(၂/၁၁)နေ ဝင်းလွင်(ခ)အိုက်လင်း(၄၁ နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ကြသည်။

အမှုဖွင့်

ထိုသို့ရှာဖွေရာတွင် နေအိမ်၏အိမ်နောက်ဖေးခန်းအတွင်း မွေ့ရာပေါ်၌ ဝင်းလွင်(ခ)အိုက်လင်းနှင့်အတူ ဝင်းဘိုတို့ကိုတွေ့ရှိရပြီး မွေ့ရာပေါ်တွင် ခရမ်းရောင်ဆပ်ပြာခွက်အတွင်းထည့်လျက် အဖြူရောင်ပလတ်စတစ်အိတ်ဖြင့် ထုပ်ထားသည့် အဝါရောင်အမှုန့်အလေးချိန် ၁၂ ဂရမ်ခန့်ပါ တစ်ထုပ်၊ ထိပ်တွင် စက္ကူဖြင့်အုပ်၍ အဖုံးပိတ်လျက် သားရေကွင်းများဖြင့်စည်းထားသည့် ပင်နီဆလင်ပုလင်းတစ်လုံးလျှင် အဝါရောင်မှုန့် အလေးချိန် ၀ ဒသမ ၃၅ ဂရမ်ခန့်စီပါ ပင်နီဆီလင်ပုလင်း ၂၂ လုံး စုစုပေါင်းအလေးချိန် ၇ ဒသမ ၇ ဂရမ်ခန့်၊ ကာလတန်ဖိုးငွေကျပ် ၁၆၈၁၅၀၀ နှင့် ငွေကျပ် ၁၀ သိန်းနှင့်အတူ ဖမ်းဆီးရမိသဖြင့် ဖားကန့်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ) (၀၆၄)

လမ်းလယ်ကျွန်းဘာရီယာတုံးများကို ဝင်ရောက်တိုက်မိ

နေပြည်တော် ဒီဇင်ဘာ ၁၁

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၁၁၂/၃-၄)ကြားတွင် ဒီဇင်ဘာ ၈ ရက်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ ဖြူးအမြန်လမ်းရဲစခန်းမှတပ်ဖွဲ့ဝင်များနှင့် အမြန်လမ်းမီးသတ်တပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ရန်ကုန်မှမြင်းခြံသို့ မြင်းခြံမြို့(၁၃)ရပ်ကွက်နေ စောဝင်းနိုင်(၃၇ နှစ်) မောင်းနှင်သည့် ၅ဃ/. . . မဟာခရီးသည်တင် မှန်လုံယာဉ်မှာ ယာဉ်မောင်းအိပ်ငိုက်၍ လမ်းလယ်ကျွန်းဘာရီယာတုံးများကို ဝင်ရောက်တိုက်မိခဲ့ကြောင်း တွေ့ရှိရသည်။ ထိုသို့တိုက်မိမှုကြောင့် ယာဉ်ပေါ်ပါ ၂၁ ဦးအနက် စင်ကာပူနိုင်ငံသား Mr.Woei Than (၂၃ နှစ်)တွင် ယာခြေချင်းဝတ်ဖူးရောင်ဒဏ်ရာ ရရှိခဲ့သောကြောင့် ဖြူးဆေးရုံသို့ တင်ပို့ကုသခဲ့ပြီး ယာဉ်မှာ ရှေ့ခေါင်းပိုင်း ပိန်ချိုင့်၊ ဆီတိုင်ကီပေါက်၍ တန်ဖိုးငွေကျပ် သိန်း ၂၀ ခန့် ပျက်စီးဆုံးရှုံးခဲ့သဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ စောဝင်းနိုင်အား ဖြူးအမြန်လမ်း ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ကိုရဲ)**

နမ့်ခမ်းမြို့တွင် ဘိန်းစိမ်းနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၁၁

အမှတ်(၂၂) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (မူဆယ်)မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီက သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ နမ့်ခမ်းမြို့ မန်နောင်ကူးတို့ဆိပ်တွင် စောင့်ဆိုင်းနေစဉ် နမ့်ခမ်းမြို့နယ် အမှတ်(၁၄)ရပ်ကွက်နေ လောရ(၄၃ နှစ်)မောင်းနှင်လာသော KENBO 125 အနက်ရောင်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးခဲ့သည်။ ထိုသို့ရှာဖွေရာ ဆိုင်ကယ်နောက်ထိုင်ခုံတွင် လေးပေခန့်ရှိ ဝါးထမ်းပိုးဖြင့်ချည်နှောင်၍ ဝဲယာတွင်တင်ဆောင်ထားသည့် ဝါးခြင်းတောင်း နှစ်လုံးအတွင်းမှ အထုပ်တစ်ထုပ်လျှင် အလေးချိန် ၃ ဒသမ ၂ ကီလိုခန့်စီပါ အထုပ် ရှစ်ထုပ်၊ စုစုပေါင်းဘိန်းစိမ်း အလေးချိန် ၂၅ ဒသမ ၆ ကီလို၊ တန်ဖိုးငွေကျပ် ၂၅၆ သိန်းနှင့် တစ်ထုပ်လျှင် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀ စီပါ ငါးထုပ်၊ စုစုပေါင်းဆေးပြား ၉၀၀၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၈ သိန်းကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် လောရကို နမ့်ခမ်းမြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

ရဲပြန်ကြား

အထက်မင်းလှ ပန်းတော်ပြင်ကျေးရွာ ကိုယ့်အားကိုယ်ကိုး မီးလင်းပြီ

မကွေး ဒီဇင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး မီးလင်းရေးဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၈ ရက်မှစ၍ မီးလင်းပြီဖြစ်ကြောင်း သိရသည်။

မင်းလှမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင်၏ စီမံပေးမှုဖြင့် မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာအုပ်စုအတွင်းရှိ ပန်းတော်ပြင်၊ ဥယျာဉ်၊ မဲဇလီတောရွာသုံးရွာမှ ရွာလူကြီးများဖြင့် ကျေးရွာမီးလင်းရေးကော်မတီကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး ကျေးရွာတွင် ငွေကြေးစုဆောင်းခြင်း၊ လမ်းမီးတိုင်များစိုက်ထူခြင်း၊ ၂၀၀ ကေဗွီထရန်စဖော်မာများ တည်ဆောက်ခြင်း၊ အိမ်တွင်းမီးကြိုးများ သွယ်တန်းခြင်းတို့ကို တစ်နှစ်အတွင်း အပြီးတည်ဆောက်နိုင်ခဲ့၍ ပန်းတော်ပြင်ကျေးရွာမှာ မီးလင်းနေပြီဖြစ်ကြောင်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ မင်းလှမြို့ ထရန်စဖော်မာမှ ၂ ဒသမ ၉ မိုင်ဝေးသော ပန်းတော်ပြင်ကျေးရွာသို့ မီးစတင်လွှတ်သည့်ညသည် ကျေးရွာအတွင်းရှိ လမ်းမီးတိုင်များအောက်တွင် ကျေးရွာမှ ကလေးသူငယ်များသည် ဝမ်းသာအားရ မြူးထူးအော်ဟစ်ကခုန်ကြကြောင်း သိရသည်။

(၀၇၆)

ကံမမြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

ကံမ ဒီဇင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နှင့် တစ်မိုင်ခန့်အကွာ ကညင်တိုင်ကျေးရွာတွင် ဒီဇင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီက သက်ငယ်မိုး၊ ထရံကာနေအိမ်တစ်လုံးမီးလောင်မှုဖြစ်ပွားရာ ကျေးရွာနေပြည်သူများက ဝိုင်းဝန်းမီးငြှိမ်းသတ်နိုင်ခဲ့သဖြင့် အခြားအိမ်များသို့ ကူးစက်ခြင်းမရှိဘဲ မီးငြိမ်းသွားသည်။

အဆိုပါ မီးလောင်ကျွမ်းမှုမှာ မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် စတင်လောင်ကျွမ်းခဲ့ပြီး အိမ်ရှင်ဖြစ်သူ ဦးအောင်ညွှန့်(၆၅ နှစ်)ကို မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်ဇေယျဝင်း(iprd)

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ကရင်ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဘားအံမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနအောက်ရှိ ခရိုင်နှင့် မြို့နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် လိုအပ်သည့်ဆေးဝါးများအား ထပ်မံဝယ်ယူရမည်ဖြစ်၍ လိုင်စင်ရဆေးကုမ္ပဏီများထံမှ တင်ဒါခေါ်ယူအပ်ပါသည်။
၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် ၁၂-၁၂-၂၀၁၃ ရက် (ကြာသပတေးနေ့)မှစ၍ ရုံးချိန်။
၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်နှင့်အချိန် ၂၃-၁၂-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၁၆:၀၀နာရီ
၄။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းအသေးစိတ်သိရှိလိုပါက ကရင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန၊ ဘားအံမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၅၈-၂၁၂၃၆သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကြီးကြပ်မှုကော်မတီ

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၃)
ကလေးဝမြို့
"အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း"

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်အတွင်းရှိ လေယာဉ်ကွင်းအထူးအဖွဲ့(၃)မှ တာဝန်ယူကြီးကြပ်ဆောင်ရွက်သော ကနီ-မင်းကင်း-တောင်တွင်းချောင်းလမ်းပေါ်ရှိ မိုင် ၆၃/၃-၇၀/၁ အတွင်း Box Culvert များနှင့် သံကူကွန်ကရစ်တံတားများတည်ဆောက်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးပစ္စည်းများကို မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

၁။	မြေအုတ်	၁၀၄၂၁၁ ချပ်
၂။	မြစ်ကျောက်စရစ်	၅၉.၂၈ ကျင်း
၃။	မြစ်သဲ	၆၆.၆၄ ကျင်း
၄။	တောသစ်(အထူ)	၁၈.၂၁ တန်
၅။	တောသစ်(အပါး)	၃.၆ တန်

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို လေယာဉ်ကွင်းအထူးအဖွဲ့(၃)၊ ဒုတိယအင်ဂျင်နီယာမှူးကြီး(မြို့ပြ)ရုံး ကလေးဝမြို့တွင် ၁၃-၁၂-၂၀၁၃ရက်မှ ၂၀-၁၂-၂၀၁၃ရက်အထိ ရုံးချိန်အတွင်း ရောင်းချသွားမည်ဖြစ် ပါသည်။
၃။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများကို ဖော်ပြပါရုံး၌ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၀ရက် (သောကြာနေ့) နံနက် ၉း၃၀နာရီမှ ၁၁း၃၀နာရီအထိ လက်ခံမည်ဖြစ်ပြီး ၁၃း၃၀နာရီတွင် အိတ်ဖွင့်တင်ဒါ ဖွင့်ဖောက်ကြော်ငြာမည်ဖြစ်ပါသည်။
၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊ လေယာဉ်ကွင်းအထူးအဖွဲ့(၃)၊ ကလေးဝမြို့သို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၇၃-၄၄၀၀၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
လေယာဉ်ကွင်းအထူးအဖွဲ့(၃)၊ ကလေးဝမြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းမှ မုတ်ခွံရောရာများကို ရောင်းချမည်ဖြစ်ပါသဖြင့် နိုင်ငံသားမည်သူမဆို အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
(က) **ပစ္စည်းကြည့်ရမည့်နေရာ** - အမှတ်(၆၉/၇၁)၊ မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်
(ခ) **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်
(ဂ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်၊
၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို နေပြည်တော်(ရုံးချုပ်)နှင့် ရန်ကုန်(ရုံးခွဲ)တွင် တစ်စုံလျှင် ၁၀၀၀ိ/- (ကျပ်တစ်ထောင်)နှုန်းဖြင့်ဝယ်ယူနိုင်ပြီး တင်ဒါပုံစံများကို ၁၆-၁၂-၂၀၁၃ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၉-၁-၂၀၁၄ရက် ၁၆း၃၀နာရီဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။
၃။ အသေးစိတ်သိရှိလိုပါက ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၄၁၈၄၊ ၀၆၇-၄၁၄၀၈၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း

အများသိစေရန်နှင့်
ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်း

ဦးအောင်လွင်အမည်ပေါက် ဦးနေထွန်းအောင် လက်ရောက်ရရှိဝယ်ယူပိုင်ဆိုင်ထားသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်တံခွန်လမ်း၊ မြေကွက်အမှတ် ၁၉၉၊ (၂၁×၆၀)ပေ (ခြေရင်းခြမ်း)ဂရန်မြေအမျိုးအစားမြေကွက်ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမြင့်သိန်းမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများကို တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်ကျော်အောင်(စဉ်-၃၄၄၉၀)LL.B, C.B.L ဒေါ်ကြည်သာဝင်း(စဉ်-၂၉၅၅၃)LL.B, LL.M ဒေါ်နန်းဆိုင်အုံ(စဉ်-၃၄၅၃၀)LL.B
ဒေါ်ဇင်လင်းထွေး (စဉ်-၃၈၂၃၈) LL.B ဦးမိုးမင်းဟိန်း (စဉ်-၃၈၂၉၂) LL.B
အထက်တန်းရှေ့နေများ (ရွှေဟင်္သာအိမ်ခြံမြေဥပဒေတိုင်ပင်ခံအကျိုးဆောင်)
အမှတ် ၈၆၄၊ ပင်လုံလမ်း၊ (၃၆)အဆင့်မြင့်ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၇၃၀၈၉၂၁၃၊ ၀၉-၄၃၁၃၃၇၅၁၊ ၀၉-၃၁၂၁၀၇၇၂၊ ၀၉-၃၁၃၀၂၆၂၉၊ ၀၉-၄၂၀၂၅၇၄၀၃

မန္တလေးအမေနေ့ ပြိုင်ပွဲဝင်စာမူများဖိတ်ခေါ်

မန္တလေး ဒီဇင်ဘာ ၁၁

(၁၈)ကြိမ်မြောက် မန္တလေး အမေနေ့အထိမ်းအမှတ်အခမ်းအနားကို စဉ်လာမပျက် ပြာသိုလပြည့်နေ့တွင် မန္တလေးမြို့၌ စည်ကားသိုက်မြိုက် စွာ ကျင်းပမည်ဖြစ်သည်။

(၁၈)ကြိမ်မြောက် မန္တလေးအမေ နေ့အထိမ်းအမှတ်ပြိုင်ပွဲဝင်၊ အလွတ် တန်း ဝတ္ထုတို၊ အလွတ်တန်းကဗျာ ရှည်ပြိုင်ပွဲဝင်စာမူများ ဖိတ်ခေါ်ထား သည်။

ဝတ္ထုတိုနှင့်ကဗျာသည် အမေ့ ဂုဏ်ရည်ကို ဖော်ကျူးထားသည့် ဝတ္ထု တို၊ ကဗျာဖြစ်ရမည်ဖြစ်သည်။ ကဗျာ သည် စာကြောင်းရေ ၅၀ ထက်မနည်း ရဟု သိရသည်။ ကဗျာရှည်ပြိုင်ပွဲကို ယခုနှစ်မှစတင်ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို ဒီဇင်ဘာ ၃၁ ရက်နောက်ဆုံးထားပြီး ဦးဖုန်းမြင့် အောင် ဥက္ကဋ္ဌ အမေနေ့ဖြစ်မြောက် ရေးကော်မတီ (၆၉) လမ်း (၄၁) လမ်း မဟာမြိုင်အပိုင်း(၁) မန္တလေးမြို့နှင့် ဦးထွန်းဦး (ထွန်းဦးစာပေ)၊ (၈၄) လမ်း ၂၉ လမ်းနှင့်လမ်း ၃၀ ကြား၊ မန္တလေး မြို့သို့ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲ ဝင်သူများသည် နေရပ်လိပ်စာအပြည့် အစုံ ဆက်သွယ်ရန် ဖုန်းနံပါတ်များ ပြည့်စုံအောင် ရေးသွင်းပေးပို့ရမည် ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဦးဖုန်းမြင့်အောင် ဖုန်း-၀၉-၂၀၆၀၀၅၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်ဟု သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

မိုးညှင်းမြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဖော်ဆောင်ရန်ကွင်းဆင်းကြည့်ရှု

မိုးညှင်း ဒီဇင်ဘာ ၁၁

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မိုးညှင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလေးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်အောင်တို့သည် မိုးညှင်းခရိုင် မြို့နယ်ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များနှင့်အတူ ဒီဇင်ဘာ ၇ ရက်က အင်ကြင်းကုန်းကျေးရွာ၊ နန့်ပုတ်ကျေးရွာ၊ ဆယ်မိုင် ရွာသစ်ကျေးရွာနှင့် မော်ဟန်ကျေးရွာအုပ်စုများသို့ ကွင်းဆင်းကြည့်ရှုသည်။ **(အပေါ်ပုံ)**

ရှင်းလင်းအကြံပြု

ကွင်းဆင်းရာတွင် မိုးညှင်းမြို့နယ် အင်ကြင်းကုန်းကျေးရွာနှင့်မရင်းကုန်းကျေးရွာအကြားရှိ ဆားလှော်ချောင်း မြောင်းခွဲရေထိန်း အဆောက်အအုံတည်ဆောက်မည့်လုပ်ငန်းနှင့်ဆားလှော်ချောင်း မြေတူးဖော်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ မြို့နယ်ဆည်မြောင်းဦးစီးဌာနမှူး ဦးခင်မောင်လွင်က လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ နန့်ပုတ်ကျေးရွာ၏ နန့်ရင်းချောင်းကူး ကျေးလက်လယ်ယာကုန်ထုတ်တံတား တည်ဆောက်မည့် မြေပြင်အနေအထားကို ကွင်းဆင်းကြည့်ရှုသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမိုးက တံတား ပုံသဏ္ဌာန်နှင့် ခန့်မှန်းကုန်ကျစရိတ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းအကြံပြုသည်။

ထို့နောက် ဆယ်မိုင်ရွာသစ်ကျေးရွာ စိမ့်စမ်းရေသွယ်လုပ်ငန်းနှင့် မော်ဟန်ကျေးရွာ ဘူတာစုကွက်သစ်ကျေးလက် တံတားတည်ဆောက်ရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောသီဟနှင့်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာ ဦးမြင့်ဇော်တို့က အကြံပြုရှင်းလင်း ဆွေးနွေးသည်။ **(၀၆၃)**

ဟိုပုံးမြို့နယ်၌ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် စာကျက်ဝိုင်းဖွင့်

ဟိုပုံး ဒီဇင်ဘာ ၁၁

"ပညာရေးဖြင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့" ဆောင်ပုဒ်နှင့်အညီ ဟိုပုံးမြို့နယ်အတွင်း ပညာရည်တိုးတက်မြင့်မားလာစေရေး အတွက် အထက်တန်းကျောင်းတွင် ပညာသင်ကြားလျက်ရှိသော ကျောင်း သားများအပြင် ကျောင်းမနေသူ ပြင်ပမှတက္ကသိုလ်ဝင်တန်းအောင်မြင်ရန် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသားများပါ တက်ရောက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ၂၀၁၄ ခုနှစ် တက္ကသိုလ် ဝင်တန်းအောင်ချက်မြင့်မားရေးအတွက် ဟိုပုံးမြို့ အခြေခံပညာအထက် တန်းကျောင်းများနှင့် ဦးတင်မောင်ဝေ(မေတ္တာမွန်) ပညာရေးဖောင်ဒေးရှင်းတို့မှ ပူးပေါင်းဖွင့်လှစ်သည့် တတိယအကြိမ် ရက် ၁၀၀ စာသင် စာကျက်ဝိုင်း ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၅ ရက် ညနေ ၅ နာရီခွဲက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆရာကြီး ဦးတင်မောင်ဝေ(မေတ္တာမွန်) ပညာရေးဖောင်ဒေး ရှင်းတို့မှ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဆရာမကြီးဒေါ်သန်းသန်းရွှေက ၂၀၁၄ ခုနှစ် ဟိုပုံးမြို့နယ် ကျောင်းတွင်းပြင်ပ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား များ အောင်ချက်မြင့်မားရေးအတွက် ရက် ၁၀၀ စာကျက်ဝိုင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်းအုပ်ဆရာကြီး ဦးစိုးပိုင်က ကျောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် မေတ္တာမွန် ဖောင်ဒေးရှင်း တွဲဖက်အတွင်းရေးမှူး ဦးသန်းထွန်းအောင်နှင့်တွဲဖက်တာဝန်ခံ ဆရာမ ဒေါ်နှင်းမေတို့က စည်းကမ်းချက်နှင့် ပတ်သက်၍ပြောကြားပြီး အခမ်း အနားကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

အဆိုပါ တတိယအကြိမ် စာသင် စာကျက်ဝိုင်းတွင် ကျောင်းတွင်း ကျောင်း ပြင်ပနေ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၀ တက်ရောက်သင်ကြား လျက်ရှိရာ ဒီဇင်ဘာ ၂ ရက်မှ မတ်လအထိ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ် ကြောင်းသိရသည်။ **(နန်းဦးခမ်း)**

ဒီဇင်ဘာလ ပထမပတ် လူထုလမ်းလျှောက်ပွဲ ပူတာအိုဌ်ကျင်းပ

ပူတာအို ဒီဇင်ဘာ ၁၁

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ်၏ ဒီဇင်ဘာလူထုအား ကစားလ ပထမပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၇ ရက် နံနက် ၅ နာရီက မြို့နယ်ပြည်သူ့အားကစားကွင်းစုရပ်နေရာ၌ကျင်းပရာ လမ်းလျှောက်ပွဲ သို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးစိုးမြင့်သိန်း၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာ တာဝန်ခံများနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများ၊ မြို့ပေါ် ၁၀ ရပ်ကွက်မှ ဒေသခံပြည်သူများ စုစုပေါင်း ၁၃၉၉ဦး ပါဝင်ဆင်နွှဲကြသည်။

သတ်မှတ်စုရပ်နေရာမှ အချက်ပြခရာမှုတ်သည်နှင့်တစ်ပြိုင်နက် တက် ရောက်လာသူများသည် စုရပ်နေရာမှ စတင်၍ နမ်ထွမ်ချောင်းသံပေါင် တံတားအထိ အသွားအပြန် သုံးမိုင်ခန့်စုပေါင်းလမ်းလျှောက်ကာ မြို့နယ် ပြည်သူ့အားကစားကွင်းတွင် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းကို စုပေါင်း လှုပ်ရှားဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ဖုန်ကန်(ပူတာအို)**

သန့်ခေါင်စာရင်း ကောက်ယူရေး အကြောင်း ဟောပြော

မိုးကောင်း ဒီဇင်ဘာ ၁၁

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် သန်းခေါင်စာရင်း ကော်မတီက ကြီးမှူး၍ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဟောပြောပွဲကို ဒီဇင်ဘာ ၈ ရက် နံနက် ၁၀ နာရီက မိုးကောင်းခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ပြည်နယ်လူဝင်မှုကြီးကြပ် ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဝင်းလွင်က အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ မိုးကောင်းမြို့နယ် သန်းခေါင်စာရင်းကောက်ယူရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်က မြို့နယ်အတွင်း သန်းခေါင်စာရင်းကောက်ယူရေးကိစ္စ ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေ အနေကိုလည်းကောင်း၊ မိုးညှင်းခရိုင် သန်းခေါင်စာရင်းအဖွဲ့ဝင်ခရိုင် ပညာရေးမှူး ဦးလားလွယ်ကစာရင်းစစ်၊ စာရင်းကောက်များခန့်ထားခြင်းကိစ္စများကိုလည်းကောင်း၊ မိုးညှင်းခရိုင် သန်းခေါင်စာရင်းအဖွဲ့ဝင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခရိုင်ဦးစီးအရာရှိ ဦးတင်ဝင်းသိန်းက သတင်းနှင့် ပြန်ကြားရေးဆိုင်ရာလုပ်ငန်းများ ကိုလည်းကောင်း၊ ခရိုင်(လဝက) ဦးစီးမှူး ဦးစိန်ဝင်းက မေးခွန်းပုံစံများကို ရှင်းလင်းပြောကြားသည်။

(မြို့နယ် ပြန်/ဆက်)

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)
၂၀၁၂-၂၀၁၃ ပညာသင်နှစ်
(၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကြေညာခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ (၁၇)ကြိမ် မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်	။	။ ၈-၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)
အစမ်းလေ့ကျင့်မည့်ရက်	။	။ ၇-၁-၂၀၁၃ရက် (အင်္ဂါနေ့)
ကျင်းပမည့်အချိန်	။	။ နံနက် ၉း၀၀ နာရီ
ကျင်းပမည့်နေရာ	။	။ ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ်
ဘွဲ့နှင်းသဘင်ဝင်ကြေး	။	။ ၁၅၀၀ိ/- (ကျပ်တစ်ထောင်ငါးရာတိတိ)
အဝေးရောက်ဘွဲ့နှင်းသဘင် ဝင်ကြေး	။	။ ၁၀၀၀ိ/- (ကျပ်တစ်ထောင်တိတိ)
လျှောက်လွှာတင်ရမည့်ရက်	။	။ ၁၆-၁၂-၂၀၁၃ရက်
လျှောက်လွှာပိတ်ရက်	။	။ ၂၄-၁၂-၂၀၁၃ရက်

၂။ (၁၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်၌ တတိယနှစ်၊ ဒုတိယနှစ်၊ (ဂုဏ်ထူးတန်း)အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ဘွဲ့လွန်အနုပညာဒီပလိုမာသင်တန်း အောင်မြင် သူများ၊ ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာသင်တန်းအောင်မြင်သူများ၊ ဘွဲ့လွန် အသုံးချရှေးဟောင်းသုတေသနပညာ ဒီပလိုမာသင်တန်းအောင်မြင်ခဲ့သူများနှင့် ဘွဲ့လွန်စာကြည့်တိုက် စီမံခန့်ခွဲမှုပညာဒီပလိုမာသင်တန်း အောင်မြင်ခဲ့သူ များအား ဘွဲ့များ အပ်နှင်းချီးမြှင့်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ လျှောက်လွှာပုံစံများကို သင်တန်းရေးရာဌာနတွင် ဝယ်ယူ နိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၅၉၀၂၅၂၊ ၅၉၀၂၅၄တို့သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

(ဧော်ဦး)
မော်ကွန်းထိန်း
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)

အခွန်ထမ်းမိဘပြည်သူများအား မေတ္တာရပ်ခံနှိုးဆော်ချက်

ယခုအခါ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်ဆုံးရန် ၄ လကျော်သာကျန်ရှိနေပါ၍ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတို့ အရ အခွန်ပေးဆောင်ရန်ကျန်ရှိသူများအား အောက်ပါအတိုင်း မပျက်မကွက်ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံနှိုးဆော်အပ်ပါသည်။

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တတိယသုံးလပတ်အထိ ပေးသွင်းရန်ကျန်ရှိနေသော ကြိုတင်ဝင်ငွေခွန်တို့ကို ၃၁-၁၂-၂၀၁၃ရက် မတိုင်မီလည်းကောင်း၊ စတုတ္ထသုံးလပတ်အတွက် ပေးသွင်းရမည့် ကြိုတင်ဝင်ငွေခွန်တို့ကို ၃၁-၃-၂၀၁၄ ရက်မတိုင်မီ လည်းကောင်း မပျက်မကွက်ပေးသွင်းပါရန်။

၂။ လစဉ်ကုန်သွယ်လုပ်ငန်းခွန် ပေးသွင်းရန်ကျန်ငွေများကိုလည်း ၃၁-၁၂-၂၀၁၃ ရက်မတိုင်မီ မပျက်မကွက်ပေးသွင်းပါရန်။

၃။ ဥပဒေအရ အခွန်ပေးဆောင်ထိုက်သူများသည် အကြောင်းအမျိုးမျိုးကြောင့် မပေးဆောင်ရသေးပါက ကုမ္ပဏီများဆိုင်ရာ အခွန် ရုံးနှင့် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနရုံးတို့သို့ ဆက်သွယ်၍ ဝင်ငွေကြေညာလွှာ/ကုန်ရောင်းကြေညာလွှာများ တင်သွင်းခြင်း၊ အခွန်ပေးဆောင်ခြင်းတို့ကို ၃၁-၁၂-၂၀၁၃ ရက်မတိုင်မီ မပျက်မကွက်ဆောင်ရွက်ကြပါရန်။

၄။ အခွန်ကြွေးကျန်ရှိသူများ ယင်းအခွန်ကြွေးကျန်များကို ၃၁-၁၂-၂၀၁၃ ရက်မတိုင်မီ မပျက်မကွက်ပေးသွင်းကြပါရန်။

အထက်ပါတို့ကို ဆက်လက်ပျက်ကွက်ပါက ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါ၍ အချိန်မီ ပေးသွင်းဆောင်ရွက်ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မရှင်းလင်းသည်များရှိပါက ကုမ္ပဏီများဆိုင်ရာအခွန်ရုံးနှင့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတို့သို့ ဆက်သွယ် မေးမြန်းပါရန်နှင့် သက်ဆိုင်ရာရုံးများက ရှင်းလင်းဖြေကြားအကူအညီပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ခ/၄၈၀၂ Nissan Diesel CG 450W2, Truck (8x4) R, T/S ယာဉ် လက်ဝယ်ရှိသူ ဦးလှသန်း ၉/တကန(နိုင်)၀၁၂၁၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး) ရန်ကုန်မြို့**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀ယ/၄၇၂၆ Suzuki Shogun 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင် အောင် ၇/နတလ(နိုင်)၀၀၁၄၈၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံ သောအထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။ **ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းကို ပြန်လည်ရုပ်သိမ်းခြင်း

၂၁-၇-၁၉၉၀ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာပါ ဖခင် [ဦးစိုးလှိုင်(ခ)ဦးထွန်း စိန်]-မိခင် ဒေါ်သန်းသန်းတို့မှ မွေးဖွားသော သားနှစ်ဦးဖြစ်ကြသည့် (၁) ဦးကျော် သိန်းစိုး(ခ)ကျော်သန်းနှင့် (၂) ဦးဝင်းတင်(ခ)ဗင်စင်တင်တို့အား သားများအဖြစ်မှ စွန့်လွှတ်ခြင်းကြော်ငြာအား ယနေ့မှ ၁၂-၉-၂၀၁၃ရက်မှစ၍ ပြန်လည်ရုပ်သိမ်း ပါကြောင်း။

မိခင်-ဒေါ်သန်းသန်း
၁၂/ကမရ(နိုင်)၀၂၆၅၀၆

မှုခင်းသတင်းနှင့်ကြော်ငြာ

ကုန်းပေါ်သို့တက်ရာမှ အရှိန်မနိုင်သဖြင့် ကားနောက်ပြန်ကျရာ ချောက်ထဲသို့ထိုးကျ

ရွှေတ်ကောင်း ဒီဇင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်း-ပုသိမ်ကားလမ်းမကြီး မိုင်တိုင်အမှတ်(၁၁)တွင် ဒီဇင်ဘာ ၆ ရက် ညနေ ၃ နာရီခွဲက ငရုတ်ကောင်းမှပုသိမ်သို့ ယာဉ်မောင်း ဦးဝင်းထွန်းအောင် မောင်းနှင်လာသော ၄က/---- မှန်လုံ ခရီးသည်တင်ယာဉ်သည် တောင်ကုန်းအမြင့်သို့ မောင်းနှင်နေစဉ် ကားနောက်သို့ပြန်လည်လိမ့်ကျ၍ လမ်းဘေးချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

ထို ယာဉ်တိမ်းမှောက်မှုတွင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ကားတွင် စီးနင်းလိုက်ပါလာသူ ခရီးသည် ၂၅ ဦးမှာ ပွန်းပဲ့ဒဏ်ရာသာ ရရှိခဲ့သည်။ ယာဉ်မောင်း ဦးဝင်းထွန်းအောင်အား ငရုတ်ကောင်းရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဘီးပေါက်ပြီး လမ်းလယ်ကျွန်း ဝင်တိုက်

နေပြည်တော် ဒီဇင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ်(၂၄၈/၃-၄)ကြားတွင် ဒီဇင်ဘာ ၇ ရက်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ ပေပင်လေးအမြန်လမ်းရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ရန်ကုန်မှ မန္တလေးသို့ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အောင်သပြေရပ်ကွက်နေ တင်ကျော်(၄၅ နှစ်)မောင်းနှင်လာသည့် 1G/..... ခရီးသည်တင်မှန်လုံယာဉ်မှာ ဝဲဘက်ရှေ့ဘီးပေါက်ပြီးအရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းဘာရီယာတုံးများကို ဝင်ရောက်တိုက်မိခဲ့ကြောင်း တွေ့ရှိရသည်။ ထိုသို့တိုက်မိမှုကြောင့် ယာဉ်စက်ပြင်ဖြစ်သူ မန္တလေးမြို့ အောင်မြေသာဇံမြို့နယ်နေ စွမ်းနိုင်အောင်(၂၅ နှစ်)တွင် ပေါက်ပြဲဒဏ်ရာရရှိခဲ့သောကြောင့် မိတ္ထီလာဆေးရုံသို့ တင်ပို့ကုသခဲ့ပြီး ယာဉ်မှာရှေ့လေကာမှန်ကွဲ၊ ကိုယ်ထည်ရှေ့ဝဲဘက်ခြမ်း အောက်ပိုင်းကျိုးကြေ၊ ဝဲ/ယာရှေ့ဘီးများပေါက်၍ တန်ဖိုးငွေကျပ်သိန်း ၂၀ ခန့် ပျက်စီးဆုံးရှုံးခဲ့သဖြင့် တင်ကျော်အား ပေလေးပင်အမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ကိုရဲ)

ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့်သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၁၁

မန္တလေးတိုင်း ဒေသကြီး ရမည်းသင်းမြို့နယ် သာယာအေးကျေးရွာလမ်းဆုံ၌ ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၇ ရက် နံနက် ၈ နာရီက သာယာအေးနှင့်ဝါဖြူတောင်ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အတူ ပိတ်ဆို့ရှာဖွေရေးဆောင်ရွက်နေစဉ် ရမည်းသင်းမြို့နေ ခွန်ဦး မောင်းနှင်သောဆိုင်ကယ်ကိုငှားရမ်းလာသူ ညောင်ရွှေမြို့နယ် နယ်မြေ ၁၆ ကွမ်းဘုံရွာနေ အောင်ဇော်လတ် (၃၉နှစ်) လွယ်ထားသည့်ကျောပိုးအိတ်အား ရှာဖွေစစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ စနက်တံပါ မီးရှို့ပေါက်ကွဲစေနိုင်သော တစ်လက်မခွဲခန့်ရှိ ကတ် အခု ၂၉၀၊ ယမ်းစိမ်းမှုန့် ၁၅ ကျပ်သားပါ တစ်ထုပ်၊ အဖြူရောင်ပိုတက်မှုန့် ၁၀ ကျပ်သားပါ တစ်ထုပ်၊ ခဲယမ်းမှုန့် ၁၀ ကျပ်သားခန့် သုံးထုပ်၊ ခိုပျံတံဆိပ်ပါ စနက်တံပါသည့် ကတ်အခု၁၈၀၊ တစ်ပေပတ်လည်အရွယ်ရှိ ယမ်းထုပ်စက္ကူသုံးရွက်၊ ဖြက် လေးပုံတစ်ပုံ လက်မရှိ စက္ကူတိပ် ခြောက်ခွေနှင့်အရှည် တစ်ပေခန့်ရှိ ဝါးချောင်းငယ် ၂၉၀တို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သောကြောင့်အောင်ဇော်လတ်ကိုရမည်းသင်းမြို့မရဲစခန်းက ပေါက်ကွဲစေတတ်သော ပစ္စည်းဆိုင်ရာဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

စိတ်ကြွရူးသွပ်ဆေးပြား လေးထောင်ကျော်ဖမ်းမိ

နေပြည်တော် ဒီဇင်ဘာ ၁၁

အမှတ်(၂) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ဆိပ်မူ)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၈ ရက် ညနေ ၅ နာရီ ၁၅ မိနစ်က မူးယစ်ဆေးဝါးသတင်းအရ ကချင်ပြည်နယ် ဖားကန့်မြို့နယ် ရှရော်ခရွာနေ မင်းလွင်(၄၄ နှစ်)၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ မင်းလွင်အားနေအိမ်တွင်တွေ့ရှိရပြီး ၄င်းဝတ်ဆင်ထားသည့် ဂျာကင်အင်္ကျီနှင့်နေအိမ်အတွင်းမှ 88 နှင့် 1 စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၃၁၈ပြားတန်ဖိုးငွေကျပ်၂၅၉၀၈၀၀၀ နှင့် မူးယစ်ဆေးဝါးရောင်းရငွေကျပ် ၉၅၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မင်းလွင်အား ဖားကန့်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

(ကိုရဲ)

မဘိမ်းမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

မဘိမ်း ဒီဇင်ဘာ ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် မဘိမ်းမြို့နယ် လဝါကျေးရွာတွင် ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီက စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မဘိမ်းမြို့နယ်ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်ရဲဇော်မြင့် ဦးစီးအဖွဲ့သည် နယ်မြေ အခြေအနေကင်းလှည့်စစ်ဆေးစဉ် မူးယစ်ဆေးဝါးသတင်းအရ အသိသက်သေများနှင့်အတူ လဝါကျေးရွာ အရှေ့ဘက် ဒေသအခေါ် ကျွန်းချောင်း/ကိုင်းချောင်းအနီး နယ်မြေအတွင်း ပိတ်ဆို့ရှာဖွေရေး ဆောင်ရွက်စဉ် ကျွန်းချောင်းဘက်မှ လဝါရွာဘက်သို့ လမ်းလျှောက်လာသူ လီဆား(၄၉နှစ်)မန်တုံမြို့နယ်နေသူအား မသင်္ကာသဖြင့် ရပ်တန့်ရှာဖွေစစ်ဆေးရာ ၄င်းလွယ်ထားသည့် DIESLL တံဆိပ်ပါ မြင်းချေးရောင်လွယ်အိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ အထုပ် ရှစ်ထုပ်၊ ၁၀၀ ပြားပါ အထုပ်တစ်ထုပ် စုစုပေါင်း ဆေးပြား ၁၇၀၀၊ အထုပ် ကိုးထုပ်၊ အလေးချိန် ၁၅၃ ဂရမ်ခန့် ကာလတန်ဖိုးငွေကျပ် ၃၄ သိန်းနှင့်မှိုင်းကိုင်စက္ကူဖြင့် ထုပ်လျက် ဘိန်းစိမ်းဟု ယူဆရသော အစေးအလေးချိန် ၆၅၀ ဂရမ်ခန့်ပါ တစ်ထုပ်နှင့်အလေးချိန် ၂၅၀ ဂရမ်ခန့်ပါ တစ်ထုပ်၊ စုစုပေါင်း နှစ်ထုပ်၊ အလေးချိန် ၉၀၀ ဂရမ်ခန့် ကာလတန်ဖိုးငွေကျပ် ၇၂၀၀၀၀၊ စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၄၁၂၀၀၀၀ ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိ၍ မဘိမ်းရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မျိုးမင်း(iprd)

စကားများ ရန်ဖြစ်ရာမှ ဓားထိုးမှုဖြစ်ပွား

တာချီလိတ် ဒီဇင်ဘာ ၁၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဟောင်လိတ်အုပ်စု၌ ဒီဇင်ဘာ ၈ ရက် ည ၁၁ နာရီက စကားများရန်ဖြစ်ရာမှ ဓားထိုးမှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့ ဟောင်လိတ်အုပ်စု စက်မှုဇုန်ရပ်ကွက်တွင် ဒေါ်လှလှဝင်း (၅၆နှစ်) စီဒီစက်ရုံဟောင်းရှေ့ စက်မှုဇုန်ရပ်ကွက်နေထိုင်သူနှင့်ရဲနိုင်ဦး (ခ)အသေးလေး (၁၇နှစ်)ကားဝပ်ရှော့လုပ်သား အမှတ် (၁၃) စက်မှုဇုန်ရပ်ကွက်နေထိုင်သူတို့ စကားများရန်ဖြစ်ရာမှ ရဲနိုင်ဦးက ဓားနှင့်ထိုးသဖြင့် ဒေါ်လှလှဝင်း၏လည်ပင်းတွင် လေးလက်မခန့်ပြတ်ရှဒဏ်ရာ တစ်ချက်ရရှိကာ တာချီလိတ်ပြည်သူ့ဆေးရုံသို့ပို့ဆောင်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ထွက်ပြေးတိမ်းရှောင်နေသူ ရဲနိုင်ဦးကို အရေးယူပေးပါရန် ဒီဇင်ဘာ ၉ ရက် ည ၁ နာရီ ၁၅ မိနစ်က ဒေါ်လှလှဝင်း၏ညီမဖြစ်သူ မနိုင်နိုင်ဝင်း အမှတ်(၆/၆၈) မကာဟိုခမ်းရပ်ကွက် တာချီလိတ်မြို့နေသူက တိုင်ကြားခဲ့ရာ တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း

ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈/၁၀၃ Cheviolet G 85, Truck (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်တိုးလတ် ၅/မမတ(နိုင်)၀၄၅၃၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၄၁၃၃ Suzuki Carry DA 21 T, P/U (4x2) ယာဉ်လက်ဝယ်ရှိသူဒေါ်လှလှဌေး ၁၂/လသန(နိုင်)၀၁၃၆၃၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၃၄၅၃ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ရွှေ ၁၂/သဃက(နိုင်)၀၂၇၁၇၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်

ကွာရှင်းပြတ်စဲပြီးစီးကြောင်း

ကျွန်မ မမီမီမြတ် ၁၂/ဒဂတ(နိုင်)၀၃၃၀၁၉ နှင့် မောင်အောင်ကျော်အေး ၁၂/ဥကတ(နိုင်)၁၆၈၆၂၈ တို့သည် ၅-၁၂-၂၀၁၃ ရက်တွင် ဒက္ခိဏခရိုင်တရားရုံးတွင် တရားဝင် ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း။

မမီမီမြတ် ၁၂/ဒဂတ(နိုင်)၀၃၃၀၁၉

ရေကင်းမြို့ အထက၏ အာစရိယပူဇော်ပွဲ

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ ရေကင်းမြို့ (အထက)၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကို ၂၁-၁၂-၂၀၁၃ရက် (စနေနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလိုပါသဖြင့် ကန်တော့ခံ ဆရာ ဆရာမကြီးများ ဆက်သွယ်ပေးပါရန် နှင့် ဖိတ်ကြားစာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ပေးပါရန် ဂါရဝတရားရှေ့ထား၍ လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ ကျောင်းသား ကျောင်းသူ ဟောင်းများအနေဖြင့် အလှူငွေနှင့်အလှူပစ္စည်းများ လှူဒါန်းလိုပါက ဆက်သွယ်လှူဒါန်း နိုင်ရန် အသိပေး နှိုးဆော်လိုက်ပါသည်။

ဦးဇော်နိုင်လင်း	(ရေကင်း)	ဖုန်း-၀၉-၄၂၃၆၉၁၉၅၅
ဦးအောင်ကိုကို	(ရေကင်း)	ဖုန်း-၀၉-၄၂၃၇၀၀၄၅၄
ဦးဇော်ဝမ်း	(ရန်ကုန်)	ဖုန်း-၀၉-၇၃၀၉၀၆၅၅
ဒေါ်နီလာဝင်း	(ရန်ကုန်)	ဖုန်း-၀၉-၄၄၈၀၀၁၆၆၇
ဦးသန်းနိုင်စိုး	(ရန်ကုန်)	ဖုန်း-၀၉-၄၂၁၁၀၆၉၆၄
ဦးရဲဝင်းအောင်	(ရန်ကုန်)	ဖုန်း-၀၉-၄၂၀၀၄၁၈၀၂

အာစရိယပူဇော်ပွဲကျင်းပရေးအဖွဲ့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၁ယ/၄၃၂၈၃Honda C90CustomCMV,M/Cယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းနွယ်၉/ မနတ(နိုင်)၁၀၄၂၃၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ကက/၈၅၇၇ယာဉ်လက်ဝယ်ရှိသူ ဦးစံရွှေ ၉/မရမ(နိုင်)၀၅၇၁၆၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၊ အကွက်အမှတ် ၅၆၊ အကွက်အမည် ကျောင်းကြီး၊ မြေကွက်အမှတ် ၂၅၊ ဧရိယာ ၀ ဒသမ ၁၀၆ ဧကရှိ ဦးကျော်လင်းအမည်ပေါက် မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့

ဦးအောင်ခင်၊ ညီမ ဒေါ်ခင်ထွေးမြင့်နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း(တောင်)ရပ်ကွက်၊ ပြည်လမ်း၊ အမှတ် (၂၆၅)ဟု ခေါ်တွင်သော ပေ(၁၂၀×၇၀)အကျယ်ရှိ မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ သုံးထပ်တိုက်၊ နှစ်ခန်းတွဲအဆောက်အအုံနှင့် ကြည့်မြင်တိုင်မြို့နယ်၊ ဥယျာဉ်လမ်း၊ အမှတ် ၁၃ တွင်တည်ရှိသော အိမ်နှင့်မြေတို့ကို ဦးမောင်မောင်(ကွယ်လွန်)က အမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။ ဖခင်ဦးမောင်မောင်(ကွယ်လွန်)နှင့် မိခင်ဒေါ်သန်းရီ(ကွယ်လွန်)တို့တွင် (၁)ဦးလှပြုံး၊ (၂)ဦးသန်းညွန့်၊ (၃)ဒေါ်ခင်လေးမြင့်၊ (၄)ဦးအောင်ခင်နှင့် (၅)ဒေါ်ခင်ထွေးမြင့်တို့ကို ဖွားမြင်ခဲ့ပါသည်။ ယခုအခါ အမွေစားအမွေခံများအဖြစ် (၁)ဦးသန်းညွန့်(ကွယ်လွန်)၏ဇနီး ဒေါ်ငြိမ်းတင်နှင့် သမီး ဇင်မာသူ၊ (၂)ဦးအောင်ခင်နှင့် သား မောင်သိန်းကျော်မင်းနှင့် (၃)ဒေါ်ခင်ထွေးမြင့်တို့သာ ကျန်ရှိ ကြပါသည်။ အထက်ဖော်ပြပါအမွေဆိုင်ပစ္စည်းများဖြစ်သော အိမ်နှင့်မြေတို့ကို ဒေါ်ငြိမ်းတင်နှင့် သမီး ဇင်မာသူတို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းတို့ကို လုံးဝမပြုလုပ်ရန် သတိပေးအပ်ပါသည်။ ပြုလုပ်ခဲ့ပါက တရားမဝင်ကြောင်းနှင့် တရားဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း လေးနက်စွာ သတိပေး တားမြစ်အပ်ပါသည်။

ဒေါ်ငြိမ်းတင်နှင့် မဇင်မာသူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်ဝင်းအောင်

တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၃)

B.A (Law), LL.B, D.B.L, D.M.L, D.I.L, D.A.PSY

အမှတ် ၂၅၊ လမ်း ၁၃၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၇၃၂၀၈၉၈၁

ပညာ့အလင်းခေတ်မီစာကြည့်တိုက်၌ စာအုပ်စာစောင်နှင့်ဓာတ်ပုံပြပွဲ

ကျောက်တံတား ဒီဇင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ပညာ့အလင်းခေတ်မီစာကြည့်တိုက်၌ စာအုပ်စာစောင်နှင့်ဓာတ်ပုံပြပွဲများကို ဒီဇင်ဘာ ၄ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့်ဂရိတ်ဝေါတိုင်းရင်းဆေးမှ ဦးမောင်မောင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်အနောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

လေ့လာ

ထို့နောက် ညွှန်ကြားရေးမှူး (ထုတ်လုပ်) ဦးအေးကြွယ်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူးတို့က အလှူရှင်များအား ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ပြီးနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာနှင့် ကျောင်းသား ကျောင်းသူများက ပြခန်းများအား စိတ်ဝင်တစား လေ့လာကြကြောင်း သိရသည်။

(ပြန်/ဆက်)

ထားဝယ်မြို့တွင် တရားပွဲများ ကျင်းပ

ထားဝယ် ဒီဇင်ဘာ ၁၁

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် ပွင့်လင်းရာသီရောက်ရှိပြီဖြစ်၍ ရပ်ကွက်၊ ကျေးရွာများအတွင်း အဖွဲ့အစည်းအသီးသီးမှဦးစီး၍ ဓမ္မသဘင်တရားပွဲများကျင်းပလျက်ရှိရာ ထားဝယ်မြို့ ထိန်သစ်ရပ်ကွက် ပရဟိတအကျိုးတော်ဆောင်ဓမ္မမိတ်ဆွေများ စုပေါင်း၍ ထားဝယ်မြို့အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းဝင်း မြက်ခင်းပြင်တွင်(၁၀)ကြိမ်မြောက် ဓမ္မသဘင်တရားပွဲကို ဒီဇင်ဘာ ၉ ရက်မှ ၁၈ ရက်အထိ ၁၀ရက်ကြာ ကျင်းပမည် ဖြစ်သည်။

တရားပွဲများကျင်းပရာတွင် ဓမ္မကထိကဆရာတော်များဖြစ်သည့် ကနိုင်းဒါကျောင်းကြီးမှ အရှင်ကုန္ဒကက ဒီဇင်ဘာ ၉ရက်၊ မုတ္တမမြို့ နန်းဦးစာသင်တိုက်မှ မြနန်းဆရာတော် အရှင်သဒ္ဓမ္မက ဒီဇင်ဘာ ၁၀ ရက်၊ မော်လမြိုင်မြို့ မြစေတီစာသင်တိုက်မှ ဆရာတော်အရှင်ဂန္ဓသာရက ဒီဇင်ဘာ ၁၁ရက်၊ ကလေးဆရာတော် အရှင်ကဥ္စနေဘာသက ဒီဇင်ဘာ ၁၂ရက်၊ မွန်ကျောင်းဆရာတော် အရှင်ပညာသိရိက ဒီဇင်ဘာ ၁၃ ရက်နှင့် ၁၄ရက်၊ ဂန့်ဂေါကျောင်းဆရာတော် အရှင်ဇုတိက ဒီဇင်ဘာ ၁၅ ရက်၊ သာသနာ့မာန်အောင်ကျောင်းဆရာတော် အရှင်ပုညဝန္တက ဒီဇင်ဘာ ၁၆ရက်၊ ဂျလန်းကျွန်းဆရာတော် အရှင်ကုသလဇောတိက ဒီဇင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်များတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ည၇နာရီခွဲမှစ၍ ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ **ဖိုးရွှေသွန်း (ထားဝယ်)**

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ကျပ်သိန်း ၁၀၀၀ လှူဒါန်း

ကျိုက်ထို ဒီဇင်ဘာ ၁၁

ဒေါက်တာတင့်စိုးလင်း(Managing Director)Pwint Gaung and Khin Nwe Ye Co.,Ltd & Shwe Pu Zun Co.,Ltd.၊ ဦးတင့်လွင်(အင်ဂျင်နီယာမှူးကြီး၊ ပဆင)-ဒေါ်ပွင့်မာခိုင်တို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်နွဲ့ရီ အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ
ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး
အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း(ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးတင့်လွင် (အင်ဂျင်နီယာမှူးကြီး၊ ဘုရင့်နောင်တံတားအမှတ်-၂၊ တည်ဆောက်ရေးစီမံကိန်း)-ဒေါ်ပွင့်မာခိုင်တို့၏မိခင်ကြီး အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး) အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဇနီး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ နေပြည်တော်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးတင့်လွင် (အင်ဂျင်နီယာမှူးကြီး၊ ဘုရင့်နောင်တံတားအမှတ်-၂၊ တည်ဆောက်ရေးစီမံကိန်း)-ဒေါ်ပွင့်မာခိုင်တို့၏မိခင်ကြီး အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်နွဲ့ရီ(ရွှေပုစွန်မိခင်ကြီး) အသက်(၈၉)နှစ်သည် ၈-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အင်ဂျင်နီယာမှူးကြီးနှင့်အင်ဂျင်နီယာဝန်ထမ်းများ
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်းဒေသကြီး

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

ဒေါ်ခင်စန်းမြင့် (သာယာဝတီ)

အသက်(၇၀)

အမှတ် ၈၊ ဓမ္မာရုံလမ်း၊ သာယာဝတီမြို့နေ(ရှေ့နေကြီး ဦးလုရှိန်-ဒေါ်ဖွား)တို့၏သမီး၊ အမှတ် ၈၀၈၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ(A)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်နေ ဒေါ်အေးစန္ဒာမြင့်၏မိခင်၊ မသဒ္ဒါအိမ်စည်(Grade-11၊ ကောင်းထက်ကျော်အထက်တန်းကျောင်း)၏အဘွား၊ အမှတ် ၂၀၇၊ သဇင်မြိုင်လမ်း၊ ကိုးလုံးကွင်းတောင်ပိုင်း၊ သန္တေပင်၊ မှော်ဘီမြို့နယ်နေ ဦးအုန်းကြူ(ခ) ဦးဝင်းမြင့်၏ဇနီးသည် ၉-၁၂-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁း၃၀နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်မြမြပြုံး (ရွှေဂုံတိုင်၊ အုတ်လမ်း)

အသက်(၆၁)နှစ်

အမှတ် ၄၄၊ ပတ္တမြားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးမြမောင်-ဒေါ်ခင်ရွှေ)တို့၏သမီး၊ (ဦးတင်လှိုင်)-ဒေါ်သိန်းကြည်တို့၏ သမီးချွေးမ၊ ဦးမြလှိုင်(ဒု-ညွှန်မှူး၊ ငြိမ်း၊ NPE)၊ DGM. Asian Fame Media Group ၏ဇနီး၊ကိုသီဟလှိုင်(C.C.M Co.,Ltd.)-မခိုင်ဇင်မျိုး၊မသက်သက်လှိုင်(နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတိုက်)၊ မယုယုလှိုင်(အများပြည်သူဝန်ဆောင်မှုသတင်းစာအုပ်ချုပ်ရေးအဖွဲ့)တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၁၁-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅နာရီတွင် ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ဒဂုံမြို့သစ်(တောင်ပိုင်း) ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

မခိုင်ဇင်ဆုဝေ

ဆဋ္ဌမတန်း(ခ)

အထက(၄)တာမွေ

အသက်(၁၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊တိုက်အမှတ် ၁၁၇၅၊ အခန်း ၅၀၁နေ (ဦးဇော်ထွန်း)-ဒေါ်ခင်မေဝင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊(၅၄)ရပ်ကွက်နေ ဦးပါ(စာရေးဆရာဇင်သန့်-ဒေါ်ခင်စိန်လှ)တို့၏ မြေး၊ ဦးမင်းဇင်ထက် (Skynet - Hluttaw Channel) - (ဒေါ်အေမီထွန်း)တို့၏ တစ်ဦးတည်းသောသမီးသည် ၁၁-၁၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (တာမွေမြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီမနူးရ်ဂျဟာန်ဘီ(ခ) ဒေါ်ရင်မေ

အသက်(၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်လမ်း၊ အမှတ် ၁၇၊ ငါးလွှာနေ အလ်ဟာဂျ်မော်လာနာမွဖ်သီရှမ်စွတ်ဒှဟာ(မဇ္ဇာဟေရီ)ဟဒီးဆ် ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ဆရာကြီး ဆူဖီယဟ်အစ္စလာမ့် သာသနာ့တက္ကသိုလ်နှင့် ဓမ္မသတ်မှူးချုပ် ပြည်ထောင်စုမြန်မာနိုင်ငံတော် အိုလမာအစ္စလာမ့်သာသနာ့ ပညာရှင်များအဖွဲ့ချုပ်၏ဇနီးသည် ၉-၁၂-၂၀၁၃ရက်(တနင်္လာနေ့) ည ၇း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍၁၀-၁၂-၂၀၁၃ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင်ရေဝေးကဘာရ်စတန်၌ ဂျနာဇာဖတ်နမာဇ်ဝတ်ပြုပြီး ဒဖ္ဖနာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သန်းမြင့် (ညောင်လေးပင်မြို့)

အသက်(၈၀)

ညောင်လေးပင်မြို့နေ (ဦးလွန်းမောင်-ဒေါ်ချစ်မေ)တို့၏သမီး၊ ညောင်လေးပင်မြို့၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၉နေ (ဦးမြသန်း)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးရဲနိုင်(ငြိမ်း)(နီဗယ်ကောလိပ်)-ဒေါ်ယဉ်ယဉ်၊ ဒုတိယဗိုလ်မှူးကြီးဝင်းဆွေ(ငြိမ်း)(ဖွဲ့ကပင်ယူနိုင်တက်)-ဒေါ်ခင်ဝင်းနိုင်(အထက-၂၊ မင်္ဂလာဒုံ)၊ ဒုတိယဗိုလ်မှူးကြီးမင်းကြူ(ငြိမ်း) (ချမ်းဟိန်းကုမ္ပဏီ)-ဒေါ်ခိုင်ဝါ(DBE-3)၊ ဒုတိယဗိုလ်မှူးကြီးအောင်ဝင်း(ငြိမ်း)(မွေး/ရေဘဏ်)-ဒေါ်ခိုင်မာ၊ဒုတိယဗိုလ်မှူးကြီးအောင်သိန်းငွေ(ငြိမ်း)-ဒေါ်ကြူကြူနိုင်၊ ဗိုလ်ကြီးရဲဝင်း(ငြိမ်း)-ဒေါ်မြင့်မြင့်နိုင်၊ (ဦးနေဝင်းနိုင်)၊ ဦးအောင်မျိုးမင်း-ဒေါ်ခင်လင်းနိုင်တို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၀-၁၂-၂၀၁၃ရက်(အင်္ဂါနေ့)ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၁၂-၂၀၁၃ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁နာရီတွင် ညောင်လေးပင်မြို့ အရှေ့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ဝင်းကြည် (ဝါးခယ်မ)

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၁၃၃)ရပ်ကွက်၊ အင်း၀ ၁လမ်း၊ အမှတ် ၃၅၄/ခနေ (ဦးမောင်သန်း-ဒေါ်မြင့်မေ)တို့၏သမီးကြီး၊ (ဦးသိန်းငွေအောင်)၊ (ဦးမြင့်ဆွေ)-ဒေါ်ခင်မြင့်မူတို့၏အစ်မ၊ ဒေါ်အေးအေးမိုး၊ ဦးကျော်ထွန်း-ဒေါ်လဲ့သူဇာမြိုင်၊ ဦးချစ်ဦးမောင်(M.O.B) - ဒေါ်ခင်ချောမျိုးစု(M.O.B)တို့၏မိခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘွား၊ (ဦးစိမ်းမောင်)၏ဇနီးသည် ၁၁-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၃ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

သိက္ခာတော်ရဆရာကြီး

ဦးထူးစော

သင်းအုပ်ဆရာကြီး၊ကရာနီနှစ်ခြင်း အသင်းတော်၊ ပြင်ဦးလွင်မြို့

အသက်(၆၆)နှစ်

ရန်ကုန်တိုင်းဒေသကြီးနေ (ဦးအေးခိုင် - ဒေါ်သိန်းကြည်)တို့၏ သားကြီး၊ ပြင်ဦးလွင်မြို့၊ ချယ်ရီလမ်းနေ ဆရာမ ဒေါ်နီလာ၏ခင်ပွန်း၊ ဒေါ်နော်ထူးဖော-(ဦးစောဂေါ့ဝေးလ၊ အငြိမ်းစားဒုတိယဗိုလ်မှူးကြီး)၊ ဒေါ်နော်ထူးစေး-Capt စောဂျော်နသန်(SK-YLINE)၊ ဒေါ်နော်ထူးသော - ဦးစောမောင်မောင်ချစ်တို့၏ အစ်ကိုကြီး၊ တူ၊ တူမ ခြောက်ယောက်တို့၏ဦးလေးသည် ၁၀-၁၂-၂၀၁၃ရက်(အင်္ဂါနေ့)ည ၁၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၃-၁၂-၂၀၁၃ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ပြင်ဦးလွင်မြို့ ကရာနီနှစ်ခြင်း အသင်းတော်တွင် ဝတ်ပြုဆုတောင်းပြီး ခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ဦးအေးကြည် (ပုလော)

အသင်းဝင်အမှတ်-၆၃၄

အသက်(၈၄)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၁)ရပ်ကွက်၊ ရှုမဝလမ်းနေ ဒေါ်သန်းမြ၏ခင်ပွန်းသည် ၁၀-၁၂-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

Abdul Quader (ခ) Fredrick Yasin (ခ) ဦးစိန်တင်

B.Com, R.A, H.G.P,RL

(FISC သန်လျင်၊ ကျောင်းအုပ်ကြီး)

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် ၁၅၆၊ B.Sc. College နေ (ဟာဂျီ S.M ယာစင်-ဟာဂျီမ ဒေါ်မိမိကြီး)တို့၏ သားကြီး၊ (ဦးမောင်မောင်သန်း - ဒေါ်ခင်သန်းနု)တို့၏သားသမက်၊ (ဒေါ်ခင်သန်းမြင့်)၏ခင်ပွန်း၊ ဒေါ်စန္ဒာတင်-ဦးဝင်းဦး၊ ဦးဇာနည်တင် - ဒေါ်ဆွေဇင်သိန်းတို့၏ဖခင်၊ မသျှားဇေကရီနိုင်၏အဘိုးသည် ၁၁-၁၂-၂၀၁၃ရက် နံနက် ၆း၅၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွာရ်နမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်ဥယျာဉ်တော်၌ဒါဖနာပြီးဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဝင်းဆန်း

(က/၂၂၄၇) ဦးစီးအရာရှိ(ငြိမ်း)

အကျဉ်းဦးစီးဌာန

(ထောင်မှူးသင်တန်းအပတ်စဉ်-၆)

မန်နေဂျာ(ဆောင်းသဇင်ဟိုတယ်)

နေပြည်တော်

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၆)ရပ်ကွက်၊ဇဋ္ဌိလာ၁လမ်းနေ(ဦးဝင်း-ဒေါ်လှရင်)တို့၏သား၊ (ဗိုလ်မှူးကျော်ဒင် - ဒေါ်ညွန့်ရင်)တို့၏ သားသမက်၊ဒေါ်ခင်ဝင်းမြင့်၏မောင်၊ ဦးတင်ငွေ၊ ဒေါ်လှလှအေး၊ ဦးတင်ထွေး၊ ဒေါ်အေးအေး၊ဦးကျော်ဝင်းထွေးတို့၏အစ်ကို၊ ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ထန်းပင်ကုန်းရပ်ကွက်နေ (ဦးကိုကိုနိုင်)-ဒေါ်အုန်းချစ်ကျော်၊ ရတနာအိမ်ရာနေ ဗိုလ်မှူးကြီးသန်းအောင်(ငြိမ်း)-ဒေါ်အေးချစ်ကျော်၊ မရမ်းကုန်းမြို့နယ်နေ ဦးထွန်းချစ်ကျော် (ဒု-ရဲမှူး၊ ငြိမ်း)-ဒေါ်ခမ်းမျိုးသိမ်းတို့၏ ညီ/မောင်၊(ဦးရဲချစ်ကျော်)-ဒေါ်မာမာချိုတို့၏အစ်ကို၊ ဒု-အရာခံဗိုလ်ကေသော်ဆန်း (မြဝတီ ရပ်/သံ)၊ မဝင်းဆုမွန်(ပြည် ခုတင်-၁၀၀၊တပ်မတော်ဆေးရုံ)၊ မောင်သက်ဇော်ဆန်း(ဦးစီးအရာရှိ၊ တန့်ဆည်မြို့နယ် မြေစာရင်းဦးစီးဌာန)-မသိမ့်သန္တာအောင် (အထပြ၊ ကံထူးမ)၊ မဝင့်ရွှေရည်ဝင်း(Sky Net)တို့၏ဖခင်၊ ဒေါ်သီဂီချစ်ကျော်၏ခင်ပွန်းသည် ၁၀-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀) ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၂-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၃၉/B၊ သဇင်လမ်း၊ ထန်းပင်ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးအောင်မင်း (FTR)

C.D.C. No.29580

JSM Co.,Ltd

M.T ROYAL PERIDOT

အသက်(၅၃)နှစ်

ရန်ကုန်မြို့နေ(ဦးသင်းမောင်-ဒေါ်စိန်စိန်)တို့၏သား၊ ဦးဘသန်း-ဒေါ်ယဉ်နုဖြူ၏သားသမက်၊(ဦးမောင်မောင်ကြီး)-ဒေါ်ခင်စန်းရီ၊ ဦးမျိုးသိန်း-ဒေါ်ခင်စိုးရီ၊ ဦးဇော်ဝင်း-ဒေါ်ခင်မြမြ၊ ဦးတင်ဝင်း-ဒေါ်ခင်စန်းရီ၊ (ဦးချိုထွန်း)-ဒေါ်မိုးမိုးသက်၊ ဦးဝင်းမြင့်-ဒေါ်ဝေဝေလွင်၊ ဦးသိန်းလွင် - ဒေါ်ဥမ္မာသင်း၊ Mr. Andrew-ဒေါ်ခင်မူမြင့်၊ (ဦးနေဝင်း)-ဒေါ်သီတာအေးတို့၏မောင်၊ ဦးနေဝင်းသိန်း-ဒေါ်နီနီသင်းတို့၏အစ်ကို၊ ဒေါ်စန်းစန်းခိုင်၏ခင်ပွန်း၊ မောင်စောရန်နောင်၏ဖခင်၊ ဦးထွန်းထွန်း-ဒေါ်ခင်ထားလှိုင်တို့၏အစ်ကို၊ သင်းသင်းထွန်း၏ဦးလေး၊ သာကေတမြို့နယ်၊ရှုခင်းသာအိမ်ရာ၊ တိုက်အမှတ် F/1၊ အခန်း ၃၀၇နေ ဦးအောင်မင်းသည် ၉-၁၂-၂၀၁၃ရက် ည ၁၀း၂၀နာရီတွင် M.T ROYAL PERIDOT သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကိုထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

ဦးချစ်ဖေ (တောင်ငူ)

အသက်(၉၀)

တောင်ငူမြို့၊ ၄/၂၇၆၊ ၃လမ်း၊ ကြက်တည်ရပ်နေ(ဦးဘိုးစစ်-ဒေါ်သေး)တို့၏သား၊ (ဒေါ်ကျင်လှ)၏ခင်ပွန်း၊ (ဦးအောင်ညွန့်)-ဒေါ်ချစ်ချစ်၊ ဦးသိန်းဝင်း (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ကြေး/မြေ)-ဒေါ်ဖြူဖြူ၊ ဒေါ်နွဲ့နွဲ့၊(ဦးအေးကို)-ဒေါ်စန်းစန်းဝင်း (မူ/အုပ်၊ မိတ္ထီလာ)၊ ဦးခင်မောင်စိုး၊ ဒေါ်စန်းစန်းအေး (ဆည်မြောင်း)၊ ဒေါ်ချိုချို(အလက-၂၊ တောင်ငူ)၊ ဦးမျိုးမြင့်ဇော်-ဒေါ်တင်မျိုးမျိုးတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၁-၁၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၃၀နာရီတွင် တောင်ငူမြို့ ကေတုဆေးရုံ၌ ကွယ်လွန်သွားပါ၍၁၃-၁၂-၂၀၁၃ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် အနောက်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်သာငြိမ်း

အသက်(၈၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ သက်ကယ်ပြင်အုပ်စု၊သာယာစုကျေးရွာနေ (ဦးလုဂုံ-ဒေါ်လှဝင်း)တို့၏ သမီးကြီး၊(ဦးမုံလှ)၏ဇနီး၊ သာကေတမြို့နယ်၊၁၀/တောင်ရပ်ကွက်၊ ဟင်္သာတအတွင်း ပတ္တမြားစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသီလာနန္ဒ၊ ဦးမြစိုး-ဒေါ်ညို၊ ဦးမြင့်ကြည်-ဒေါ်ညိုအေး၊ ဦးစိန်ဝင်းကြည်-ဒေါ်ချိုလေး၊ ဦးစိန်မင်း-ဒေါ်ရင်စန်း၊ ဦးကျော်ဝင်း-ဒေါ်သိန်းထွေးတို့၏မိခင်၊ မြေး ၁၆ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၁၀-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၂၀နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဟင်္သာတအတွင်းပတ္တမြားကျောင်းမှ ကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက်၊ ဟင်္သာတအတွင်း ပတ္တမြားကျောင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်အေးသန်း(ဒေါ်အမာ)

(နတ်တလင်း)

အသက်(၈၃)နှစ်

နတ်တလင်းမြို့၊ ဗိုလ်ချုပ်လမ်းနေ (ရှေ့နေဦးသိန်းမောင်-ဒေါ်သဲညွန့်)တို့၏သမီး၊ (ဦးကိုကိုကြီး-ဒေါ်နှင်းနှင်း)၊ (ဦးကိုကိုလေး)၊ (ဦးညွန့်ဝေ)၊ (ဦးဘညွန့်) (သံအမတ်ကြီး၊ ငြိမ်း)-ဒေါ်ခင်အေးအေး၊ (ဒေါ်စန်းစန်းမြင့်)၊ ဒေါ်မြမြသွင်တို့၏အစ်မ၊ တူ၊ တူမ ၁၇ယောက်တို့၏အဒေါ်သည် ၁၁-၁၂-၂၀၁၃ရက် ၁၂း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၃ရက်(သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ်(ဝိုင်) သုခဝတီ၊ ကမ္ဘာအေးဘုရားလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဦးကျော်ဇင်လတ်

(အငယ်တန်းအင်ဂျင်နီယာ-၂)

စီမံကိန်း၊ မန်နေဂျာ(၃)ရုံး၊

မန္တလေးတိုင်းဒေသကြီး၊မြောက်ပြင်

အသက်(၃၆)နှစ်

မိတ္ထီလာမြို့နယ်၊ အောင်ဇေယျ(၁၆)နယ်မြေ၊အောင်သုခရပ်ကွက်နေ ဦးသိန်းဆောင်(တိမွေးကု၊ ငြိမ်း)-ဒေါ်ခင်အုန်းမြင့် (M/W၊ ငြိမ်း၊ က/မဌာန)တို့၏သားကြီး၊ ဦးကျော်စွာမင်း-ဒေါ်လှိုင်ဖြိုး(A.E၊ လျှပ်စစ်၊ မြစ်ကြီးနား)၊ ကိုကျော်ဇောလင်းတို့၏အစ်ကို၊ ယုဇနဥယျာဉ်မြို့တော်၊ A-၈လမ်း၊ တိုက် ၆၊ အခန်း ၀၀၁နေ ဦးမြင့်သိန်း-ဒေါ်တင်တင်ရီတို့၏သားသမက်၊မနှင်းယုမွန်၏ခင်ပွန်း၊ မောင်အောင်မင်းမြတ်၏ဖခင်သည် ၁၁-၁၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၄း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၂-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင်ထွက်ခွာပါမည်။)ကျန်ရစ်သူမိသားစု

ဦး P.J.G ရာချ် (မြတ်မွှတ်ဓာတ်ပုံ)

St. ALbert ကျောင်းသားဟောင်း

ပြင်ဦးလွင်

အသက်(၈၄)နှစ်

ပြင်ဦးလွင်မြို့၊ မန္တလေး-လားရှိုးလမ်း၊ အမှတ် ၃၅၊ နာရီစင်အနီးနေ (ဒေါ်ညွန့်ညွန့်၊ စည်ပင်၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာလွင်လွင်မြင့် (ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ပခုက္ကူတက္ကသိုလ်)၊ ဒေါ်စံပယ်မြင့် (အောင်စံပယ် စိန်ရွှေရတနာဆိုင်)၊ ဦးဇော်မင်းဦး-ဒေါ်နှင်းဆီမြင့်(မြတ်မွန်စတိုး၊ ဈေးကြီး)၊ ဦးကျော်စိုးမိုး-ဒေါ်သူဇာလွင်တို့၏ဖခင်၊ မောင်ညဏ်လရောင်၊ မသွန်းလဲ့ရွှေရည်တို့၏အဘိုးသည် ၁၀-၁၂-၂၀၁၃ရက် ညနေ ၆နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၁-၁၂-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ကုန်းဘော စမိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးကောင်းရင်(ခ)ဘကြီးကောင်း

အသက်(၇၈)နှစ်

မိတ္ထီလာမြို့၊ အောင်ဆန်းနယ်မြေ၊ စက်တန်းရပ်ကွက်၊ တက္ကသိုလ်ဝင်းအတွင်းနေ ဒေါ်ညွန့်ရင်၏ခင်ပွန်း၊ ဘီးလင်းမြို့နေ ဒုအရာခံဗိုလ်ဇော်ဝင်း-ဒေါ်ခင်ခင်ချို၊ မိတ္ထီလာမြို့၊ ကျီတော်ကုန်းရပ်ကွက်နေ ဦးအေးကြိုင်-ဒေါ်ဝင်းဝင်းဆန်း(ခ)မမူ၊ မိတ္ထီလာတက္ကသိုလ်ဝင်းအတွင်းနေ မစန်းစန်းညွန့်(လ/ထ မော်ကွန်းထိန်း)၊ မခင်မမိုး(လ/ထ ကထိက၊ သချာင်္ဌာန၊ ကွန်ပျူတာတက္ကသိုလ်)၊ မအေးအေးမော်(လ/ထမန်နေဂျာ၊ စနစ်)တို့၏ဖခင်၊ တကကစရ သက်ထက်အောင်၊ မစန္ဒီဇော်ဝင်း(ပြည်ထောင်စုစစ်ရင်းစစ်ချုပ်ရုံး)၊တသငြိမ်းချမ်း-မအေးမုံဖူး၊ မနွေးနန္ဒာဇော်ဝင်းတို့၏အဘိုးသည် ၈-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂း၅၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၂-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် မြင်တော်ကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

နာမကျန်းဖြစ်စဉ် ပြုစုကုသပေးပါသော တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)မှ အရာရှိ၊အရာခံ၊စစ်သည်များအားလုံး၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေများနှင့်မြင်တော်ကန်သုသာန်သို့လိုက်ပါပို့ဆောင်ကြသူအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

ဦးမြဒင်(ခ) ဦးကျော်ကျော် (စစ်တွေ)

မြန်မာ့လေကြောင်း(ငြိမ်း)

အသက်(၈၃)နှစ်

အင်းစိန်မြို့နယ်၊ ဝါဦး ၂လမ်း၊ အမှတ် ၃၆/ခ၊ ဖော့ကန်ရပ်ကွက်နေ (ဦးအောင်သာဘန်း-ဒေါ်မေဆင်) တို့၏သား၊ (ဦးကျော်ဇောဦး-ဒေါ်စောပု)တို့၏သားသမက်၊ဒေါ်စောမေ၏ခင်ပွန်း၊ (ဦးဘတင်-ဒေါ်နံသာဦး)၊ (ဦးဘမောင်-ဒေါ်အေးမြိုင်)၊ (ဦးကျော်)-ဒေါ်ခင်ခင်ဖြူတို့၏ညီ/မောင်၊ (ဦးစိန်ညိုထွန်း)-ဒေါ်ခင်စောတင်၊(ဦးစံရွှေဘု-ဒေါ်ကြည်ကြည်အောင်)၊ ဦးထွန်းဖဲ-ဒေါ်လီလီသာတို့၏အစ်ကို၊ဒေါက်တာဦးထွန်းကြည်-ဒေါ်တင်တင်အေး(မွေးကုဦးစီး)၊ (ဒေါ်တင်တင်ညို)၊ ဦးလှမြင့်ထွန်း-ဒေါ်တင်တင်ထွေးတို့၏ဖခင်၊ မောင်တင့်လွင်ဝင်း-မဆုမွန်ကျော်၊ မောင်ရန်နိုင်ထွန်း၊ မောင်ရန်အောင်ထွန်းတို့၏ အဘိုးသည် ၁၀-၁၂-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၃ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၂-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၃၆/ခ၊ ဝါဦး ၂လမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ကိုဟိန်းထက်စိုးခိုင်

B.Sc (Physic) (CE-26)

CDC-55833

First Engineer (JSM)Co.,Ltd.

အသက်(၃၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ် ၆၅၄-B၊ မြို့ပတ်လမ်း၊ ရွာမအနောက်ရပ်ကွက်နေ (ဦးဟန်တိတ်)-ဒေါ်ကြည်စိန်၊ (ဦးစောဘတင်)-ဒေါ်နော်ဖောစေးတို့၏မြေး၊ ဒေါက်တာဦးစိုးခိုင်-ဒေါ်နော်အောလစ်ဖ်တင်တို့၏ သားကြီး၊ ဒေါက်တာဟိန်းသက်စိုးခိုင်၊ မနှင်းဝေဝေခိုင်တို့၏ အစ်ကိုကြီးသည် ၇-၁၂-၂၀၁၃ရက် (စနေနေ့)တွင် တရုတ်နိုင်ငံ XINSHA ဆိပ်ကမ်း ဒေသစံတော်ချိန် ၁၇း၀၀နာရီတွင် သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်စဉ် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဂူသွင်းသင်္ဂြိုဟ်မည့်နေ့ရက်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်ထွန်း (မကွေးမြို့)

အသက်(၈၆)နှစ်

မကွေးမြို့၊ အလယ်ရပ်(ဦးထွန်း-ဒေါ်အေးခင်)တို့၏သမီး၊ (ဦးကြီးမြင့်-ဒေါ်ခင်ပု)တို့၏ညီမ၊ (ဦးညို)-ဒေါ်ခင်သိန်းထွန်း၊ ဦးမြင့်သိန်းထွန်း-ဒေါ်ခင်အေးကြူတို့၏အစ်မ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၃)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊အမှတ် ၇၈၃နေ ဦးညဏ်မြင့်-ဒေါ်ရီရီမြင့်၊ ဒေါ်အေးအေးဝင့် (တွဲဖက်ပါမောက္ခ၊ ရက္ခဗေဒဌာန၊ မအူပင်တက္ကသိုလ်)၊ ဦးအောင်အောင်စိုး(ဌာနမှူး၊ သင်တန်းရေးရာဌာန၊ ကလေးတက္ကသိုလ်)၊ ဦးအောင်ခိုင်စိုး၊ ဦးကျော်ကျော်နိုင်-ဒေါ်ခင်သီတာစိုး(ခေတ္တ-စင်ကာပူ)တို့၏မိခင်၊ (ဦးခင်မောင်စိုး၊ အငြိမ်းစား၊ စိုက်သိပ္ပံ/ပျဉ်းမနား)၏ဇနီး၊ မြေးသုံးယောက်တို့၏အဘွားသည် ၁၀-၁၂-၂၀၁၃ရက် ညနေ ၆နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးကံသိန်း

B.Sc (Zoology)

အရှေ့ရွှေဂုံတိုင်ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး(ငြိမ်း)

အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ တိုက် ၇၊ အခန်း ၀၀၆၊ အောင်ချမ်းသာအိမ်ရာ၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးထွန်းတင်-ဒေါ်သန်းသန်း)တို့၏သား၊ (ဦးဝင်းဇော်)-ဒေါ်ခင်ကြည်၊ (ဦးတင်စိန်-ဒေါ်ရှုမျှင်)၊ (ဦးကျော်-ဒေါ်မြကြည်)၊ ဦးသန်းမြင့်-ဒေါ်ခင်ခင်ထားတို့၏တူ၊ ဒေါ်နီနီဝင်း၏ခင်ပွန်း၊ ဦးထွန်းအောင်-ဒေါ်ခင်စောမြင့်၊ ဦးကျော်လှ-ဒေါ်ခင်အုန်းမြင့်(ခ)ဒေါ်ခင်မမအေးတို့၏မောင်၊ ဦးထွန်းရွှေ-ဒေါ်ခင်အေးတင့်၊ဒေါ်ခင်စန်းကြွယ်၊ ဦးအုန်းမြင့် - ဒေါ်ခင်သန်းနွယ်တို့၏အစ်ကို၊ မောင်သက်ဦး-မဇာဇာအိ၊ မောင်ညီညီလင်း၊ မောင်မျိုးဝင်း-မအိအိချော (မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း)တို့၏ဖခင်သည် ၁၁-၁၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက်၉း၁၅နာရီတွင်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

အသွင်ကူးပြောင်းစ ဒီမိုကရေစီလမ်းခရီးမှာ နိုင်ငံဖွံ့ဖြိုးရေး ယှဉ်တွဲဖော်ဆောင် အစိုးရနဲ့အတူ အချုပ်အခြာအာဏာရဲ့ မဏ္ဍိုင်ကြီးများ ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၁၁

ဒီဇင်ဘာ ၁၁ ရက် (၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၉ ရက်) တွင် ကျင်းပသည့် ၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံ စိန်ရတုအခမ်းအနားသို့ နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မဦးသိန်းစိန်က သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ချစ်ကြည်လေးစားအပ်ပါသောတိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-

ယနေ့ အခါသမယဟာ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲမှာ တစ်မျိုးသားလုံးရဲ့ စည်းလုံးညီညွတ်မှုကို နိုးထစေခဲ့သော ၁၃၀၀ ပြည့်ရေနံမြေအရေးတော်ပုံကြီးဖြစ်ပေါ်ခဲ့တဲ့ စိန်ရတုအခမ်းအနားနေ့ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၇၅ နှစ်က ဒီအချိန်မှာ နယ်ချဲ့ဆန့်ကျင်ရေးနဲ့အမျိုးသားရေးစိတ်ဓာတ်တွေဟာဖိနှိပ်မှုတွေကြားက ရဲဝံ့စွာ တွန်းလှန်ပေါ်ထွန်းလာခဲ့ပါတယ်။ ယခုလို ၇၅ နှစ်မြောက် သမိုင်းဝင် စိန်ရတုအခမ်းအနားမှာ မြန်မာနိုင်ငံတစ်ဝန်းလုံးက တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ မော်ကွန်းတင်ရစ်ခဲ့တဲ့ ၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံဟာ ကိုလိုနီနယ်ချဲ့တွေရဲ့ ဖိနှိပ်မှုအောက်ကနေ မိုင်ပေါင်း ၄၀၀ ခရီးရှည်ချီတက်ပြီး ရုန်းထပေါက်ကွဲခဲ့ကြတဲ့ အလုပ်သမားထုနှင့်အတူ တောင်သူလယ်သမားတွေ၊ ကျောင်းသားတွေ၊ ရဟန်းရှင်လူပြည်သူတွေ တစုတစည်းတည်းလက်တွဲတိုက်ပွဲဝင်ခဲ့ကြတဲ့ သမိုင်းမှတ်တမ်းလည်း ဖြစ်ပါတယ်။ မြန်မာတစ်မျိုးသားလုံးအတွက် နယ်ချဲ့လက်အောက်ကျွန်သပေါက်ဘဝမှ ရုန်းထွက်လွတ်မြောက်ပြီး လွတ်လပ်ရေးအိပ်မက်ကို စတင်မြင်မက်လာနိုင်အောင် ကန့်လန့်ကာဖွင့်ခဲ့တဲ့ လူထုလှုပ်ရှားမှုအရေးတော်ပုံကြီးပဲ ဖြစ်ပါတယ်။

ဒီ ၁၃၀၀ ပြည့် ရေနံမြေအရေးတော်ပုံက အစပြုလို့ အခြေတည်ခဲ့တဲ့ တစ်မျိုးသားလုံးစည်းလုံးညီညွတ်မှုနဲ့ ထက်သန်ပြင်းပြတဲ့ အမျိုးသားရေးစိတ်ဓာတ်ကြောင့်ပဲ ခက်ခဲကြမ်းတမ်းတဲ့ကာလတွေကိုကျော်ဖြတ်ပြီး လွတ်လပ်ရေး ရရှိခဲ့ပါတယ်။ သို့သော်လည်း ရပြီးဖြစ်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးကို လွတ်လပ်ရေးရရှိခဲ့ပြီးတဲ့နောက်မှာ ကြာရှည်စွာ ဆက်လက်ထိန်းသိမ်းနိုင်ခြင်းမရှိတာကြောင့် လက်နက်ကိုင်ပဋိပက္ခများ၊ နိုင်ငံရေးပါတီများရဲ့ အကွဲအပြဲများကိုတွေ့ကြုံခဲ့ရပြီး ယနေ့အချိန်အထိ တစ်မျိုးသားလုံးစည်းလုံးညီညွတ်မှုရအောင် ကြိုးစားတည်ဆောက်ရလျက် ရှိပါတယ်။ လွတ်လပ်ရေးမရမီကာလမှာ လွတ်လပ်ရေးအတွက် သွေးစည်းညီညွတ်ခဲ့ကြပေမယ့်လည်း လွတ်လပ်ရေး ရရှိပြီးတဲ့နောက်မှာ ဝါးအစည်းပြေသလို ဖြစ်ခဲ့ရတဲ့ အမျိုးသားညီညွတ်ရေး လျော့ရဲမှုကြောင့် နိုင်ငံရေးကိုအခြေခံတဲ့ ပဋိပက္ခတွေဟာသံသရာလည်နေခဲ့တာကိုလည်း တွေ့ကြုံခဲ့ကြရပါတယ်။

ဒီကနေ့ ဒီအချိန်မှာတော့ လွတ်လပ်ရေးရပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ *စာမျက်နှာ ၇ ကော်လံ ၁* ■

ဒီဇင်ဘာ ၁၁ ရက်က ပိုက်ကျော်ခြင်း အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်နေစဉ်။ (ဓာတ်ပုံ-စိုးညွန့်)

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

နေပြည်တော် ဒီဇင်ဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီမှ တင်ပြခဲ့သည့် အကျဉ်းထောင်/အလုပ်စခန်းများတွင် ထိုက်သင့်သောပြစ်ဒဏ်များကို ကျခံပြီးဖြစ်သော အကျဉ်းသား ၄၁ ဦးတို့အား နိုင်ငံတော်၏မေတ္တာနှင့် စေတနာကိုနားလည်ကြပြီး မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုးအတွက် အများပြည်သူနှင့်အတူ တာဝန်ထမ်းဆောင်သွားနိုင်စေရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၂၀၄(က)နှင့်အညီ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁)အရ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့မှစ၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုရရှိမှုဇယား

အဆင့်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	မြန်မာ	၁၈	၈	၁၀	၃၆
၂	ဗီယက်နမ်	၁၀	၅	၇	၂၂
၃	ထိုင်း	၆	၁၀	၄	၂၀
၄	အင်ဒိုနီးရှား	၅	၉	၁၀	၂၄
၅	မလေးရှား	၅	၅	၁၂	၂၂
၆	ဖိလစ်ပိုင်	၃	၅	၃	၁၁
၇	ကမ္ဘောဒီးယား	၂	၄	၇	၁၃
၈	စင်ကာပူ	၂	၂	၅	၉
၉	လာအို	၁	၅	၈	၁၄
၁၀	ဘရူနိုင်း	၁	၀	၁	၂
၁၁	တီမောလက်စ်တေ	၀	၀	၀	၀

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ထစ်ချုန်းမိုး

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

အမျိုးသမီးဘောလုံးပြိုင်ပွဲ၌ ပွဲကြည့်စင်များအလိုက် ဝင်ပေါက်များသတ်မှတ်

မန္တလေး ဒီဇင်ဘာ ၁၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မန္တလေးဇုန် အမျိုးသမီးဘောလုံးပြိုင်ပွဲကို မန္တလာသီရိအားကစားကွင်းကြီး၌ ကျင်းပလျက်ရှိရာ အားကစားဝါသနာရှင်မိဘပြည်သူ ညီအစ်ကိုမောင်နှမများအတွက် ဘောလုံးပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုရန်အတွက် လက်မှတ်များကို မန္တလေးမြို့ ဗထူးအားကစားကွင်းနှင့် သဇင်လမ်း၊ (၆၈)လမ်းနှင့် (၇၃)လမ်းကြားရှိ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းတို့တွင် ရောင်းချပေးလျက်ရှိရာ ထိုင်ခုံအရေအတွက်ကန့်သတ်မှုများရှိပြီး ပိုလျှံသောလက်မှတ်များကို ပြည်သူများသို့ အချိန်နှင့်တစ်ပြေးညီ ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးတန်းလက်မှတ်ဝယ်ယူထားသူများ၊ မီဒီယာများအနေဖြင့် အနောက်ဘက်(၇၃) လမ်းဝင်ပေါက်မှ ဝင်ရောက်ရမည် ဖြစ်ပြီး ယာဉ်များကိုလည်း အနောက်ဘက်ရှိ လေးထပ်ယာဉ်ရပ်နားစခန်းတွင် စနစ်တကျရပ်နားကြရမည်ဖြစ်သည်။ ထို့အပြင် မြောက်ဘက်၊ အရှေ့ဘက်နှင့် တောင်ဘက်ပွဲကြည့်စင်များမှ အားပေးသည့် ပရိသတ်များအတွက် အရှေ့ဘက် (၆၈) လမ်းဝင်ပေါက်မှ ဝင်ရောက်ကြရမည်ဖြစ်ပြီး (Social Zone) အမှတ်တရပစ္စည်း ရောင်းချသည့်နေရာအနီးရှိ ယာဉ်ရပ်နားစခန်းတွင် ယာဉ်များကို စနစ်တကျအပ်နှံကြရမည်ဖြစ်ကာ ဆိုင်ကယ်တစ်စီးလျှင် ငွေကျပ် ၂၀၀၊ ကားတစ်စီးလျှင် အပ်နှံခငွေကျပ် ၃၀၀ နှုန်းဖြင့် အပ်နှံနိုင်မည်ဖြစ်သည်။

ထိုင်ခုံများ၏ နောက်တွင်လည်း (N),(E),(W),(S) အစရှိသည့် အရပ်မျက်နှာပြအမှတ်အသားများဖြင့် ပြသထားမည်ဖြစ်ပြီး သတ်မှတ်ဝင်ပေါက်များမှ ဝင်ရောက်ကြရမည်ဖြစ်သည်။ ပရိသတ်များအတွက် သောက်သုံးရေ အဆင်ပြေစေရန် ၂၀ လီတာရေသန့်ဘူးကြီးများကိုလည်း အလွယ်တကူရယူသောက်သုံးနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

မီဒီယာများ

မြန်မာ့အလင်း

27th SEA GAMES
MYANMAR 2013
NAY PYI TAW

<၂၇>ကြိမ်မြောက်

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ

အထူးကဏ္ဍ

27th SEA Games Special

2013, December 12, Thursday

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား

သေနတ်ပစ်အားကစားပြိုင်ပွဲ ပထမနေ့ပွဲစဉ်များကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ သေနတ်ပစ်အားကစားပြိုင်ပွဲကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၌ ဒီဇင်ဘာ ၁၁ ရက် နံနက် ၈ နာရီ ၄၅ မိနစ်ကစတင်ကျင်းပခဲ့ရာ သေနတ်ပစ်အားကစားသမား မီတာ ၅၀ အမျိုးသားရိုင်ဖယ် (Rifle Prone Men) ၂၄ဦးတို့က ပြိုင်ပွဲအဖွင့် စတင်ဆိုင်းညှိပစ်ခတ်ခဲ့ကြပြီး နံနက် ၉ နာရီမှ ၉ နာရီ မိနစ် ၅၀ အထိ အသင်းလိုက် ကျည်အတောင့် ၆၀ ပစ်ခတ်ယှဉ်ပြိုင်ရာ ထိုင်းအသင်းက စုစုပေါင်း ရမှတ် ၁၈၄၁ ဒသမ ဝ မှတ်ဖြင့် ပထမဆုရရှိခဲ့ပြီး ဗီယက်နမ်အသင်းက စုစုပေါင်းရမှတ် ၁၈၃၇ ဒသမ ၆ မှတ်ဖြင့် ဒုတိယဆုရရှိခဲ့ကာ မြန်မာအသင်းက စုစုပေါင်းရမှတ် ၁၈၃၅ ဒသမ ၁ မှတ်ဖြင့် တတိယဆု အသီးသီးရရှိခဲ့ကြသည်။

ထို့နောက် သေနတ်ပစ်အားကစားသမားများက မဲနှိုက်ခဲ့ကြပြီး အဆိုပါ မဲနှိုက်ထားကြသောသူများထဲမှ မဲပေါက်ကြသူများအား Random ပြန်စစ်ဆေးကာ သေနတ်မှန်ဘီလူးစစ်ဆေးခြင်းများပြုလုပ်ခဲ့သည်။ အဆိုပါ Random စစ်ဆေးခြင်းမှာ သေနတ်ပစ်ပြိုင်ပွဲများ၏ ပြိုင်ပွဲတစ်ပွဲပြီးဆုံးတိုင်း Qualification (လက်ရည်စစ်)ခြင်းများ ပြုလုပ်ရခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ရှင်းပြခဲ့သည်။

ဆက်လက်၍ နိုင်ငံအလိုက်အသင်းပြိုင်ပွဲများမှ အမှတ်အများဆုံးရရှိထားကြသော ထိုင်းနိုင်ငံမှ UEAAREEATTAPON က စုစုပေါင်းရအမှတ် ၆၁၈ ဒသမ ၁ ဖြင့်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ SAHURUN က စုစုပေါင်းရမှတ် ၆၁၅ ဒသမ ၅ ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံမှ AUNG LIN က စုစုပေါင်းရမှတ် ၆၁၄ ဒသမ ၉ ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံမှ THUYA AUNG က စုစုပေါင်း ရမှတ် ၆၁၄ ဒသမ ၆ဖြင့် လည်းကောင်း၊ စင်ကာပူနိုင်ငံမှ LIM WEN YI ABEL က စုစုပေါင်း ရမှတ် ၆၁၄ ဒသမ ၃ ဖြင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံမှ NGUYEN THANH DAT ကစုစုပေါင်းရမှတ် ၆၁၂ ဒသမ ၂ ဖြင့်လည်းကောင်း၊ ထိုင်းနိုင်ငံမှ TORTUNGPANICHNAPIS က စုစုပေါင်းရမှတ် ၆၁၂ ဒသမ ၂ ဖြင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံမှ NGUYEN DUY HOANG က စုစုပေါင်းရမှတ် ၆၁၁ ဒသမ ၈ ဖြင့်လည်းကောင်း၊ အမှတ်အများဆုံးရရှိထားကြသော ရှစ်ဦးကိုအသီးသီး ရွေးထုတ်ခဲ့ကာ နံနက် ၁၁ နာရီခွဲတွင် (Final Shooting)က နောက်ဆုံးပစ်ပွဲစဉ်ဖြင့် တစ်ဦးချင်းအလိုက်ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ (Final Shooting) နောက်ဆုံးပစ်ပွဲစဉ်ဖြင့် တစ်ဦးချင်းအလိုက် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြရာတွင် ဗီယက်နမ်နိုင်ငံမှ NGUYEN THANH DAT က စုစုပေါင်းရမှတ် ၂၀၁ ဒသမ ၃ ဖြင့် ပထမဆုကိုလည်းကောင်း၊ ထိုင်းနိုင်ငံမှ TORTUNGPANICHNAPIS က စုစုပေါင်းရမှတ် ၂၀၀ ဒသမ ဝ ဖြင့်ဒုတိယဆုကိုလည်းကောင်း၊ စင်ကာပူနိုင်ငံမှ LIM WEN YI ABEL ကစုစုပေါင်းရမှတ် ၁၈၀ ဒသမ ၃ ဖြင့် တတိယဆုကိုလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။ ယနေ့ပြုလုပ်ခဲ့သော သေနတ်ပစ်အားကစားပြိုင်ပွဲများအတွင်း နိုင်ငံအလိုက်အသင်းပြိုင်ပွဲများမှ အသင်းလိုက်ယှဉ်ပြိုင်ခဲ့ကြသော ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် တစ်ဦးချင်းအလိုက်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ပထမဆု၊ ဒုတိယဆု၊ တတိယဆုများကို ဒီဇင်ဘာ ၁၃ ရက် ညနေတွင် ရွှေ၊ ငွေ၊ ကြေးတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံသေနတ်ပစ် အားကစားအဖွဲ့ချုပ်ထံမှ သိရသည်။





အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရွက်လှေပြိုင်ပွဲဖွင့်

ပုသိမ် ဒီဇင်ဘာ ၁၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ပုသိမ်မြို့ ငွေဆောင်ကမ်းခြေတွင် ကျင်းပသည့် ရွက်လှေပြိုင်ပွဲကို ဒီဇင်ဘာ ၁၁ ရက်က ဖွင့်လှစ်သည်။

အဆိုပါရွက်လှေပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား ၁၃ တန်းခွဲခြားယှဉ်ပြိုင်စေမည်ဖြစ်၍ မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်စသည့်နိုင်ငံများက အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ငွေဆောင်ရွက်လှေပြိုင်ပွဲကို ဒီဇင်ဘာ ၁၅ ရက်မှ ၂၀ ရက်အထိ ပြိုင်ပွဲအတန်းအလိုက် ဆက်တိုက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

"မြန်မာနိုင်ငံကိုယ်စားပြု ရွက်လှေအားကစားသမားများကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှစ၍ စခန်းသွင်းလေ့ကျင့်ပေးခဲ့ပြီး ဗြိတိန်နိုင်ငံသား နည်းပြဆရာဦးစီးကာ နည်းပြဆရာများနှင့် အစွမ်းကုန်လေ့ကျင့်ပေးထားကြောင်းနှင့် ပြိုင်ပွဲကျင်းပရေးပိုင်းတွင်လည်း မိမိတို့က အိမ်ရှင်နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပပေးနိုင်အောင်ဆောင်ရွက်ရသည့်အပြင် တစ်ဖက်ကလည်း မိမိနိုင်ငံ ရွက်လှေအောင်နိုင်ရေးကို အစွမ်းကုန်ကြိုးစားပြင်ဆင်ထားပါကြောင်း မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းက ပြောကြားသည်။**သူဇာနွယ်(ဖျာပုံ)**

ဆီးဂိမ်းပွဲတော်သို့ အသက် ၈၇ နှစ်အဘွား လာရောက်အားပေး

နေပြည်တော် ဒီဇင်ဘာ ၁၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ ဆီးဂိမ်းပြိုင်ပွဲကြီး၏ ဖွင့်ပွဲအခမ်းအနားကျင်းပရန် အကြိုလေ့ကျင့်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း ဒီဇင်ဘာ ၉ ရက် ညနေ ၅ နာရီက ကျင်းပရာ ရန်ကုန်မြို့မှ အသက် ၈၇ နှစ်အရွယ် အားကစားဝါသနာရှင်တစ်ဦးလည်း လာရောက်အားပေးခဲ့သည်။

"အဘွားရဲ့နာမည်က ဒေါ်တင်ဖြစ်ပါတယ်။ ရန်ကုန်ကနေ တကူးတက လာရောက်ပြီး ဆီးဂိမ်းပြိုင်ပွဲကြီးကို အားပေးတာပါ။ ဇရာက ထောင်းနေပြီဆိုတော့ နောက်တစ်ခါကျင်းပရင်လည်း ကြည့်ခွင့်ကြုံတော့မှာမဟုတ်ပါဘူး။ အဘွားတို့ငယ်ငယ်ကအားကစားသမားတွေ အများကြီးထွက်ပေါ်ခဲ့တယ်။ တကယ်လည်း တော်ကြတယ်။ နိုင်ငံတကာပြိုင်ပွဲတွေမှာလည်း ဆုတံဆိပ်တွေအများကြီးရခဲ့တယ်။ အားကစားကိုပြန်ပြီး အလေးထား ကျင်းပခွင့်ရတာကို ဂုဏ်ယူတယ်။ အဲဒီအတွက် လာကြည့်ရခြင်းဖြစ်ပါတယ်။ ရီဟာဇယ်ပွဲအပြင် ဖွင့်ပွဲပိတ်ပွဲအခမ်းအနားရော အခြားအားကစားပြိုင်ပွဲတွေမှာလည်း သွားကြည့်မှာပါ"ဟု အဘွားဒေါ်တင်က ရီဟာဇယ်ဖွင့်ပွဲသို့ သွားရောက်စဉ် ပြောပြသည်။ **ခင်ရတနာ**

ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးအတွင်း Free Shuttle Bus ပေါ်မှ မေ့ကျန်ပစ္စည်း ပိုင်ရှင်ထံပြန်ပေး

နေပြည်တော် ဒီဇင်ဘာ ၁၁

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဖွင့်ပွဲပိတ်ပွဲကျင်းပရာ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းသို့လာရောက်ကြည့်ရှုသူ ပရိသတ်တစ်ဦး၏ပစ္စည်းများကို Free Shuttle Bus ယာဉ်မောင်းနှင့် တာဝန်ရှိသူများက ပြန်လည်ပေးအပ်ခဲ့ကြသည်။

ထားဝယ်မြို့မှ ဆီးဂိမ်းပြိုင်ပွဲကို လာရောက်အားပေးသည့် ကိုသက်ပိုင်ထူးမှာ ဆီးဂိမ်းအမှတ်တရအကျႌများနှင့် အားပေးကြည့်ရှု၍ ပစ္စည်းများ ဝယ်ယူခဲ့ပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးအတွင်း အခမဲ့ပြေးဆွဲပေးလျက်ရှိသော Free Shuttle Bus ပေါ်တွင် မေ့ကျန်ခဲ့ခြင်းဖြစ်သည်။

"ကျွန်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီးရဲ့ ခမ်းနားတဲ့ ပြင်ဆင်မှုတွေကို ဓာတ်ပုံရိုက်နေရင်းကားပေါ်မှာ ကျွန်တော်သယ်လာတဲ့ ဆီးဂိမ်းအမှတ်တရပစ္စည်းထုပ် မေ့ကျန်ခဲ့တာဖြစ်ပါတယ်။ သက်ဆိုင်ရာဂိတ်ကို အကြောင်းကြားတော့ ဂိတ်ကတာဝန်ရှိသူတွေက ကျွန်တော့်ပစ္စည်းအိတ်ကို အတိအကျပြန်ပေးခဲ့လို့ကျေးဇူးတင်ပါတယ်။ အားကစားသမားတွေကလည်း ကိုယ့်နိုင်ငံဂုဏ်ဆောင်ဖို့ကြိုးစားတယ်။ ကျွန်တော်တို့လို ပရိသတ်ကြီးကလည်း အစွမ်းကုန်အားပေးမယ်။ ကျရာအခန်းက တာဝန်ထမ်းဆောင်နေကြတဲ့သူတွေကလည်း တာဝန်ကျေပွန်ပြီး နိုင်ငံ့ဂုဏ်ဆောင်ကြလို့ ကျွန်တော်အလွန်ဝမ်းသာပါတယ်"ဟု ကိုသက်ပိုင်ထူးက ပြောကြားသည်။

အဆိုပါ မေ့ကျန်ခဲ့သည့်ပစ္စည်းများကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်း အခမဲ့ပြေးဆွဲပေးလျက်ရှိသည့် ယာဉ်လေးစီး၏ ယာဉ်မောင်းကြီးကြပ်ရေးမှူးက ပိုင်ရှင်ဖြစ်သူထံ ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

သတင်း-ဖြိုးဖြိုးခိုင်
ဓာတ်ပုံ-ခင်ရတနာ

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ သေနတ်ပစ်အကဲဖြတ်ဒိုင်တစ်ဦးနှင့်တွေ့ဆုံခြင်း

ရန်ကုန် ဒီဇင်ဘာ ၁၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အပြည်ပြည်ဆိုင်ရာ သေနတ်ပစ်ကွင်းတွင် မြန်မာသေနတ်ပစ်အားကစားသမားများ အပါအဝင် မလေးရှား၊ ဖိလစ်ပိုင်၊ လာအို၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ် အာဆီယံနိုင်ငံများမှ သေနတ်ပစ် အားကစားသမားများ ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အပြင်းအထန်လေ့ကျင့်လျက်ရှိသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ သေနတ်ပစ်ကွင်းသို့ မြန်မာ့အလင်း သတင်းအဖွဲ့ရောက်ရှိရာ လေ့ကျင့်နေသူ အားကစားသမားများနှင့် အုပ်ချုပ်သူများ၊ အကဲဖြတ်ဒိုင်(Juri) ဂျူရီများ ကြီးကြပ်ဆောင်ရွက်နေကြသည်ကို တွေ့မြင်ခဲ့ရသည်။

သို့နှင့် မြန်မာ့အလင်းသတင်းအဖွဲ့က ၎င်းတို့၏ တာဝန်များအား အကွက်ချ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားသား အကဲဖြတ်ဒိုင်တစ်ဦးအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ဆရာရဲ့ အမည်နဲ့ရာထူးလေး သိချင်လို့ပါခင်ဗျာ။

ဖြေ။ ကျွန်တော် မလေးရှားနိုင်ငံသားပါ၊ International Shooting Sport Federation က အကဲဖြတ်ဒိုင် တစ်ဦးဖြစ်ပါတယ်။ ကျွန်တော့်နာမည်က Mr.Tan Hock Huat ဖြစ်ပါတယ်။

မေး။ ဟုတ်ကဲ့ခင်ဗျာ၊ ဒိုင်တစ်ဦးအနေနဲ့ ဆရာဘယ်နိုင်ငံ ဘယ်လိုပွဲတွေမှာ တာဝန်ယူခဲ့ရသလဲဆိုတာ ရှင်းပြပေးပါဆရာ။

ဖြေ။ ဟုတ်ကဲ့၊ ဒိုင်တစ်ဦး အနေနဲ့ World Cup၊ SEA Games၊ Asian Game နဲ့ နိုင်ငံပေါင်း ၆၀ ပြုလုပ်ကျင်းပမြဲဖြစ်တဲ့ Commonwealth Game တွေကို သွားခဲ့ပြီးပါပြီ။ ပြီးခဲ့တဲ့ အောက်တိုဘာလကုန်ကလည်း အီရန်နိုင်ငံရဲ့ မြို့တော်တီဟီရန်မှာ ကျင်းပတဲ့ (၆)ကြိမ်မြောက် IRANTEHRAN 6th ASIAN AIR GUN နဲ့ (၃၇)ကြိမ် မြောက် မလေးရှားနိုင်ငံ MALAYSIA 37th SOUTH - EAST ASIA SHOOTING ကိုလည်း သွားခဲ့ပါသေးတယ်။ အခုမြန်မာပြည်မှာ ကျင်းပတဲ့ (၂၇) ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကြီးပြီးဆုံးရင် ၂၀၁၄ ခုနှစ် ဧပြီလအတွင်း ကူဝိတ်နိုင်ငံမှာ ကျင်းပမယ့် 7th Asian Air Gunရှိတယ်။ အဲဒီအတွက် မတ်လလောက်ကတည်းက ကူဝိတ်နိုင်ငံကို ကြိုတင်ရောက်နေရမှာပါ။

မေး။ "အခုလက်ရှိ ဒီအပြည်ပြည်ဆိုင်ရာသေနတ်ပစ်ကွင်းလေ့ကျင့်နေကြသူတွေအပေါ် ဆရာ့အမြင်လေး ပြောပေးပါခင်ဗျာ။

ဖြေ။ လေ့ကျင့်နေကြတဲ့ မြန်မာအုပ်စုအပါအဝင်နိုင်ငံတိုင်းရဲ့ အုပ်စုလေ့ကျင့်မှုပုံစံတွေ ကောင်းမွန်ပါတယ်။ ဘယ်အုပ်စုကောင်းတယ်လို့ မပြောသင့်ဘူး။ နောက်ဆုံးအဆင့်ရောက်ရင် အဖြေထွက်နိုင်ပါတယ်။ ဆီးဂိမ်းကော်မတီက ရေးဆွဲထားတဲ့ စီမံကိန်းတွေ သဘောကျနှစ်သက်ပါတယ်၊ အဝတ်အစားဆင်ယင်ထားမှုကအစ စားသောက်နေထိုင်ရေးလည်း ကောင်းပါတယ်၊Park Royal ဟိုတယ်မှာ တည်းပါတယ်။ အဲဒီကနေ နံနက်တိုင်း တစ်ကီလိုမီတာ အကွာလမ်းလျှောက်ပါတယ်။ ရှုခင်းကလေးတွေ လှပပါတယ်။ မြန်မာနိုင်ငံကို အမြင်သစ်အနေနဲ့ ပထမဆုံးအကြိမ် ရောက်ရှိခြင်းပါပဲဟု ဖြေကြားခဲ့သည်။

၎င်းကို ဆီးဂိမ်းသေနတ်ပစ်ယှဉ်ပြိုင်ပွဲအတွက် မလေးရှားနိုင်ငံသား အကဲဖြတ်ဒိုင် Mr.Tan Hock Huat အပါအဝင် အခြားနိုင်ငံများမှ နိုင်ငံခြားသား အကဲဖြတ်ဒိုင် ၁၄ ဦးပါဝင်ပြီး ၎င်းတို့အား Asian Shooting Comfederation က ရွေးချယ်စေလွှတ်ခြင်းဖြစ်ကြောင်း သိရသည်။

သတင်း - စိုးဝင်း(SP)
ဓာတ်ပုံ - မျိုးမင်းသိန်း(မရမ်းကုန်း)

ပြိုင်ဆိုင်မှုပိုမိုမြင့်မားလာတော့မည့် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ

မောင်မောင်ထွေး

(၂၇)ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များကား တစ်ပွဲထက်တစ်ပွဲ ပြိုင်ဆိုင်မှု ပိုမိုမြင့်မားလာပါပြီ။

ပွဲဦးထွက်ပွဲစဉ်တွင် တစ်ယောက်လျော့ လာအိုကို ဦးဆောင်ဂိုးသွင်းယူပြီးမှ တစ်ဂိုးစီသရေရလဒ်ပြန်ဖြစ်သွားခဲ့ရသည့် စင်ကာပူက ပွဲဦးထွက်ပွဲစဉ်မှာ ဘရူနိုင်းကို ခုနစ်ဂိုးပြတ်ဖြင့် ပြိုင်ဘက်တွေကို ဟိန်းဟောက်ခြိမ်းခြောက်ပြီး ပွဲဦးထွက်လာသည့် ဗီယက်နမ်ကို ဒုတိယပွဲစဉ်မှာ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားသွားခဲ့မှု။

အလားတူ အုပ်စု(ခ) ပွဲဦးထွက်ပွဲစဉ်မှာ ထိုင်းကို တစ်ဂိုး- သုံးဂိုးဖြင့် အရေးနိမ့်ခဲ့ပြီး ဒုတိယပွဲစဉ်အရောက်မှာတော့ အိမ်ရှင်မြန်မာကို မထင်မှတ်ဘဲ သူတင်ကိုယ်တင် အကြိတ်အနယ်ကစားပြီး ပြိုင်ပွဲရဲ့ရလဒ်ကို အလှည့်အပြောင်းဖြစ်စေမည့် ပယ်နယ်တီဂိုးကြောင့်သာ တစ်ဂိုး-သုံးဂိုးဖြင့် ရှုံးနိမ့်သွားခဲ့ရသည့် မြန်မာနှင့်တီမောတို့၏ ပွဲစဉ်များကို လေ့လာကြည့်လျှင် တစ်ပွဲထက်တစ်ပွဲ ပြိုင်ဆိုင်မှုပိုမိုမြင့်မားလာသည်ကို တွေ့နိုင်ပေလိမ့်မည်။

လက်ရှိချန်ပီယံ မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ လာအိုနှင့် ဘရူနိုင်းတို့ ပါဝင်သော အုပ်စု(က) ပွဲဦးထွက်ပွဲစဉ်တွင် ဗီယက်နမ်က ဘရူနိုင်းကို ခုနစ်ဂိုးပြတ်ဖြင့် ပွဲထွက်လာပြီး စင်ကာပူက တစ်ယောက်လျော့ လာအိုကို ချေပဂိုးပြန်ပေးလိုက်ရပြီး တစ်ဂိုးစီ သရေရလဒ်သာ ကစားနိုင်ခဲ့၍ အဆိုပါ အုပ်စုတွင် မလေးရှားနှင့် ဗီယက်နမ်တို့သာ အကြိုဗိုလ်လုပွဲသို့ ခရီးနှင်နိုင်လိမ့်မည်ဟု မူလကထင်မြင်ယူဆမိသည်။

သို့သော် ဒုတိယပွဲစဉ်အရောက်တွင်မူ လက်ရှိချန်ပီယံ မလေးရှားက ဘရူနိုင်းကို နှစ်ဂိုးပြတ်၊ စင်ကာပူက ပွဲဦးခြေစွာခဲ့သူ ဗီယက်နမ်ကို တစ်ဂိုး - ဂိုးမရှိဖြင့် ပြန်အနိုင်ယူလိုက်ရာ တာထွက်မကောင်းခဲ့သော စင်ကာပူမှာ အဆိုပါအုပ်စုတွင် ရမှတ်လေးမှတ်ဖြင့် အခြေအနေအကောင်းဆုံး ဖြစ်သွားခဲ့သည်။

သို့ဖြင့် အုပ်စု(က)တွင် အင်အားကြီး လက်ရှိချန်ပီယံ မလေးရှား၊ ဗီယက်နမ်နှင့် စင်ကာပူတို့အပြင် အိမ်ဖြည့်မဟုတ်ဘဲ ဖျက်မျဉ်းအဆင့်ဖြစ်လာသူ လာအိုကိုလည်း ထည့်တွက်လာရတော့မည့် အခြေအနေပင်။ သို့မို့ကြောင့် လက်ကျန်ပွဲစဉ်များအနက် မလေးရှားနှင့် လာအို၊ မလေးရှားနှင့် စင်ကာပူ၊ လာအိုနှင့် ဗီယက်နမ်၊ မလေးရှားနှင့် ဗီယက်နမ်ပွဲစဉ်များမှာ ပြိုင်ဆိုင်မှုပို၍ပို၍ မြင့်မားလာတော့ပေမည်။

အိမ်ရှင်မြန်မာပါဝင်သည့် အုပ်စု(ခ)ပွဲစဉ်များတွင်မူ ဒုတိယပွဲစဉ်များကစားအပြီး၌ ကြိုတင်ခန့်မှန်းထားသည့်အတိုင်း အိမ်ရှင်မြန်မာ၊ ထိုင်းနှင့် အင်ဒိုနီးရှားအသင်းတို့၏ ထိပ်တိုက်တွေ့ဆုံမှုများကပင် နေပြည်တော်သို့ ချီရာလမ်းကိုဆုံးဖြတ်ပေးနိုင်မည့် အခြေအနေဖြစ်ပေါ်နေဆဲပင်။ တီမောက မြန်မာနှင့်တွေ့ဆုံမှုတွင် လှေကို လူးရုံသာလုပ်နိုင်ခဲ့၍ ကမ္ဘောဒီးယားနှင့် အတူ နှစ်ပွဲကစား နှစ်ပွဲရှုံး ရမှတ်သုညဖြင့် အိမ်ဖြည့်အသင်းများအဖြစ်သာ ဆီးဂိမ်းဘောလုံးပြိုင်ပွဲကို နှုတ်ဆက်ရလုနီးနီးဖြစ်သွားခဲ့ရသည်။

သို့မို့ကြောင့် ဒီဇင်ဘာ ၁၂ ရက်တွင် ထိုင်းနှင့်အင်ဒိုနီးရှား၊ ဒီဇင်ဘာ ၁၄ ရက်တွင် မြန်မာနှင့်ထိုင်း၊ ဒီဇင်ဘာ ၁၆ ရက်တွင် မြန်မာနှင့်အင်ဒိုနီးရှားတို့ပွဲစဉ်များတွင် မဟာပြိုင်ဘက်အသင်းများအနေဖြင့် နေပြည်တော်သို့ 'Go' ဖို့အရေးအတွက် သေချာစေမည့်အနိုင် Goal များ ရယူနိုင်ရန်သေရေးရှင်ရေးတစ်မျှ အရေးပါလာသည်။

ဆီးဂိမ်းဘောလုံးပြိုင်ပွဲသမိုင်းတွင် အအောင်မြင်ဆုံးဂုဏ်ပုဒ်ဖြင့် ရွှေခေတ်တစ်ခေတ်ကို ထူထောင်နိုင်ခဲ့သည့် မြန်မာဘောလုံးအသင်းကို "နေရစ်တော့ခေတ်ဟောင်း"ဟု ရာဇဝင်အတိတ်ဟောင်းတွင် ချန်ရစ်ထားခဲ့ပြီး ထိုင်းဘောလုံးအသင်း၏ ရွှေခေတ်ကို ၁၉၉၃ ခုနှစ်မှ အစပြု၍ တိုက်စစ်မြားဦးမှ တည်ထောင်ခဲ့သူ ယခုထိုင်းအသင်းနည်းပြ ကိုင်တီဆတ်ကတော့ မြန်မာကို အနိုင်ယူပြီး ပြိုင်ပွဲတွင်ရွှေတံဆိပ်ယူမည်ဟု သတင်းစာရှင်းလင်းပွဲတွင် ကြုံးဝါးနေပါပြီ။

သူ့ရဲ့ဟိန်းဟောက်ခြိမ်းခြောက်မှုက အိမ်ရှင်မြန်မာအတွက် မှုစရာမဟုတ်လောက်ပေမယ့် သတိထားဖို့တော့ လိုပါလိမ့်မည်။ ၁၉၇၃ ခုနှစ်မှာ နောက်ဆုံးအကြိမ်အဖြစ် ရွှေတံဆိပ်ဆွတ်ခူးခဲ့အပြီး နှစ်ပေါင်း ၂၀ အကြာ ၁၉၉၃ ခုနှစ်ဆီးဂိမ်းပြိုင်ပွဲမှာတစ်ကျော့ပြန်ဗိုလ်လုပွဲတက်ရောက်ခဲ့သည့် မြန်မာအသင်းသည် ယခုနည်းပြဖြစ်သူ ထိုင်းအသင်းတိုက်စစ်မှူး ကိုင်တီဆတ်၏ နောက်ကျအနိုင်ဂိုးကြောင့် ရွှေတံဆိပ်နှင့် လက်တစ်ကမ်းအလိုတွင် လွဲချော်ခဲ့ရသည့် မှတ်တမ်းရှိခဲ့ဖူး၍ ဖြစ်သည်။

အောင်ကျော်ကျော်(ဂိုး)၊ စောဘမြင့်၊ စိုးနိုင်၊ ရဲထွဋ်၊ ကြည်လွင်၊ တင်မြင့်အောင်၊ သန်းတိုးအောင်၊ ဝင်းအောင်၊ မျိုးလှိုင်ဝင်းတို့၏ မျိုးဆက်တစ်ဆက် ပါဝင်သည့် မြန်မာဘောလုံးအသင်းသည် မလေးရှားကို အုပ်စုကွင်း၊ အိမ်ရှင်စင်ကာပူကို အကြိုဗိုလ်လုပွဲတို့တွင် ကျော်ဖြတ်ခဲ့ပြီး ထိုင်းအသင်းကို ဗိုလ်လုပွဲတွင် ဗွေဆော်ဂိုးသွင်းယူကာ ပွဲပြီးခါနီးအထိ သုံးဂိုးစီဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ် ကိုင်တီဆတ်၏ ပွဲပြီးခါနီးနောက်ကျဂိုးကြောင့် မြန်မာအသင်းမှာ မြင်းကောင်းခွာလိပ်ဖြစ်သွားခဲ့ရသည်။

သို့သော် မြန်မာအသင်း၏ နှစ်ပေါင်းနှစ်ဆယ်အကြာ ပြန်လည်နိုးထလာမှုကို မြန်မာဘောလုံးပရိသတ်များနှစ်ထောင်းအားရ ဖြစ်ကြရသကဲ့သို့ ဒေသတွင်း မီဒီယာများ၏ အာရုံစိုက်မှုကိုလည်း ရယူနိုင်ခဲ့၏။ စင်ကာပူမီဒီယာများက မြန်မာအသင်း၏ တစ်ချိန်က ရွှေခေတ်ကို ပြိုင်ဘက်ကင်း ထူထောင်နိုင်မှုနှင့် အာရှတန်းဝင် ရွှေခေတ်မြန်မာဘောလုံးသမားများ အကြောင်းကို ပြန်ပြောင်းဖော်ထုတ်ပြပြီး"ဝမ်းမနည်းပါနဲ့ စင်ကာပူ"ဟူ၍ ခေါင်းတပ်ကာ အိမ်ရှင်စင်ကာပူဘောလုံးသမားများကို နှစ်သိမ့်ရေးသားပေးခဲ့ကြ၏။ "မြန်မာ ပြန်လာပြီ" ဟုလည်း ထောမနာပြုခဲ့ကြ၏။

တိုက်တိုက်ဆိုင်ဆိုင် နှစ်ပေါင်းနှစ်ဆယ် ထပ်မံအကြာ ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲတွင် ကိုင်တီဆတ်နည်းပြအဖြစ် တစ်ကျော့ပြန် ဦးဆောင်လာသော ထိုင်းအသင်းသည် အိမ်ရှင်မြန်မာနှင့်တစ်အုပ်စုတည်းပါဝင်လာပြီး မြန်မာအသင်း၏ နေပြည်တော်သို့ ချီရာလမ်းတွင် အဟန့်အတားတစ်ခုဖြစ်လာပေပြီ။ မြန်မာအသင်းနှင့် မြန်မာဘောလုံးပရိသတ်တို့၏ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်အကြာက ဝမ်းနည်းပူဆွေးမှုကို ပြန်လည်ပေးဆပ်ရန်နှင့်ရည်မှန်းချက်ပန်းတိုင်သို့အရောက်လှမ်းနိုင်ရန်မှာမူ ကျော်ဇေယျာဝင်း၊ ကြည်လင်းနှင့် ကျော်ကိုကိုတို့အပါအဝင် မျိုးဆက်သစ်တို့၏ တာဝန်တစ်ရပ်ဖြစ်ပေသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပွဲတွင် မြန်မာအသင်းက ကမ္ဘောဒီးယားအသင်းဘက်သို့ ဂိုးရရှိရန် ထိုးဖောက်နေမှုကို တွေ့ရစဉ်။

ငွေခေတ်ဘောလုံးအသင်း၏ Key Player တစ်ဦးဖြစ်ခဲ့သူ သန်းတိုးအောင် (ယခုဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာအမျိုးသမီး ဘောလုံးအသင်း အုပ်ချုပ်သူ) က "ကျွန်တော်တို့ မျိုးလှိုင်ဝင်းတို့ လက်ရှိအနေအထားမျိုးနဲ့ အရန်ခုံပေါ်မှာ ထိုင်ပေးရလောက်အောင်ကို ကွင်းထဲကသူတွေက ပိုကောင်းနေတဲ့အခြေအနေမျိုးရှိမှ မြန်မာအသင်း ချန်ပီယံပြန်ဖြစ်လိမ့်မယ်။ အားလုံးကြိုးစားစေချင်လို့ပြောတာပါ"ဟု ကစားသမားဘဝ ခြေစွမ်းထက်စဉ်က ပြောကြားဖူးသည်။

သို့မို့ကြောင့် လက်ရှိမြန်မာအသင်းကို ပြန်ပြောင်းသုံးသပ်ကြည့်လျှင် အပြီးသတ်ဂိုးသွင်း စွမ်းရည်ထက်မြက်လာသည်။

